yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ နယုန်လပြည့်ကျော် (၁၃)ရက် ၊ တနင်္လာနေ့ ၊ (23-6-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၅၄)

**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# ဧရာဝတီမြစ်အတွင်း ရေဘေးသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်မှုသရုပ်ပြသခြင်းအခမ်းအနား ကျင်းပ

**မန္တလေး ဇွန် ၂၂**

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနက ကြီးမှူးကျင်းပသည့် ဧရာဝတီမြစ်အတွင်း ရေဘေးသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်မှုသရုပ်ပြသခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ် ကမ်းနားလမ်း၂၂ လမ်းနှင့် ၂၆ လမ်းရှိ ဧရာဝတီရှုခင်းသာလွင်ပြင်တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား၊ကျောင်းသူများ၊လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပရာ ဇာတ်တိုက်လေ့ကျင့်မှုတွင် မိုးရွာသွန်းမှုများပြားလာ၍ ရေကြီးရေလျှံဖြစ်ပွားနိုင်ပြီး ကြိုတင်ပြင်ဆင်ထားရန် အသိပေးနှိုးဆော်ခြင်း၊ မီးသတ်ဦးစီးဌာနသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်အကူအညီတောင်းခံခြင်း၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊

**စာမျက်နှာ ၁၇ ကော်လံ ၁**


## တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးမည်

**နေပြည်တော် ဇွန် ၂၂**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ ဇွန် ၂၈ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊

**စာမျက်နှာ ၁၈ ကော်လံ ၁** ❖

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်၏ ဇွန် ၂၂ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ဇွန် ၂၃ ရက်မှ ၂၄ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ






ရတနာပုံ
၂၀၂၅ ခုနှစ် ဇွန် ၂၃ ရက်
အယ်ဒီတာ့အာဘော်

# အကြမ်းဖက်သမားများ၏ အဖျက်လုပ်ရပ်များကို ကန့်ကွက်ရှုတ်ချ

နိုင်ငံတော်၏တည်ငြိမ်အေးချမ်းမှုကို နှောင့်ယှက်ဖျက်ဆီးမှုဖြစ်စေသည့် အဓိကအကြောင်းရင်းတစ်ရပ်တွင် အကြမ်းဖက်လုပ်ရပ်များလည်း ပါဝင်ပေသည်။ ထိုကဲ့သို့သော လုပ်ရပ်များကို မည်သည့်လူ့ဘောင်အဖွဲ့အစည်းကမျှ လက်ခံကြမည်မဟုတ်ပေ။ ထို့ကြောင့် အကြမ်းဖက်လုပ်ရပ်ဟူသမျှကို ကန့်ကွက်ရှုတ်ချကြရမည်ဖြစ်ပေသည်။

PDF အမည်ခံအကြမ်းဖက်သမားများသည် အေးချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူများ ထိခိုက်ဒဏ်ရာရရှိစေရန်နှင့် အကြောက်တရားများလွှမ်းမိုးစေရန် ရည်ရွယ်၍ ပြည်သူများကို ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drone ဖြင့် Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်းများနှင့် အများပြည်သူသွားလာအသုံးပြုနေသည့်လမ်းများပေါ်၌ မိုင်းထောင်ထားခြင်း၊ ဖောက်ခွဲခြင်းများကို ဆင်ခြင်တုံတရားကင်းမဲ့စွာ ပြုလုပ်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဇွန် ၁၉ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ဝသုန္ဒရကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက အများပြည်သူထိခိုက်စေရန် ရည်ရွယ်၍ လက်နက်ကြီးဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လက်နက်ကြီးဖုံးသီးများမှာ ကျေးရွာအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် ကျေးရွာနေပြည်သူ ငါးဦး ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့ကြသည်။

ထို့ပြင် PDF အမည်ခံအကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့်အခွင့်အလမ်းများဆုံးရှုံးပြီး ပညာမဲ့လူတန်းစားများဖြစ်ပေါ်လာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများကို ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာအဆောက်အအုံများကို မီးရှို့ဖျက်ဆီးခြင်း၊ အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်းများကို ဥပဒေမဲ့လုပ်ဆောင်လျက်ရှိပေသည်။

ထိုကဲ့သို့ လုပ်ဆောင်မှုများသည် နိုင်ငံတော်တည်ဆောက်ရေးတွင် အလွန်အရေးပါသည့် ပညာရေးကဏ္ဍနှင့် လူ့စွမ်းအားအရင်းအမြစ်မွေးထုတ်ရေးတို့အပေါ် များစွာထိခိုက်စေပြီး အမှား၊ အမှန်၊ အဆိုး၊ အကောင်း ဝေဖန်ပိုင်းခြားတတ်အောင် သင်ကြားပေးသည့် ဆရာမများကို သတ်ဖြတ်ခြင်း၊ ဖမ်းဆီးခေါ်ဆောင်ခြင်း၊ ပညာရေးဆိုင်ရာအဆောက်အအုံများကို မီးရှို့ဖျက်ဆီးခြင်းတို့သည် မည်သို့မျှ လက်ခံနိုင်ဖွယ်ရာမရှိသည့်အကြမ်းဖက်လုပ်ရပ်များသာဖြစ်ပေသည်။

PDF အမည်ခံအကြမ်းဖက်သမားများသည် ယခုကဲ့သို့ စစ်ရေးနှင့်သက်ဆိုင်သောပစ်မှတ်မဟုတ်ဘဲ အပြစ်မဲ့အရပ်သားပြည်သူများ အေးချမ်းစွာနေထိုင်လျက်ရှိသော ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ အများပြည်သူ သွားလာလှုပ်ရှားနေသည့်နေရာများ၌ မိုင်းထောင်ဖောက်ခွဲခြင်းများကို ဆင်ခြင်တုံတရားကင်းမဲ့စွာ ပြုလုပ်ခဲ့မှုများကြောင့် အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိအောင် လုပ်ဆောင်ခဲ့သော အကြမ်းဖက်သမားများ၏ လုပ်ရပ်ကို ပြည်သူတစ်ရပ်လုံးက ကန့်ကွက်ရှုတ်ချကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ၁၁ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယောဂနေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်




**မန္တလေး ဇွန် ၂၂**

မန္တလေးမြို့အခြေစိုက် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်ရုံး၏ အစီအစဉ်ဖြင့် မန္တလေးမြို့တွင် ကျင်းပသည့် ၁၁ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ယောဂနေ့အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၂၁ ရက် နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်း Multipurpose Stadium ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့အခြေစိုက် အိန္ဒိယကောင်စစ်ဝန်ချုပ် H.E.Mr. Sundeep Kaushal နှင့် တာဝန်ရှိသူများ၊ စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အပြည်ပြည်ဆိုင်ရာ ယောဂနေ့ အမှတ်တရစကားကိုလည်းကောင်း၊ အိန္ဒိယကောင်စစ်ဝန်ချုပ်က အပြည်ပြည်ဆိုင်ရာ ယောဂနေ့အထိမ်းအမှတ် ကြိုဆိုနှုတ်ခွန်းဆက် စကားကိုလည်းကောင်း၊ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားကို လည်းကောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ အိန္ဒိယကောင်စစ်ဝန်ချုပ်နှင့် တက်ရောက်လာကြသူများက ယောဂနည်းပြဆရာကြီး ဦးလှည္စန့်နှင့်အတူ ယောဂကျင့်စဉ်ကို အတူတကွလေ့ကျင့်ခဲ့ကြပြီးနောက် ယောဂနည်းပြဆရာကြီးကို ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း၊ အပြည်ပြည်ဆိုင်ရာ ယောဂနေ့အထိမ်းအမှတ် အခမ်းအနားများကို မြန်မာနိုင်ငံတစ်ဝန်းတွင်လည်း ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# မြောင်မြို့နယ်တွင် နွေစပါးကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၈၄ ဒသမ ၉၈ တင်းထွက်ရှိ



**စစ်ကိုင်း ဇွန် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၇၁၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် မေလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၄ ဒသမ ၉၈ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"မြောင်မြို့နယ် နွေသီးနှံစိုက်ပျိုးရာသီက စပါး ၂၇၁၂ ဧကထိစိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့စပါးခင်းတွေ အခုလက်ရှိမှာတော့ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ စပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာ၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးတာ၊ သီးနှံတွေ ပျက်စီးဆုံးရှုံးမှုမရှိဖို့ ရိတ်သိမ်းပြီး စပါးတွေ အမိုးအကာအောက် အချိန်မီရောက်ရှိဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ခဲ့ပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်တွင် စပါးစိုက်တောင်သူများအနေဖြင့် တစ်ဧကအထွက်နှုန်း တိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တောင်သူပညာပေးသင်တန်းနှင့် ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း လိုအပ်သည့် သွင်းအားစုများ အချိန်မီရရှိရေးတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဒေးဒရဲမြို့နယ်တွင် ဒေသထွက် မျှင်ငါးပိများ အရောင်းအဝယ်ကောင်းမွန်နေ

**ဒေးဒရဲ ဇွန် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ဒေသထွက် မျှင်ငါးပိများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဒေးဒရဲမြို့နယ် ငါးပိ၊ ငါးခြောက် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြ၍ သိရသည်။

ဒေးဒရဲမြို့နယ်တွင် ဒေသထွက် မျှင်ငါးပိများ ယခုနှစ် ဇွန်လဒုတိယပတ်မှစ၍ နေ့စဉ်အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသထွက် မျှင်ငါးပိများ တစ်ရက်လျှင် ပိဿာချိန် ၃၅၀၀ မှ ၅၀၀၀ ထိ အရောင်းအဝယ် ကောင်းမွန်လျက် ရှိကြောင်း သိရသည်။

"လက်ရှိ မျှင်ငါးပိတွေက ဒေသတွင်းမှာကို အရောင်းအဝယ်ကောင်းနေတာပါ။ လက်ရှိ မျှင်ငါးပိတစ်ပိဿာလျှင် ငွေကျပ် ၂၅၅၀၀ ထိ ပေါက်ဈေးရှိနေပါတယ်။ ဒေးဒရဲမြို့နယ်က ထွက်ရှိတဲ့ ဒေသထွက်မျှင်ငါးပိတွေ ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်နဲ့ အခြားဒေသတွေကိုပါ တင်ပို့ရောင်းချနေပါတယ်။ အခုလက်ရှိမှာလဲ မျှင်ငါးပိတွေ ဝယ်ယူမှုများပြားပြီး အရောင်းအဝယ် ကောင်းမွန်နေပါတယ်။ ဒေသထွက် မျှင်ငါးပိတွေကို တင်ပို့တဲ့အခါမှာလဲ အခက်အခဲမရှိပါဘူး"ဟု ဒေးဒရဲမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

ဒေးဒရဲမြို့နယ်တွင် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက် မျှင်ငါးပိများကို အခြားဒေသများသို့ စနစ်တကျသန့်စင်ထုပ်ပိုးကာ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ မျှင်ငါးပိများ အရောင်းအဝယ် ကောင်းမွန်လာခြင်းကြောင့် ငါးပိ၊ ငါးခြောက် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုအဆင်ပြေလာကြောင်း ဒေးဒရဲမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ၂၀၂၅ ခုနှစ် မိုးရာသီ တိုင်းဒေသကြီးအဆင့် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲနှင့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**မန္တလေး ဇွန် ၂၂**

ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ၂၀၂၅ ခုနှစ် မိုးရာသီတိုင်းဒေသကြီးအဆင့် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲနှင့် ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားများကို ဇွန် ၂၁ ရက် နံနက်ပိုင်းက မန္တလေး - ပြင်ဦးလွင် - လားရှိုး ကားလမ်းဘေး မဟာအံ့ထူးကံသာ ဆုတောင်းပြည့်စေတီတော်အနီး (မိုင်တိုင်အမှတ်-၇၆ ကီလိုမီတာ အနီး)တွင် ကျင်းပရာ မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုများ တက်ရောက်ပြီး အတူတကွ စိုက်ပျိုးကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သတ်မှတ်နေရာတွင် ချယ်ရီပင်ကို စတင်စိုက်ပျိုးပေးပြီးနောက် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တက်ရောက် လာကြသူများက သတ်မှတ်နေရာ အသီးသီးတွင် ချယ်ရီပင်များကို အတူတကွ တပျော်တပါး စိုက်ပျိုးကြသည်။

အလားတူ ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့၏ နာယက တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးက သတ်မှတ်နေရာတွင် တက်ရောက် လာကြသူများနှင့်အတူ ချယ်ရီပင်များကိုစိုက်ပျိုးခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ချယ်ရီပင်များစိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ဂေဟစနစ်ထိန်းသိမ်းနိုင်ရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ သစ်တောဖုံးလွှမ်းမှု တိုးတက်လာစေရေး၊ သစ်တော ထိန်းသိမ်းရေးလုပ်ငန်းများမှာ ပြည်သူများမှ သစ်တော သစ်ပင်များ၏တန်ဖိုးကို နားလည်မြတ်နိုးသည့်စိတ်ဓာတ် ဖြစ်ပေါ်လာ၍ သစ်ပင်စိုက်ပျိုးခြင်းနှင့် သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို တက်ကြွစွာပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ယနေ့အခမ်းအနား၌ ချယ်ရီပင် ၈၂၅ ပင်ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေး-ပြင်ဦးလွင်လမ်းပိုင်း မိုင်တိုင်အမှတ် (၂၅/၀)နေရာသို့ရောက်ရှိပြီး လမ်းဘေးကမ်းပါး မြေပြိုကျပျက်စီးမှုများ မဖြစ်ပေါ်စေရေးအတွက် မြေချုပ်အားကောင်းသော အရိပ်ရအပင်ကြီးများ စိုက်ပျိုးသွားရေးတို့ကို တာဝန်ရှိသူများအား မှာကြား၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# ယင်းမာပင်ခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၅၃၅၅ ဧက စိုက်ပျိုးပြီးစီး

**ယင်းမာပင် ဇွန် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၅၃၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ် ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ခရမ်းစိုက်ခင်းကို တွေ့ရစဉ်။

ယင်းမာပင်ခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၉၆၉၈ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ယင်းမာပင်မြို့နယ်တွင် ၁၀၈၅ ဧက၊ ကနီမြို့နယ်တွင် ဧက ၂၉၉၀၊ ဆားလင်းကြီးမြို့နယ် တွင် ၅၂၅ ဧကနှင့်ပုလဲမြို့နယ်တွင် ၇၅၅ ဧက စုစုပေါင်း ၅၃၅၅ ဧက တို့ဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ဟင်းသီးဟင်းရွက် ဧက ၁၉၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ သခွား၊ မုန်လာထုပ် သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု ယင်းမာပင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ယင်းမာပင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# လဲချားမြို့နယ် နောင်နင်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**လဲချား ဇွန် ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်မည့် နောင်နင်းကျေးရွာ၌ စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၂၁ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လဲချားမြို့နယ် မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းက VDP စီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

နောင်နင်းကျေးရွာ၌ VDP စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ အသုံးပြုကာ လဲချားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှု တို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းမြင့်မိုရ်**

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ပခန်းစပါးတင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ ဇွန် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှရန်ကုန်ဈေးကွက်သို့ မေလအတွင်း ပခန်းစပါးတင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ်မှ ဆန်၊ စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဧပြီလအတွင်းက ပခန်းစပါးတင်းရေ ၆၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် မေလအတွင်း ပခန်းစပါးတင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ဓနုဖြူမြို့နယ်ကနေ ပြီးခဲ့တဲ့ တစ်လအတွင်း ပခန်းစပါးတင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဓနုဖြူမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို တင်ပို့တဲ့ ပခန်းစပါးတွေက အရည်အသွေး တော်တော်ကောင်းပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ပခန်းစပါးက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက် ဝယ်လက်တွေက ဝယ်ယူအားများနေလို့ တင်ပို့အားတက်ခဲ့တာ ဖြစ်ပါတယ်။ လက်ရှိစပါးဈေးကလဲ ကောင်းနေပါတယ်။ပြည်တွင်း ဆန်၊ စပါး ဈေးကွက်မှာကို ပခန်းစပါးက အဝယ်လိုက်နေတာပါ။ အခုလို ပခန်းစပါးဝယ်ယူမှု အားကောင်းနေလို့ တောင်သူတွေ၊ ကုန်သည်တွေ၊ ကုန်တင်ကုန်ချလုပ်သားတွေ အဆင်ပြေနေပါတယ်''ဟု ဓနုဖြူမြို့နယ်မှ ဆန်၊ စပါး ရောင်းဝယ်ရေး ပွဲရုံ ပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ပခန်းစပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၄၃၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ စပါးများအရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း ဆန်၊ စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်ရှင် ဒေါ်သူဇာဝင်းထံမှ သိရသည်။

**ကျော်ကျော်လင်း**



# အသက်၊ သွေး၊ ချွေးတို့ကို စတေး၍

## ချစ်နိုင်(စိတ်ပညာ)




**နိဒါန်း**


စာအုပ်မိတ်ဆက်ဟုခေါ်ခေါ်၊ စာအုပ်အညွှန်းဟု ဆိုဆို၊ ဤစာကို ယနေ့ခေတ်လူငယ်ထုများ သိမြင်နားလည်စေလိုသောစေတနာဖြင့် စာရေးသူ၏ ဆရာကြီးတစ်ဦးပြုစုခဲ့သည့် စာအုပ်တစ်အုပ်အကြောင်းကို ဖော်ညွှန်းပါရစေ။ စာရေးသူ၏ ဆရာဟုဆိုလျှင် ပြည့်စုံတိကျမည်မဟုတ်ပါ။ မိမိဘဝကို တိုးတက်ပြောင်းလဲအောင် တက္ကသိုလ်ကျောင်းသားဘဝတွင် ရန်ကုန်တက္ကသိုလ်ကျောင်းတော်ကြီးဝယ် ဆရာကြီးက စိတ်ပညာသင်ခန်းစာများ သင်ကြားပေးခဲ့ပါသည်။

မိမိလုပ်ငန်းခွင် ဌာနကြီးတစ်ခု၌ အမှုဆောင်အရာရှိချုပ်တာဝန် ထမ်းဆောင်ခဲ့ရစဉ်ကလည်း **"ဆရာကြီး ဒေါက်တာကျော်စိန်"** နှင့် ဦးအုန်းဖေ (တက္ကသိုလ်တုန်းက ဆရာရင်း၊ တပည့်ရင်းများအဖြစ် လေးစားချစ်ခင်ခဲ့ရသည်)နှင့် စာရေးဆရာကြီးများ၊ ကျော်အောင်၊ မောင်မြင့်ကြွယ်၊ လေးမြိုင်၊ သမိန်သောင်း၊ တက္ကသိုလ်လှကြွယ် ခုနစ်ဦးတို့ကို လစဉ်ဖိတ်ကြားကာ လမ်းညွှန် သုံးသပ်သြဝါဒခံယူပါသည်။ မိမိတို့က စားစရာမုန့်၊ သစ်သီး၊ အဝတ်အစား၊ ပုဆိုး၊ အင်္ကျီမျှသာ ကန်တော့ခဲ့ရပါသည်။

မငြိုမငြင်အပင်ပန်းခံကာ လစဉ်လာပြီး မိမိထုတ်လုပ်ခဲ့သော တစ်လတာအတွင်း စာနယ်ဇင်းများကို စာလုံးပေါင်း၊ သတ်ပုံ၊ အရောင်အသွေး၊ အလေးအပေါ့၊ အနေအထားမှစ၍ သုံးသပ်ဝေဖန်ပေးခဲ့ကြသဖြင့် နှစ်နှစ်တာကာလအတွင်း ထုတ်ကုန်သုံးဆ၊ လေးဆ၊ အရည်အသွေးအရ ဈေးကွက်မှာထိရောက်ကျယ်ပြန့်ခဲ့ပါ၏။ မဖော်ပြနိုင်လောက်အောင် ဆရာကြီးတို့၏ ဘဝအတွေ့အကြုံ၊ အမြော်အမြင်၊ အကြံအား၊ ဉာဏ်စွမ်းအားဖြင့် မိမိတို့ကြိုးစားမှုတို့ကြောင့် စာပေကောင်းကျိုးကို ပိုမိုသယ်ပိုးဆောင်ရွက်နိုင်ခြင်း ကျေးဇူးရှိခဲ့ပါသည်။

**ဒေါက်တာကျော်စိန်**သည် စိတ်ပညာဆိုင်ရာ ဘာသာရပ်များသာမက **"ဇော်ဋီကာ"**ကဲ့သို့ သုတေသနကျမ်းစာပေဆိုင်ရာကိုလည်း ထူးခြားစွာ ပြုစုခဲ့သော ဆရာကြီး ဖြစ်ပါ၏။ မိမိ၏ကျေးဇူးရှင်ဆရာကြီး ဒေါက်တာကျော်စိန်ပြုစုခဲ့သော ၁၉၉၃ ခုနှစ် စာပေဗိမာန်ထုတ် **"တို့ချစ်သည့် တို့နိုင်ငံတော်"**စာအုပ်သည် ၂၀၂၀ခုနှစ် ဒီဇင်ဘာလတွင် စိတ်ကူးချိုချိုတိုက်က ပြန်လည်ရိုက်နှိပ်သည်ကို တွေ့ရပါ၏။ နှစ်ပေါင်း ၃၀ ကျော်က စာအုပ်ကား ရိုးမသွား၊ ခေတ်နောက်ကျမသွားဘဲ တောက်ပလတ်ဆတ်သော မရိုးမအီနိုင်သည့် အဖိုးတန်အနှစ်သာရများကို ဖတ်ရှုရပြန်ပါ၏။ သို့ဖြစ်ပါ၍ အခန်း (၇)ခန်းပါသော ဤစာအုပ်၏ အခန်း (၁) မှ စာပိုဒ်တချို့ ကောက်နုတ်တင်ပြအပ်ပါသည်။

မြန်မာပြည်သည် အရှေ့တောင်အာရှတွင် တည်ရှိ၍ တောင်ထူထပ်ပြီး ပူအိုက်စွတ်စိုသော ရာသီဥတုရှိသည်။ ချမ်းသာသော စိုက်ပျိုးရေးဒေသတစ်ခုဖြစ်၍ ပိုလျှံသော စားနပ်ရိက္ခာတို့ကို ထုတ်ကုန်အဖြစ် ရောင်းချနိုင်သော အာရှတိုက်ရှိ နိုင်ငံအနည်းငယ်တွင် တစ်ခုအပါအဝင်ဖြစ်သည်။ မြန်မာပြည်၏ အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်၊ အရှေ့ပါကစ္စတန် (ယခု ဘင်္ဂလားဒေ့ရှ်)နှင့် အိန္ဒိယပြည်တို့ရှိ၍ အရှေ့ဘက်တွင် တရုတ်၊ လာအိုနှင့် ထိုင်းနိုင်ငံတို့ရှိသည်။ မြန်မာပြည်၏ အကျယ်အဝန်းမှာ စတုရန်းမိုင် ၂၆၀၀၀၀ ခန့်ရှိ၍ အမေရိကန်ပြည်ထောင်စုမှ တက္ကဆက်ပြည်နယ်နှင့် အကျယ်အဝန်းတူညီသည်။ လူဦးရေမှာ သန်း ၂၀ ခန့်ဖြစ်၍ တက္ကဆက်လူဦးရေထက် နှစ်ဆကျော်ကျော်ရှိသည်။ ထို့ကြောင့် အာရှတိုက် စံချိန်အရသော် မြန်မာပြည်သည် လူဦးရေထူထပ်ခြင်းမရှိဟု ဆိုနိုင်သည်။



မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ

မြန်မာပြည်သည် စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံဖြစ်၍ ဆန်စပါး၊ မြေပဲ၊ ပြောင်း၊ ပဲအမျိုးမျိုး၊ ဝါတို့ထွက်သည်။ မြန်မာပြည်မှထွက်သော ကျောက်သံပတ္တမြားတို့သည် ထင်ရှားသည်။ တနင်္သာရီကမ်းရိုးတန်းတစ်ဝိုက်တွင် ရော်ဘာနှင့်ခဲမဖြူ၊ အဖြိုက်နက်၊ သွပ်၊ ငွေတို့ထွက်သည်။ မြန်မာနိုင်ငံမှထွက်သော ကျွန်းသစ်သည် ကမ္ဘာကျော်ဖြစ်သည်ဟု ပထမစာအုပ်တွင် ရေးထားပါသည်။ (It is a rich agricultural area and one of the few Asian nations to export food surpluses.)ဟူသောစကား (The forest furnish lumber, of which teak wood is important) ဟူသောစကားတို့မှာ ဖြစ်ရပ်အမှန်အတိုင်း၊ အရှိကို အရှိအတိုင်း ရေးသားချက်သာဖြစ်ပေသည်။ ဤအချက်တို့ကို ထောက်ရှုသော် သယံဇာတပေါကြွယ်ဝ၍ စားနပ်ရိက္ခာအတွက် မပူပင်ရသော တို့နိုင်ငံတော်အတွက် ကျွန်ုပ်တို့ ဂုဏ်မယူဘဲ မနေနိုင်ပေ။

ပညာတတ်များ၊ အရွယ်ရောက်ပြီးသူများအတွက် ရည်စူးသော ဒုတိယစာအုပ်ဖြစ်သည့် "ကမ္ဘာ့ပြက္ခဒိန်နဲ့ အချက်အလက်မှန်များ" စာအုပ်တွင်ကား အောက်ပါအတိုင်းတင်ပြထား၏။ "ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ၁၉၈၉ ခုနှစ် ခန့်မှန်းခြေအရ လူဦးရေမှာ ၃၉၈၉၃၀၀၀၊ ၃၉ သန်းကျော်ရှိ၍ လူဦးရေသိပ်သည်းမှုမှာ တစ်စတုရန်းမိုင်လျှင် ၁၅၂ ဦးဖြစ်သည်။ နိုင်ငံအကျယ်အဝန်းဧရိယာမှာ ၂၆၁၇၈၉ စတုရန်းမိုင်ဖြစ်၍ တက္ကဆက်ပြည်နယ်နီးပါးဖြစ်သည်။ အဓိကထွက်ကုန်များမှာ ဆန်စပါး၊ ပဲအမျိုးမျိုး၊ ပြောင်း၊ နှမ်း၊ ဝါ၊ ကျွန်းသစ်၊ ငွေ၊ ဘော်၊ ခဲမဖြူ၊ အဖြိုက်နက်နှင့် ကျောက်သံပတ္တမြားတို့ဖြစ်သည်"ဟု ဖော်ပြထားပေသည်။

သို့ရာတွင် အထွန့်တက်ထားသော အချက် တစ်ချက်ကား "၁၉၀၈ ခုနှစ်တွင် တစ်ချိန်က အရှေ့တောင်အာရှ၌ အချမ်းသာဆုံးနိုင်ငံတို့တွင် အပါအဝင်ဖြစ်ခဲ့သည့် မြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂ၏ ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့သည်"ဟု ရေးသားဖော်ပြထားရာ အကြောင်းကြောင်းကြောင့် ဖွံ့ဖြိုးမှုအနိမ့်ဆုံးအဖြစ်ခံယူသော်လည်း တစ်ချိန်က အချမ်းသာဆုံး နိုင်ငံစာရင်းတွင် ပါဝင်သည်ဟူသောအချက်ကိုမူ ဖုံးကွယ်ထား၍မရခဲ့ပေ။ ကမ္ဘာ့စီးပွားရေးဟူသည် သစ်ငုတ်မြင့်တုံ မြက်မြင့်တုံ၊ မှန်ကင်းတစ်လှည့်၊ ထင်းတစ်လှည့်ဖြစ်ပေရာ လောကဓံတရား၏သဘာဝကို ဉာဏ်အမြင်တွင်ဆင်ခြင်၍ သံဝေဂတင်စရာသာ ဖြစ်ပေသည်။

မြန်မာနိုင်ငံ၏ အကျယ်အဝန်းဧရိယာ၊ လူဦးရေပမာဏနှင့်လူဦးရေသိပ်သည်းမှုတို့ကို အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်သောအခါ ပုံ(၁)နှင့် ဇယား(၁)တွင် ဖော်ပြထားသည့်အတိုင်းတွေ့ရသည်။ ဧရိယာအကျယ်အဝန်းကို နှိုင်းယှဉ်ပါက တရုတ် ပထမ၊ အိန္ဒိယ ဒုတိယ၊ မြန်မာက တတိယ ဖြစ်ပေသည်။ သို့သော် လူဦးရေတွင်မူ တရုတ်က ပထမ၊ အိန္ဒိယက ဒုတိယ၊ ဘင်္ဂလားဒေ့ရှ်က တတိယ၊ ထိုင်းက စတုတ္ထဖြစ်၍ မြန်မာက ပဉ္စမနေရာတွင် ရှိပေသည်။ လူဦးရေသိပ်သည်းမှုကို နှိုင်းယှဉ်ကြည့်သည့်အခါ ဘင်္ဂလားဒေ့ရှ်က ပထမ၊ အိန္ဒိယက ဒုတိယ၊ တရုတ်က တတိယ၊ ထိုင်းက စတုတ္ထ၊ မြန်မာက ပဉ္စမဖြစ်ပေသည်။ ဤဇယားအရသော် မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံတို့နှင့် နှိုင်းယှဉ်ပါက မြေဧရိယာအကျယ်အဝန်းတွင် တတိယ၊ လူဦးရေသိပ်သည်းမှုမှာ ပဉ္စမဖြစ်သောကြောင့် လူဦးရေတိုးပွားမှာကို စိုးရိမ်စရာမလိုဘဲ ချောင်ချောင်ချိချိ၊ သက်သောင့်သက်သာနေနိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း ထင်ရှားသိသာပေသည်။

စာပေဗိမာန်ထုတ်၊ **မြန်မာ့စွယ်စုံကျမ်း** (အတွဲ-၇)၊ စာမျက်နှာ ၁၅၅ တွင် ဖော်ပြထားသည်မှာ "ပြည်ထောင်စုမြန်မာနိုင်ငံသည် ၂၆၁၇၈၉ စတုရန်းမိုင်ကျယ်ဝန်းသည်။ (အကြမ်းအားဖြင့်ဗြိတိသျှကျွန်းစု၏ နှစ်ဆကျော်ကျော် ကျယ်ဝန်း၏) မြောက်မှတောင်သို့ မိုင်ပေါင်း ၁၃၀၀ ခန့်ရှိ၍ အရှေ့မှအနောက်သို့ မိုင်ပေါင်း ၇၀၀ ခန့်ရှိသည်။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ လူဦးရေမှာ ၁၉၅၆ ခုနှစ် ခန့်မှန်းခြေ သန်းခေါင်စာရင်းအရ ၁၉၈၅၅၅၆၀ ဖြစ်သည်"ဟု ဖော်ပြထားပေသည်။ လူဦးရေနှင့်ပတ်သက်၍ နောက်ဆုံးသတင်းအချက်အလက်တို့ကိုမူ စာပေဗိမာန်ထုတ် ၁၉၈၉ ခုနှစ်အတွက် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်စာအုပ်တွင် အောက်ပါအတိုင်း အသေးစိတ်ဖော်ပြထားပေသည်။

"မြန်မာနိုင်ငံ၏ လူဦးရေသည် ၁၉၈၇-၁၉၈၈ ခုနှစ်တွင် (၃၈ ဒသမ ၆၀ သန်း)ရှိမည်ဟု ခန့်မှန်းသည်။ ၁၉၈၇-၁၉၈၈ ခုနှစ်တွင် ယောကျ်ားဦးရေ(၁၉ ဒသမ ၁၄ သန်း)နှင့် မိန်းမဦးရေ (၁၉ ဒသမ ၄၆ သန်း)ရှိမည်ဟု ခန့်မှန်းသည်။ အသက် ၁၃ နှစ်အောက် ကလေးဦးရေသည် (၁၃ ဒသမ ၉၀ သန်း) (၃၆ ရာခိုင်နှုန်း)၊ အသက် (၁၅-၁၉) ကြား အလုပ်လုပ်နိုင်သောအရွယ်ရှိ လူဦးရေသည် (၂၂ ဒသမ ၀၃ သန်း) (၅၇ ဒသမ ၀၈ ရာခိုင်နှုန်း)၊ အသက် ၆၀ နှစ်နှင့်အထက်ရှိသူသက်ကြီးဦးရေသည် (၂ ဒသမ ၆၇ သန်း) (၆ ဒသမ ၉၂ ရာခိုင်နှုန်း)ရှိသည်။ အလုပ်လုပ်ကိုင်လျက်ရှိသူဦးရေမှာ (၁၅ ဒသမ ၈၃ သန်း)ရှိသည်ဟု ခန့်မှန်းသည်"

**❖မိမိ၏ကျေးဇူးရှင်ဆရာကြီး ဒေါက်တာကျော်စိန်ပြုစုခဲ့သော ၁၉၉၃ ခုနှစ် စာပေဗိမာန်ထုတ် "တို့ချစ်သည့် တို့နိုင်ငံတော်" စာအုပ်သည် ၂၀၂၀ ခုနှစ် ဒီဇင်ဘာလတွင် စိတ်ကူးချိုချိုတိုက်က ပြန်လည်ရိုက်နှိပ်သည်ကို တွေ့ရပါ၏။ နှစ်ပေါင်း ၃၀ ကျော်က စာအုပ်ကား ရိုးမသွား၊ ခေတ်နောက်ကျမသွားဘဲ တောက်ပလတ်ဆတ်သော မရိုးမအီနိုင်သည့် အဖိုးတန်အနှစ်သာရများကို ဖတ်ရှုရပြန်ပါ၏။ ❖**

**မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံတို့၏ အကျယ်အဝန်းဧရိယာ၊ လူဦးရေပမာဏနှင့် လူဦးရေသိပ်သည်းမှုတို့ကို နှိုင်းယှဉ်ပြဇယား**

| နိုင်ငံ | ဧရိယာ | လူဦးရေ | သိပ်သည်းမှု |
|---|---|---|---|
| တရုတ် | ၃၇၀၅၃၉၀ | ၁၀၆၉၆၂၈၀၀၀ | ၂၈၈ |
| အိန္ဒိယ | ၁၂၆၆၅၆၉ | ၈၃၃၄၂၂၀၀၀ | ၆၅၈ |
| မြန်မာ | ၂၆၁၇၈၉ | ၃၉၈၉၃၀၀၀ | ၁၅၂ |
| ထိုင်း | ၁၉၈၄၅၆ | ၅၅၀၁၇၀၀၀ | ၂၇၇ |
| လာအို | ၉၁၄၂၈ | ၃၉၂၃၀၀၀ | ၄၂ |
| ဘင်္ဂလားဒေ့ရှ် | ၅၅၅၉၈ | ၁၁၂၇၅၃၀၀၀ | ၂၀၂၈ |

တို့နိုင်ငံတော်၏ သယံဇာတများနှင့်ပတ်သက်၍ ၁၉၈၈ ခုနှစ် ဒီဇင်ဘာ ၄ ရက်ထုတ် **လုပ်သားပြည်သူ့နေ့စဉ်**တွင် ဆောင်းပါးရှင် မျိုးထက်က အောက်ပါအတိုင်း တင်ပြခဲ့သည်။

"ကျောက်စိမ်းဆိုလျှင် ကမ္ဘာ့အကောင်းဆုံးသော အမျိုးအစားမှာ မြန်မာတစ်နိုင်ငံတည်းမှပင် ထွက်ရှိသည်။ ၎င်းအမျိုးအစားမှာလည်း ကချင်ပြည်နယ် ကာမိုင်း၊ ဖားကန့်ဒေသတွင်ရှိသည်။ ရှမ်းကုန်ပြင်မြင့်ဒေသနှင့် ချင်းတွင်းမြစ်ဝှမ်းတွင် ကမ္ဘာ့အဆင့်မီ ကျောက်မီးသွေးများထွက်ရှိသည့်အပြင် ဘော်၊ ငွေနှင့် ခဲများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူဒေသတွင် တွေ့ရှိပါသည်။ တန်ဖိုးကြီးရှားပါးသော သံဖြူနှင့် တန်စတင်သတ္တုအမျိုးအစားကို တနင်္သာရီကမ်းမြောင်ဒေသ၊ ရမည်းသင်းနှင့် ကယားပြည်နယ်ဒေသတို့တွင်လည်းကောင်း၊ မြန်မာပြည်မြောက်ပိုင်းနယ်စပ်ဒေသများတွင် လည်းကောင်း၊ ကယားပြည်နယ် မော်ချီးဒေသတွင်လည်းကောင်း၊ သံလွင်မြစ်ဝှမ်းဒေသတွင်လည်းကောင်း တွေ့ရှိရပါသည်။ ထို့ပြင် ရှာဖွေစူးစမ်းဆဲနှင့် တူးဖော်ခြင်းမပြုရသေးသည့် မြေအောက်၌ဆိုလျှင် အဖိုးတန်လှသော ကြေးနီ၊ ကျောက်မီးသွေး၊ သံ၊ သွပ်၊ သံဖြူ၊ ငွေ၊ ခနောက်စိမ်း၊ အဖြိုက်နက်များ အမြောက်အမြားရှိကြောင်း နိုင်ငံခြားမှ သုတေသီများ၏ တိုင်းတာရှာဖွေတွေ့ရှိချက်များအရ သိရပါသည်။

သို့သော် ၎င်းမြေအောက် သယံဇာတများမှာ ရှိကြောင်းလောက်သာသိရပြီး တူးဖော်ရေးအတွက်မူ အမျိုးမျိုးသောအခက်အခဲများနှင့် ရင်ဆိုင်နေရပေသည်။ မြန်မာနိုင်ငံ၏ ရေမြေတောတောင် သဘာဝနှင့် ပထဝီအနေအထားအရသော်လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ရာသီဥတု ကန့်သတ်ချက်များအရ သော်လည်းကောင်း အကြောင်းကြောင်းများကြောင့် နိုင်ငံပိုင်နက်အတွင်းရှိ အဖိုးတန်သယံဇာတများကို ပြည့်ဝစွာ ထုတ်လုပ်နိုင်မှု မရှိခဲ့ပေ" ဟု ဆောင်းပါးရှင်က တင်ပြခဲ့ပေသည်။

ဆက်လက်ဖော်ပြပါမည်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၆၇၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ချောင်းဦး ဇွန် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၆၇၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ပဲစင်းငုံဧက ၂၀၃၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ၂၆၇၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ပဲစင်းငုံသီးနှံ ဧက ၂၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ဒီနေ့ထိ ၂၆၇၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲစိုက်ပျိုးကြပါတယ်"ဟု ချောင်းဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ယခုနှစ် ချောင်းဦးမြို့နယ်တွင် ပဲစင်းငုံစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး၊ အထွက်နှုန်းကောင်းမွန်စေရေးတို့အတွက် ကွင်းဆင်းအသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပဲစင်းငုံစိုက်တောင်သူများကို ရွက်ဖျန်းမြေဩဇာ ဝယ်ယူမှုသက်သာလျော့ချနိုင်စေရန်အတွက် ယူရီးယားနှင့် လက်ချားဓာတ်မြေဩဇာ ပေါင်းစပ်သုံးစွဲသည့် နည်းပညာများ ဖြန့်ဝေပေးလျက်ရှိပြီး ယူရီးယားနှင့် လက်ချားဓာတ်မြေဩဇာ ပေါင်းစပ်သုံးစွဲနည်းကြောင့် စိုက်ပျိုးစရိတ်သက်သာပြီး အပင်များ ပိုးမွှားကင်းစင်ကာ အပင်ဖြစ်ထွန်းမှုကောင်းမွန်ကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။

(၂၀၆)

## တနိုင်းမြို့နယ် ရေနံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တနိုင်း ဇွန် ၂၂**

ကချင်ပြည်နယ် တနိုင်းခရိုင် တနိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မိုင်းခွန်ကျေးရွာအုပ်စု ရေနံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများ နဝမကြိမ်မြောက် ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တနိုင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မျိုးက ရေနံကုန်းကျေးရွာရှိ ကျေးလက်နေပြည်သူများမိသားစုဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်းရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၅၅ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရေနံကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၃ ဦးကို နဝမကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၅၅ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မောင်ခိုင်

## မုန်တိုင်းထန်စေ လောကဓံရေ

- မုန်တိုင်းထန်ထန်ကြား
လူးလွန့်သွား အာဂလူ၊
ရန်အစွယ် မြားမြောင်လည်း
လဲမကျစေသူ၊
ယိမ်းယိုင်က ပြန်တည့်ထူ
လှိုင်းထန်ဟူ လေကပြင်း၊
အားခဲကာ ကျော်ဖြတ်မှ
အသက်ရှင်ခြင်း။

- လောကဓံ အန်တုရင်း
စိတ်ကိုတင်း လျှောက်ကြရင်၊
မဝေးသော အောင်မြင်ခြင်းက
ကြုံရင်းသာပင်၊
အခက်ခဲက ရှိမှာသင်
ဖွဲနှင့်ယှဉ် မာန်ပါမှ၊
လုပ်ဆောင်ရာ အသွယ်သွယ်က
ရည်ရွယ်ရာဗျ။

- လက်တွေ့သာ အကောင်အထည်ဖော်ကြ
ဘဝလှ အမြဲယုံ၊
ကောင်းအောင်သာ ကြိုးစားပြု
ကောင်းမှုအဖုံဖုံ၊
ယုံကြည်ချက် ရှိကြအစုံ
သည်ဇာတ်ခုံ ဘဝအေး၊
ကြိုးစားမှုပါ အစဉ်တွဲပဲ့
အောင်ပွဲပါလေး။ ။

မြင့်မိုရ်လင်း(ချောင်းဆုံ)


**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# နိုင်ငံတကာ သတင်းများ

## ပေထုန်တန်ရှင်နာဝပ် ရာထူးမှနုတ်ထွက်မည်မဟုတ်ကြောင်း ဖွေထိုင်းပါတီထိပ်တန်းခေါင်းဆောင်ပြောကြား

**ဗန်ကောက် ဇွန် ၂၂**

ကမ္ဘောဒီးယား ဝန်ကြီးချုပ်ဟောင်းဟွန်ဆန်နှင့် ဖုန်းခေါ်ဆိုမှုအသံဖိုင် ပေါက်ကြားမှုပြဿနာကြောင့် ဝန်ကြီးချုပ် ပေထုန်တန်ရှင်နာဝပ်အနေဖြင့် ရာထူးမှနုတ်ထွက်ပေးမည် မဟုတ်သလိုလွှတ်တော်ကိုလည်း ဖျက်သိမ်းမည်မဟုတ်ကြောင်း လက်ရှိအာဏာရဖွေထိုင်းပါတီထိပ်တန်းတာဝန်ရှိသူတစ်ဦးက ဇွန် ၂၂ ရက်တွင် ပြောကြားခဲ့သည်။

ထိုင်းဝန်ကြီးချုပ် ပေထုန်တန်ရှင်နာဝပ်သည် ၎င်းနှင့် ကမ္ဘောဒီးယားခေါင်းဆောင်ဟောင်းတို့ကြားဖုန်းခေါ်ဆိုမှုအသံဖိုင်ပေါက်ကြားခဲ့ပြီးနောက် ရာထူးမှနုတ်ထွက်ပေးရန် တောင်းဆိုမှုများနှင့်ရင်ဆိုင်ခဲ့ရသည်။

ကမ္ဘောဒီးယား ဝန်ကြီးချုပ်ဟောင်းနှင့် ဖုန်းခေါ်ဆိုစဉ် ဝန်ကြီးချုပ် ပေထုန်တန်ရှင်နာဝပ်သည် ဟွန်ဆန်ကို ရိုကျိုးစွာပြောနေပုံရခဲ့ပြီး ထိုင်းတပ်မတော်မှ ထိပ်တန်းခေါင်းဆောင်တစ်ဦးကိုလည်း ဝေဖန်ခဲ့သည်။

ယင်းအသံဖိုင် ပေါက်ကြားခဲ့ပြီးနောက် ဖွေထိုင်းပါတီဦးဆောင်သော ညွန့်ပေါင်းအစိုးရအဖွဲ့မှ ထိုင်းတပ်မတော်ကိုလိုလားသည့် အင်အားကြီးပါတီတစ်ခုနုတ်ထွက်ခဲ့ပြီး ပေထုန်တန်ရှင်နာဝပ် ဝန်ကြီးချုပ်ရာထူးမှနုတ်ထွက်ရန် တောင်းဆိုထားသည်။

သို့ရာတွင် ဝန်ကြီးချုပ်ပေထုန်တန်ရှင်နာဝပ်အနေဖြင့် ရာထူးမှနုတ်ထွက်ပေးမည် မဟုတ်သလိုလွှတ်တော်ကိုလည်းဖျက်သိမ်းမည်မဟုတ်ကြောင်း ဖွေထိုင်းပါတီထိပ်တန်းခေါင်းဆောင်တစ်ဦးဖြစ်သည့် ခရီးသွားလာရေးဝန်ကြီး ဆိုရာဝေါင်သီအန်သောင်က ပြောကြားထားသည်။

ကမ္ဘောဒီးယား ဝန်ကြီးချုပ်ဟောင်းဟွန်ဆန်နှင့် ဖုန်းခေါ်ဆိုဆွေးနွေးမှုအသံဖိုင်ပေါက်ကြားမှုနှင့်ပတ်သက်၍ ထိုင်းဝန်ကြီးချုပ်ပေထုန်တန်ရှင်နာဝပ်ကတောင်းပန်စကားပြောကြားခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



## ဘရာဇီးတောင်ပိုင်း၌ မီးပုံးပျံပျက်ကျမှုဖြစ်ပွား မီးပုံးပျံမောင်းနှင်သူအပါအဝင် လူရှစ်ဦးသေဆုံး

**ဆော်ပေါ်လို ဇွန် ၂၂**

ဘရာဇီးနိုင်ငံ တောင်ပိုင်းစန်တာကာတာရီနာ ပြည်နယ်၌ ဇွန် ၂၁ ရက်က မီးပုံးပျံပျက်ကျမှုဖြစ်ပွားခဲ့ရာ မီးပုံးပျံမောင်းနှင်သူအပါအဝင် လူရှစ်ဦးသေဆုံးခဲ့ရကြောင်း သိရသည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများ၌ အသုံးပြုသည့် အဆိုပါမီးပုံးပျံသည် ခရီးသည် ၂၁ ဦးနှင့်အတူပျံသန်းနေစဉ် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး ပရေရီဂရန်ဒီမြို့အနီးသစ်တောနယ်မြေအတွင်း ပျက်ကျခဲ့ခြင်းဖြစ်သည်။

ပျက်ကျခဲ့သည့် မီးပုံးပျံပေါ်လိုက်ပါသွားသည့် ခရီးသည်များအနက် အသက်ရှင်ကျန်ရစ်သူ ၁၃ ဦးကို ပရေရီဂရန်ဒီမြို့ရှိဆေးရုံများသို့ ပို့ဆောင်ပေးထားကြောင်း ဘရာဇီးတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အသက်ရှင်ကျန်ရစ်သူများထဲတွင် အသက်ဘေးစိုးရိမ်ရလောက်သည့် ထိခိုက်ဒဏ်ရာမျိုးရရှိထားသူ ပါဝင်မှုမရှိကြောင်း ဘရာဇီးတာဝန်ရှိသူများ၏အဆိုအရ သိရသည်။

ပရေရီဂရန်ဒီမြို့သည် မီးပုံးပျံစီးခရီးစဉ်များကြောင့် ကမ္ဘာလှည့်ခရီးသည်များကြား ထင်ရှားသည့်မြို့တစ်မြို့ဖြစ်သည်။

ခရီးသွားဝင်ရောက်မှုအမြင့်ဆုံးကာလများတွင် ပရေရီဂရန်ဒီမြို့မှ တစ်ဆင့် မီးပုံးပျံ ၂၅ လုံးမှ အလုံး ၃၀ ထိ ပျံသန်းရလေ့ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ဘယ်လာရုစ်သမ္မတလူကာရှန်ကိုနှင့် အမေရိကန်အထူးသံတမန် မင့်စ်ခ်မြို့၌ တွေ့ဆုံဆွေးနွေး



**မင့်စ်ခ် ဇွန် ၂၂**

ဘယ်လာရုစ်သမ္မတ အလက်ဇန်းဒါးလူကာရှန်ကိုသည် ဇွန် ၂၁ ရက်တွင် အမေရိကန်အစိုးရအထူးသံတမန် ကိုယ်ကဲလ်လော့ဂ်နှင့် မင့်စ်ခ်မြို့၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

သမ္မတလူကာရှန်ကိုနှင့် အမေရိကန်အထူးသံတမန်ကိုယ်ကဲလ်လော့ဂ်တို့သည် လက်ရှိကမ္ဘာ့အခြေအနေများနှင့် အမေရိကန်-ဘယ်လာရုစ် နှစ်နိုင်ငံဆက်ဆံရေးကိစ္စများကိုဆွေးနွေးခဲ့ကြကြောင်း ဘယ်လာရုစ်နိုင်ငံပိုင်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ရုရှားနိုင်ငံ၏ အဓိကမဟာမိတ်နိုင်ငံ တစ်နိုင်ငံဖြစ်သည့်ဘယ်လာရုစ်နိုင်ငံသည် အမေရိကန်နိုင်ငံနှင့် ဆက်ဆံရေးတင်းမာနေသည့်နိုင်ငံဖြစ်သည်။

သို့ရာတွင် ဘယ်လာရုစ်သမ္မတလူကာရှန်ကိုသည် ဇွန် ၂၁ ရက်တွင် အမေရိကန်အထူးသံတမန်ကိုယ်ကဲလ်လော့ဂ်ကို နွေးထွေးလှိုက်လှဲစွာကြိုဆိုခဲ့သည်။

ကိုယ်ကဲလ်လော့ဂ်၏ဘယ်လာရုစ်ခရီးစဉ်သည် အမေရိကန်အစိုးရ၏ ယူကရိန်းပဋိပက္ခအဆုံးသတ်နိုင်ရေး ကြိုးပမ်းမှုများအတွက် အထောက်အကူ ပေးနိုင်ဖွယ်ရှိကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

Ref : RT
Trs : KKO

## အရှေ့အလယ်ပိုင်း ဝေဟင်ပိုင်နက်များကို နိုင်ငံတကာလေကြောင်းလိုင်းများ ရှောင်ကွင်းပျံသန်းနေရ

**လန်ဒန် ဇွန် ၂၂**

အီရန်နျူကလီးယား အဆောက်အအုံများကို အမေရိကန်နိုင်ငံက ယနေ့တွင်တိုက်ခိုက်ခဲ့ပြီးနောက် နိုင်ငံတကာလေကြောင်းလိုင်းများအနေဖြင့် အရှေ့အလယ်ပိုင်း ဝေဟင်ပိုင်နက် အတော်များများကို ဆက်လက်ရှောင်ကွင်းပျံသန်းနေရကြောင်း သိရသည်။

လေကြောင်းခရီးစဉ်စောင့်ကြည့်ရေးဝက်ဘ်ဆိုက်များ၏အဆိုအရ ယနေ့တွင် နိုင်ငံတကာလေကြောင်းလိုင်းများအနေဖြင့်အီရန်၊ အစ္စရေး၊ အီရတ်နှင့်ဆီးရီးယားဝေဟင်များကို ရှောင်ကွင်းပျံသန်းနေကြဆဲဖြစ်ကြောင်း သိရသည်။

အဆိုပါဝေဟင်ပိုင်နက်များကိုဖြတ်သန်းရမည့် လေကြောင်းလမ်းများနေရာတွင် ကက်စပီယံပင်လယ်ဖြတ် လေကြောင်းလမ်းများ၊ အီဂျစ်နှင့် ဆော်ဒီအာရေဗျဝေဟင်ပိုင်နက်လေလမ်းကြောင်းများအစားထိုးအသုံးပြုနေကြောင်း လေကြောင်းခရီးစဉ် စောင့်ကြည့်ရေးဝက်ဘ်ဆိုက်များက သတင်းထုတ်ပြန်ထားသည်။

အစ္စရေးနိုင်ငံက ဇွန် ၁၃ ရက်တွင်အီရန်နျူကလီးယားအဆောက်အအုံများကို စစ်ရေးအရစတင်တိုက်ခိုက်ခဲ့ပြီးနောက် နိုင်ငံတကာလေကြောင်းလိုင်းများ အနေဖြင့် အရှေ့အလယ်ပိုင်းဝေဟင်ပိုင်နက်များကို စတင်ရှောင်ရှားခဲ့ရသည်။

လက်ရှိအချိန်တွင် အစ္စရေးနှင့် အီရန်ပဋိပက္ခမှာ ယနေ့တွင် ၁၀ ရက်တာကာလအတွင်း ဝင်ရောက်လာပြီဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## အရှေ့တရုတ်ပင်လယ် ပိုင်ဆိုင်ခွင့်အငြင်းပွားကျွန်းစုအနီး တရုတ်သင်္ဘောများ ဆက်တိုက်လှုပ်ရှားနေဟုဆို

**တိုကျို ဇွန် ၂၂**




အရှေ့တရုတ် ပင်လယ်ဒေသပိုင်ဆိုင်ခွင့်အငြင်းပွား ကျွန်းများအနီး လှုပ်ရှားသွားလာနေသောတရုတ်သင်္ဘောများကို ၂၁၆ ရက်မြောက်နေ့အဖြစ် တွေ့ရှိထားကြောင်း ဂျပန်အစိုးရက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ဂျပန်နိုင်ငံက ဆန်ကာကူကျွန်းစုဟူ၍ သတ်မှတ်ထားပြီး တရုတ်နိုင်ငံက တောင်ယုကျွန်းစုဟုခေါ်ဝေါ်သည့် အဆိုပါအရှေ့တရုတ်ပင်လယ် ကျွန်းစုဒေသသည် တရုတ်နှင့် ဂျပန်တို့ကြား ပိုင်ဆိုင်ခွင့် အငြင်းပွားနေသည့်နယ်မြေဖြစ်သည်။

သို့ရာတွင် လက်ရှိအချိန်တွင် ဆန်ကာကူကျွန်းစုကို ဂျပန်နိုင်ငံက ထိန်းချုပ်ထားပြီး တရုတ်နိုင်ငံက ပိုင်ဆိုင်ခွင့်တောင်းဆိုထားသည်။

ယနေ့တွင် ဆန်ကာကူကျွန်း၏ ရေမိုင် ၁၂ မိုင် ရေပိုင်နက်အတွင်းမောင်းနှင်နေသည့် တရုတ်ကမ်းခြေစောင့်တပ် သင်္ဘောလေးစီးကို တွေ့ရှိထားကြောင်း ဂျပန်အစိုးရသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပြီးခဲ့သည့်နှစ်အတွင်း တရုတ်သင်္ဘောများသည် ဆန်ကာကူကျွန်းစုဝန်းကျင်၌ ရက်ပေါင်း ၃၅၅ ရက်ဆက်တိုက်မောင်းနှင်လှုပ်ရှားခဲ့ကြောင်း ဂျပန်အစိုးရတာဝန်ရှိသူများက ပြောကြားထားသည်။

ဆန်ကာကူ ကျွန်းစုအနီး တရုတ်သင်္ဘောများလာရောက်မှုကို ဂျပန်အစိုးရက သံတမန်ရေးအရ ကန့်ကွက်လေ့ရှိကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## ဂျပန်နိုင်ငံအခြေစိုက် ဟွန်ဒါကားကုမ္ပဏီက အကြိမ်ကြိမ်ပြန်လည်အသုံးပြုနိုင်သော ဒုံးပျံယာဉ်တစ်မျိုး၏ရှေ့ပြေးပုံစံကို အောင်မြင်စွာစမ်းသပ်လွှတ်တင်



**တိုကျို ဇွန် ၂၂**

ဂျပန်နိုင်ငံအခြေစိုက် ဟွန်ဒါကားကုမ္ပဏီသည် အကြိမ်ကြိမ်ပြန်လည်အသုံးပြုနိုင်သော ဒုံးပျံယာဉ်တစ်မျိုး၏ ရှေ့ပြေးပုံစံကို အောင်မြင်စွာ စမ်းသပ်လွှတ်တင်နိုင်ခဲ့ကြောင်း ဇွန် ၂၁ ရက်သတင်းများအရ သိရသည်။

အဆိုပါ ဒုံးပျံယာဉ်စမ်းသပ်မှုကို ဟော့ကိုင်းဒိုးကျွန်း တိုင်ကီမြို့၌ ဇွန် ၁၇ ရက်တွင် စမ်းသပ်လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

စမ်းသပ်လွှတ်တင်မှုအတွင်း ၎င်းဒုံးပျံယာဉ်သည်အမြင့်ပေ ၈၉၀ ထိ ပျံတက်ခဲ့ပြီးနောက် သတ်မှတ်ထားသည့်နေရာနှင့် ၃၇ စင်တီမီတာအကွာ၌ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

ဟွန်ဒါကုမ္ပဏီက တည်ဆောက်ထားသော ဒုံးပျံယာဉ်ရှေ့ပြေးပုံစံသည် ကိုယ်ထည်အလျား ၂၀ ဒသမ ၇ ပေရှိပြီး ကိုယ်ထည်အချင်း ၃၃ ဒသမ ၅ လက်မရှိ၍ အလေးချိန် ၁၃၁၂ ကီလိုဂရမ်ထိ ရှိကြောင်း သိရသည်။

ဟွန်ဒါကုမ္ပဏီသည် အဆိုပါ ဒုံးပျံယာဉ်ရှေ့ပြေးပုံစံကို ဆက်လက်စမ်းသပ်ရန် စီစဉ်ထားကြောင်း သိရသည်။

ဟွန်ဒါကုမ္ပဏီသည် ၎င်းဒုံးပျံယာဉ်အတွက် ဒုံးအင်ဂျင်ကို ၂၀၂၁ ခုနှစ်ကပင် အောင်မြင်စွာစမ်းသပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## 2024 YR 4 ဂြိုဟ်သိမ်နှင့်လကမ္ဘာတို့ဝင်တိုက်ခဲ့ပါက ကမ္ဘာပတ်လမ်းပေါ်ရှိ ဂြိုဟ်တုများ ပျက်စီးသွားနိုင်

**အော့တဝါ ဇွန် ၂၂**

2024 YR 4 အမည်ရှိဂြိုဟ်သိမ်နှင့် လကမ္ဘာတို့ ဝင်တိုက်ခဲ့ပါက ကမ္ဘာပတ်လမ်းပေါ်ရှိ ဂြိုဟ်တုများ ပျက်စီးသွားနိုင်ကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ ဇွန် ၂၁ ရက် သတင်းများအရ သိရသည်။

2024 YR 4 ဂြိုဟ်သိမ်သည် ၂၀၃၂ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် လကမ္ဘာနှင့် ဝင်တိုက်နိုင်ခြေ ၄ ဒသမ ၃ ရာခိုင်နှုန်းထိ ရှိကြောင်း သိရသည်။

ကနေဒါ သုတေသနပညာရှင်များ၏ တွက်ချက်မှုအရ လနှင့် 2024 YR 4 ဂြိုဟ်သိမ်တို့ဝင်တိုက်မိချိန်တွင် ပေါ်ထွက်လာသည့် ကျောက်သားအစအနများ ကမ္ဘာဂြိုဟ်ဘက်သို့ လွင့်စဉ်ရောက်ရှိလာနိုင်ပြီး ကမ္ဘာပတ်လမ်းပေါ်ရှိ ဂြိုဟ်တု ထောင်ပေါင်းများစွာကို ဒုက္ခပေးနိုင်ကြောင်း သိရသည်။

2024 YR 4 ဂြိုဟ်သိမ်သည် လကမ္ဘာကို တစ်နာရီ မိုင် ၂၉၀၀၀ နှုန်းဖြင့် ဝင်တိုက်နိုင်ပြီး ထိုသို့ဝင်တိုက်ခဲ့ပါက အရွယ်အစားအားဖြင့် သုည ဒသမ ၁ မီလီမီတာနှင့် ၁၀ မီလီမီတာ ကြားရှိသည့် ကျောက်သားကျောက်စ တန်ချိန် ၁၀၀၀၀ ကျော် ပေါ်ထွက်လာနိုင်ကြောင်း ကနေဒါ သိပ္ပံပညာရှင်များက ပြောကြားသည်။



2024 YR 4 ဂြိုဟ်သိမ်မှ လမျက်နှာပြင် အနားစွန်းပေါ် ကျရောက်ခဲ့ပါက ပေါ်ထွက်လာမည့် ကျောက်သားကျောက်စများ အနက် ၁၀ ရာခိုင်နှုန်းနှင့် ၃၀ ရာခိုင်နှုန်းကြားတို့မှာ ကမ္ဘာမြေဘက်ဆီသို့ လွင့်စဉ်ရောက်ရှိလာနိုင်ကြောင်း သိရသည်။

2024 YR 4 ဂြိုဟ်သိမ် ဝင်တိုက်ခဲ့ပါက လမျက်နှာပြင်ပေါ်၌ အချင်းသုည ဒသမ ၆ မိုင်ရှိ ဥက္ကာချိုင့်ဝှမ်းတစ်ခု ပေါ်ထွက်လာနိုင်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## လကမ္ဘာကင်းထောက်အာကာသယာဉ်က ဂျပန်နိုင်ငံအခြေစိုက် အိုင်စပေ့စ်ကုမ္ပဏီ၏ Resilience လဆင်းယာဉ်ပျက်ကျခဲ့ရာနေရာကို ဓာတ်ပုံရိုက်ကူးနိုင်ခဲ့

**ဝါရှင်တန် ဇွန် ၂၂**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ လကမ္ဘာ ကင်းထောက်အာကာသယာဉ်(LRO)သည် ဂျပန်နိုင်ငံအခြေစိုက် အိုင်စပေ့စ်ကုမ္ပဏီ၏ Resil-ience လဆင်းယာဉ်ပျက်ကျခဲ့ရာနေရာကို ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း ဇွန် ၂၁ ရက်သတင်းများအရ သိရသည်။

Resilience လဆင်းယာဉ်သည် ဇွန် ၅ ရက်တွင် လမျက်နှာပြင်ပေါ်ရှိ မာရီဖရီဂိုးရစ်ဒေသပေါ်သို့ ဆင်းသက်ရန်ကြိုးပမ်းခဲ့သော်လည်း အောင်မြင်ခြင်းမရှိဘဲ ပျက်ကျခဲ့ရသည်။

Resilience လဆင်းယာဉ်နှင့်အတူ လူဇင်ဘတ်နိုင်ငံက တည်ဆောက်ထားသည့် Tenacious အမည်ရှိ လမျက်နှာပြင်လေ့လာရေးယာဉ်ငယ် တစ်စင်းလည်း ဆုံးရှုံးခဲ့ရသည်။

LRO အာကာသယာဉ်မှ ရရှိသည့် သတင်းအချက်အလက်နှင့် ဓာတ်ပုံများအရ Resilience လဆင်းယာဉ်သည် ဆင်းသက်ရန် သတ်မှတ်ထားသောနေရာနှင့် ၁ ဒသမ ၅ မိုင်အကွာတွင် ပျက်ကျခဲ့ခြင်းဖြစ်သည်ဟု နာဆာအဖွဲ့က သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

Resilience လဆင်းယာဉ်သည် အိုင်စပေ့စ်ကုမ္ပဏီ၏ ဒုတိယမြောက် လဆင်းယာဉ်ဖြစ်ကြောင်း သိရသည်။

အိုင်စပေ့စ်ကုမ္ပဏီ၏ ပထမဆုံးလဆင်းယာဉ်သည် ၂၀၂၃ ခုနှစ် ဧပြီလတွင် လမျက်နှာပြင်ပေါ်သို့ ဆင်းသက်ခဲ့သော်လည်း အောင်မြင်ခြင်းမရှိခဲ့ဘဲ ပျက်ကျခဲ့ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## အရေပြားပေါ်၌ သွေးခြည်ဥကွက်များပေါ်လာမှုက သွေးကင်ဆာရောဂါ၏ရှေ့ပြေးလက္ခဏာတစ်ရပ်ဖြစ်နိုင်

**လန်ဒန် ဇွန် ၂၂**

မည်သည့်အကြောင်းကြောင့် မှန်းမသိရဘဲ အရေပြားပေါ်၌ သွေးခြည်ဥကွက်များ ပေါ်လာမှုသည် သွေးကင်ဆာရောဂါ၏ လူသိနည်းသော ရှေ့ပြေးလက္ခဏာဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များက ဇွန် ၂၁ ရက်တွင် ပြောကြားသည်။

ဒဏ်ရာ အနာတရမရှိဘဲ ထိခိုက်မှုတစ်စုံတစ်ရာ မရှိဘဲ အရေပြားပေါ်၌ သွေးခြည်ဥကွက်များ မကြာခဏ ပေါ်ထွက်မှုသည် သွေးကင်ဆာရောဂါ၏ လက္ခဏာတစ်ရပ်ဖြစ်နိုင်ကြောင်း ဗြိတိန်သုတေသန ပညာရှင်များက ပြောကြားသည်။

ထို့ပြင် အရေပြားပေါ်၌ သွေးခြေဥကွက်များ ပေါ်ထွက်လာမှုသည် သိုင်းရွိုက်ရောဂါများနှင့် အသည်းပျက်စီးမှုအပါအဝင် ပုန်းကွယ်နေသောရောဂါများရှိနေနိုင်သည်ကိုလည်း ပြသနေကြောင်း ဗြိတိန်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

သွေးကင်ဆာရောဂါဖြစ်ပွားပါက Platelet ခေါ် သွေးဆဲလ်တစ်မျိုး နည်းပါးလာမှုကြောင့် အရေပြားပေါ်၌ သွေးခြည်ဥအကွက်များ အလွန်အကျွံ ပေါ်ထွက်လာတတ်ကြောင်း သိရသည်။

Platelet သွေးဆဲလ်များနည်းပါးမှုကြောင့် ကိုယ်ခန္ဓာအနေဖြင့် အရေပြားအောက်ရှိ သွေးကြောများ သွေးယိုမှုကို တားဆီးနိုင်စွမ်းမရှိတော့ဘဲ သွေးခြည်ဥကွက်များ ပေါ်ထွက်လာရခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## နို့ဆီနှင့်သကြားလျှော့ချထားသော ကော်ဖီကို နေ့စဉ်သောက်သုံးခြင်းဖြင့် အသက်ရှည်ရှည်နေရနိုင်

**နယူးယောက် ဇွန် ၂၂**

နို့ဆီနှင့်သကြားလျှော့ချထားသည့်ကော်ဖီကို နေ့စဉ်တစ်ခွက် သို့မဟုတ် နှစ်ခွက်ပုံမှန်သောက်သုံးပါက အသက်ရှည်ရှည်နေရရေးအတွက် အထောက်အကူပြုနိုင်ဖွယ်ရှိကြောင်း ဇွန် ၂၁ ရက်သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ တက်ဖ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ ကော်ဖီကြမ်း သို့မဟုတ် သကြားနှင့် နို့ဆီကို အနည်းငယ်မျှသာထည့်သွင်းထားသော ကော်ဖီကို နေ့စဉ်သောက်သုံးမှုသည် သေချိန်မတန်ဘဲ သေရနိုင်ခြေ ကျဆင်းလာမှုနှင့်ဆက်စပ်နေကြောင်း သိရသည်။


သို့ရာတွင် သကြားနှင့်နို့ဆီများများစားစား ထည့်သွင်းထားသည့် ကော်ဖီများတွင်မူ အထက်ပါ ကျန်းမာရေး အကျိုးကျေးဇူးမျိုး မတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သကြားနှင့်နို့ဆီ လျှော့ချထားသည့် ကော်ဖီကို အနည်းဆုံးနေ့စဉ် တစ်ခွက် သောက်သုံးသူများတွင် သေချိန်မတန်ဘဲ သေရနိုင်ခြေ ပုံမှန်ထက် ၁၆ ရာခိုင်နှုန်းပိုနည်းပါးကြောင်း၊ တစ်ရက်လျှင် ကော်ဖီ နှစ်ခွက်မှသုံးခွက်ထိ သောက်သုံးသူများတွင်မူ သေချိန်မတန်ဘဲ သေဆုံးနိုင်ခြေ ၁၇ ရာခိုင်နှုန်းထိ ကျဆင်းသွားတတ်သည်။

အမေရိကန် သုတေသနပညာရှင်များသည် လူပေါင်း ၄၆၀၀၀ ကျော်တို့၏ ကော်ဖီသောက်သုံးပုံများကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ခံစစ်ကစားသမားဂူဟီက ပဲလေ့စ်အသင်းမှ ထွက်ခွာရန်ဆုံးဖြတ်ထားကြောင်း ပြောကြား

လန်ဒန် ဇွန် ၂၂

ပဲလေ့စ်အသင်း ခံစစ်ကစားသမားဂူဟီသည် ၎င်း၏ ခြေစွမ်းပိုင်း တိုးတက်လာမှုကြောင့် ထိပ်သီးကလပ် အသင်းများက ကမ်းလှမ်းခဲ့သဖြင့် ယခုနွေရာသီ အပြောင်းအရွှေ့ ကာလတွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားကြောင်းပြောကြားခဲ့သည်။

ခံစစ်ကစားသမား ဂူဟီကို ပြီးခဲ့သည့်နွေရာသီ အပြောင်းအရွှေ့ကာလကတည်းက နယူးကာဆယ်အသင်းက စတာလင်ပေါင် သန်း ၅၀ ဝန်းကျင်ဖြင့်ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်းပဲလေ့စ်အသင်းက ပယ်ချခဲ့ပြီး ဇန်နဝါရီ အပြောင်းအရွှေ့ ကာလကလည်း စပါးအသင်းက ထပ်မံကမ်းလှမ်းမှု ပြုလုပ်ခဲ့ရာတွင် ငြင်းဆိုခဲ့ကြောင်း သိရသည်။

သို့ရာတွင် လက်ရှိအပြောင်း အရွှေ့ကာလတွင် ကစားသမား၏ ခြေစွမ်းပိုင်းကြောင့် နယူးကာဆယ်အသင်းနှင့် စပါးအသင်းတို့က ခေါ်ယူရန် လက်မလျှော့သေးဘဲ ကြိုးပမ်းနေသည့်အပြင် လီဗာပူးအသင်းကလည်း ခေါ်ယူရန် ကမ်းလှမ်းမှုပြုလုပ်ခဲ့သောကြောင့် ကစားသမားကိုယ်တိုင်က ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ပဲလေ့စ်အသင်းသည် ဂူဟီနှင့် ၂၀၂၆ ခုနှစ် ဇွန် ၃၀ ရက်မှ စာချုပ်ကုန်ဆုံးမည် ဖြစ်သော်လည်း ကစားသမားအနေဖြင့် သက်တမ်းတိုးရန် ဆန္ဒမရှိသောကြောင့် လာမည့်နွေရာသီတွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်ရပါက အသင်းအတွက် ဆုံးရှုံးမည်ကိုစိုးရိမ်သဖြင့် ကစားသမားနှင့် ပတ်သက်၍ စဉ်းစားမှုပြုလုပ်နေကြောင်း သိရသည်။

လက်ရှိတွင် လီဗာပူးအသင်းသည် အသင်းမှ ခံစစ်ကစားသမား ကွမ်ဆာက လေဗာကူဆင်အသင်းသို့ ပြောင်းရွှေ့မည်ဖြစ်သောကြောင့် ဂူဟီကို အစားထိုးခေါ်ယူရန် အကြိမ်ကြိမ်ကြိုးပမ်းနေသကဲ့သို့ စပါးအသင်းကလည်း ခံစစ်ကစားသမား ရိုမီရိုနေရာတွင် အစားထိုးနိုင်ရန် ဂူဟီကိုလီဗာပူးအသင်းနှင့် အပြိုင်ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Daily mail

Trs : ML



## အားကစားသတင်းအတိုအထွာများ

- ❑ မန်စီးတီးအသင်းအနေဖြင့် နွေရာသီအပြောင်းအရွှေ့စတင်ချိန်တွင် ကစားသမားသုံးဦး ခေါ်ယူနိုင်ခဲ့သဖြင့် အသင်းတွင် ကစားနေသည့် ကစားသမားများက ပွဲကစားခွင့်လျော့နည်းလာမည်ကို စိုးရိမ်နေကာ အသင်း၌ မပျော်ရွှင်တော့ချိန်တွင် နည်းပြဂွါဒီယိုလာက မပျော်ရွှင်သည့်ကစားသမားများကို ရောင်းချမည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။
- ❑ ဘာစီလိုနာအသင်း အားကစားဒါရိုက်တာ ဒေကိုက အသင်းအနေဖြင့် ဂိုးသမားဂါစီယာကို ခေါ်ယူနိုင်ခဲ့သောကြောင့် အသင်းမှ ဂိုးသမားဟောင်း တာစတီဂန်ကို ဦးစားပေးဂိုးသမားအဖြစ်ရွေးချယ်ရန် အာမမခံနိုင်တော့ကြောင်း အတည်ပြုပြောကြားခဲ့သည်။
- ❑ ကွန်ကာကပ်ဂိုးကပ်ပြိုင်ပွဲတွင် အမေရိကန်အသင်းက ထရီနီဒက်တိုဘာဂိုအသင်းကို ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သော်လည်း အဓိကတိုက်စစ်မှူး ဟာချီရိုက်ကို ဒဏ်ရာကြောင့် ဂိုးကပ်ပြိုင်ပွဲမှ လက်လွှတ်ခဲ့ရကြောင်း ထုတ်ပြန်ခဲ့သည်။ ML

# နှစ်ပေါင်း ၂၄ နှစ်အကြာတွင် အိုဗီဒိုအသင်း လာလီဂါပြိုင်ပွဲသို့ပြန်လည်တက်ရောက်နိုင်ခဲ့



မက်ဒရစ် ဇွန် ၂၂

ဆီဂန်ဒါကလပ် play-off ဗိုလ်လုပွဲစဉ်တွင် အိုဗီဒိုအသင်းက မီရန်ဒက်စ်အသင်းကို နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် နှစ်ပေါင်း ၂၄ နှစ်အကြာတွင် လာလီဂါပြိုင်ပွဲသို့ ပြန်လည်တက်ရောက်နိုင်ခဲ့သည်။

အိုဗီဒိုအသင်းသည် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲတွင် အဆင့်(၃)နေရာဖြင့် ပြီးဆုံးခဲ့သောကြောင့် မီရန်ဒက်စ်အသင်း၊ ရေဆင်းအသင်း၊ အယ်မာရီယာအသင်းတို့နှင့်အတူ play-off ကစားခွင့်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်တွင် အယ်မာရီယာအသင်းနှင့်တွေ့ဆုံခဲ့ရာ ပထမအကျော့တွင် နှစ်ဂိုး တစ်ဂိုး၊ ဒုတိယအကျော့တွင် တစ်ဂိုးစီ သရေရလဒ်ကစားနိုင်ခဲ့သောကြောင့် နှစ်ကျော့ပေါင်းရလဒ်ဖြင့် အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲတက်ရောက်ခဲ့ခြင်းဖြစ်သည်။

အခြားပွဲစဉ်တွင် မီရန်ဒက်စ်အသင်းက ရေဆင်းအသင်းနှင့်ကစားခဲ့ရာ ပထမအကျော့တွင် သုံးဂိုးစီသရေ၊ဒုတိယအကျော့တွင် လေးဂိုး တစ်ဂိုးဖြင့် နိုင်ပွဲရခဲ့ပြီး ဗိုလ်လုပွဲစဉ်တွင် အိုဗီဒိုအသင်းနှင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ် ပထမအကျော့တွင် မီရန်ဒက်စ်အသင်းက အိမ်ကွင်းမှ တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် မီရန်ဒက်စ်အသင်းအနေဖြင့် တန်းတက်ခွင့်ရရှိရန် အခွင့်အရေးများခဲ့ပြီး ဒုတိယအကျော့ အဝေးကွင်း၌ အိုဗီဒိုအသင်းက ဦးဆောင်ဂိုးရရှိရန် ဖိအားပေးခဲ့သော်လည်း ပွဲချိန် ၁၆ မိနစ်တွင် မီရန်ဒက်စ်အသင်း၏ ဦးဆောင်ဂိုးကြောင့် အခက်တွေ့ခဲ့ပြီး ချေပဂိုးရရှိရေး တိုက်စစ်မြှင့်နိုင်ခဲ့သဖြင့် ပွဲချိန် ၃၉ မိနစ်တွင် ကာဇိုလာက ချေပဂိုးသွင်းယူပေးခဲ့သည့်အပြင် ပွဲချိန် ၅၂ မိနစ်တွင် ဦးဆောင်ဂိုးရရှိခဲ့ပြီး နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သော်လည်း နှစ်ကျော့ပေါင်းရလဒ်တူညီနေသောကြောင့် အချိန်ပို ဆက်လက်ကစားခဲ့ရာ အိုဗီဒိုအသင်းက ပွဲချိန် ၁၀၃ မိနစ်တွင် အနိုင်ဂိုးသွင်းယူ၍ နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး နှစ်ဂိုးဖြင့် နိုင်ပွဲရခဲ့ကာ လာလီဂါပြိုင်ပွဲသို့ပြန်လည်တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : ML

# ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ရာသီဥတုပြင်းထန်မှုကြောင့် ဥရောပကလပ်အသင်းများ အခက်တွေ့နေပြီး ဝေဖန်မှုများ မြင့်တက်နေ

ဝါရှင်တန် ဇွန် ၂၂

လက်ရှိ အမေရိကန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိနေသည့်ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဥရောပမှ ကလပ်အသင်းများအနေဖြင့် ရာသီဥတုပြင်းထန်မှုကြောင့် အခက်တွေ့နေရပြီး ဝေဖန်မှုများလည်း မြင့်တက်လျက်ရှိနေကြောင်း သိရသည်။

အမေရိကန်နိုင်ငံတွင် လက်ရှိရာသီဥတုအပူချိန်မှာ ၃၀ ဒီဂရီစင်တီဂရိတ်အထက်တွင် ရှိနေသည့်အတွက် ပြိုင်ပွဲဝင်ကလပ်အသင်းများအနေဖြင့် ပွဲကစားချိန်များတွင် ရာသီဥတုပူပြင်းမှုကြောင့် မကြာခဏ အနားယူနေရသည့် ဖြစ်စဉ်များ ဖြစ်ပွားလျက်ရှိနေပြီး ပါမီးယက်စ်အသင်းနှင့် အယ်လ်အာလီအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်၏ ပွဲချိန်ပထမပိုင်းတွင် ရာသီဥတုပြင်းထန်မှုကြောင့် မိနစ်အတန်ကြာ အနားယူခဲ့ရသည်။

အလားတူ ဘင်ဖီကာအသင်းနှင့် အော့ကလန်စီးတီးအသင်းတို့ ကစားခဲ့သည့် ပွဲစဉ်တွင်လည်း ပွဲချိန်ပထမပိုင်းအပြီးတွင် ရာသီဥတုပြင်းထန်မှုကြောင့် ပွဲအနားယူချိန်များကို ပုံမှန်ထက် အချိန်ကြာမြင့်စွာ အနားယူခဲ့ကြရသည်။

ထို့အတူ ဒေါ့မွန်အသင်းနှင့် ဆန်းဒေါင်းအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင်လည်း အားကစားကွင်းအတွင်း အပူချိန်မှာ ၃၀ ဒသမ ၅ ဒီဂရီစင်တီဂရိတ်တွင်ရှိနေသည့်အတွက် ဒေါ့မွန်အသင်းမှ နည်းပြအဖွဲ့ဝင်အချို့နှင့် ကစားသမားအချို့အနေဖြင့် အားကစားကွင်းအရန်ခုံတန်းတွင်ပင် မထိုင်ခဲ့ကြဘဲ အသင်း၏ အဝတ်လဲခန်းမှ ၎င်းတို့အသင်းကစားနေမှုကို တီဗီမှတစ်ဆင့် ကြည့်ရှုခဲ့သည့်ဖြစ်စဉ်တစ်ရပ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။ Ref : Fabrizio Romano

Trs : STA

# လာမည့် ၂၀၂၆ ခုနှစ်တွင် စာချုပ်ကုန်ဆုံးပါက ဆော်ဒီပရိုလိဂ်သို့ ပြောင်းရွှေ့မည်ဟု ဘာစီလိုနာတိုက်စစ်မှူး လီဝမ်ဒေါစကီးပြောကြား

ဘာစီလိုနာ ဇွန် ၂၂

ဘာစီလိုနာအသင်း တိုက်စစ်မှူးလီဝမ်ဒေါစကီးသည် လာမည့် ၂၀၂၆ ခုနှစ်တွင် ဘာစီလိုနာအသင်းနှင့် စာချုပ်ကုန်ဆုံးချိန်၌ ဆော်ဒီပရိုလိဂ်သို့ပြောင်းရွှေ့၍ ကစားသမားဘဝ အဆုံးသတ်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အသက် ၃၇ နှစ်ရှိနေသည့် တိုက်စစ်မှူး လီဝမ်ဒေါစကီးသည် ပြီးခဲ့သည့် ဘောလုံးရာသီက အသင်းအတွက် ပြိုင်ပွဲစုံ ၄၂ ဂိုးထိ သွင်းယူခဲ့ပြီး လာလီဂါပြိုင်ပွဲတွင်လည်း သွင်းဂိုး၂၅ ဂိုးထိ သွင်းယူခြေစွမ်းပြနိုင်ခဲ့သောကြောင့် ဆော်ဒီပရိုလိဂ် ကလပ်အသင်းများက ၎င်းကို မြင့်မားသည့် ပြောင်းရွှေ့ကြေးများဖြင့် ကမ်းလှမ်းမှုပြုလုပ်ခဲ့ပြီးနောက် ၎င်းက လာမည့်နှစ်စာချုပ်ကုန်ဆုံးချိန်မှသာ ပြောင်းရွှေ့ကစားမည်ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

လီဝမ်ဒေါစကီးသည် ဘာစီလိုနာအသင်းတွင် ကစားရသည်ကို ပျော်ရွှင်လျက်ရှိသော်လည်း အသင်းအနေဖြင့် အသက်အရွယ်ရလာသည့် ကစားသမားကို စာချုပ်သက်တမ်း နောက်ဆုံးနှစ်သို့ ရောက်ရှိလာသော်လည်း သက်တမ်းတိုးရန် ဆန္ဒမရှိသောကြောင့် ဘာစီလိုနာအသင်းမှ ကမ်းလှမ်းမှုတစ်စုံတစ်ရာမရပါက လက်ကျန် ကစားသမားဘဝကို ဆော်ဒီပရိုလိဂ် ကလပ်တွင်သာ ကုန်ဆုံးသွားမည် ဖြစ်ကြောင်း သိရသည်။



လီဝမ်ဒေါစကီးသည် ကစားသမားဘဝကို ၂၀၀၈ ခုနှစ်က ပိုလန်ကလပ် လက်ပိုဇနန်အသင်းနှင့်စတင်ခဲ့ပြီးနောက် ၂၀၁၀ ပြည့်နှစ်တွင် ဒေါ့မွန်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ရာတွင် ခြေစွမ်းပိုင်း တိုးတက်လာသောကြောင့် ကစားသမားဘဝအောင်မြင်မှုများရခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ခဲ့ရာ အသင်းနှင့်အတူ ဆုဖလားများရယူနိုင်ခဲ့သော်လည်း ၂၀၂၂ ခုနှစ်တွင် ဘာစီလိုနာအသင်းသို့ ရောက်ရှိခဲ့ပြီး ဆုဖလားလေးလုံးထိဆွတ်ခူးခဲ့ကြောင်း သိရသည်။

Ref : Barcablaugranes

Trs : ML

## 2025 Asia Ocean billie jean king cup ပြိုင်ပွဲတွင် မြန်မာတင်းနစ်အဖွဲ့ တတိယနေရာ၌ ရပ်တည်



ရန်ကုန် ဇွန် ၂၂

သီရိလင်္ကာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် 2025 Asia Ocean billie jean king cup ပြိုင်ပွဲတွင် မြန်မာတင်းနစ်အားကစားအဖွဲ့ သွားရောက်ယှဉ်ပြိုင်ကစားခဲ့ရာ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့အနေဖြင့် နီပေါအသင်းနှင့်ကစားခဲ့ရာ နှစ်ပွဲ တစ်ပွဲဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယပွဲစဉ်တွင် အိမ်ရှင်သီရိလင်္ကာအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ကာတာအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ပါကစ္စတန်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့သည်။

2025 Asia Ocean billie jean king cup ပြိုင်ပွဲအပြီးတွင် အိမ်ရှင်သီရိလင်္ကာအသင်းက အဆင့်(၁)နေရာတွင် ရပ်တည်နိုင်ခဲ့ပြီး တာ့ခ်မင်နစ္စတန်အသင်းက အဆင့်(၂)၊ မြန်မာအသင်းက အဆင့်(၃)၊ ပါကစ္စတန်အသင်းက အဆင့်(၄)၊ နီပေါအသင်းက အဆင့်(၅)၊ တာဂျစ်ကစ္စတန်အသင်းက အဆင့်(၆)၊ ကာတာအသင်းက အဆင့်(၇) နေရာတွင် အသီးသီးရပ်တည်နိုင်ခဲ့ကြပြီး အဆိုပါပြိုင်ပွဲကို ဇွန် ၁၆ ရက်မှ ၂၁ ရက်ထိ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA

## အာဆင်နယ်အသင်းက လိုက်ပ်ဇစ်အသင်းမှ ဆက်ကိုအား ခေါ်ယူမည့်အစီအစဉ် ဖျက်သိမ်း

လန်ဒန် ဇွန် ၂၂

အာဆင်နယ်အသင်းက လိုက်ပ်ဇစ်အသင်းမှတိုက်စစ်ကစားသမား ဆက်ကိုအားခေါ်ယူရန် ကာလရှည် ကြိုးပမ်းနေသော်လည်း မြင့်မားသည့် ပြောင်းရွှေ့ကြေးသတ်မှတ်ထားမှုကြောင့် ခေါ်ယူမည့်အစီအစဉ်ကို ဖျက်သိမ်းခဲ့ကြောင်း သိရသည်။

အသက် ၂၂ နှစ်ရှိဆက်ကိုသည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်က ဆဲလ်တတ်အသင်းမှ လိုက်ပ်ဇစ်အသင်းထံ ပြောင်းရွှေ့ ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၂ ပွဲ ကစားခဲ့ပြီး ၁၈ ဂိုးသွင်းယူနိုင်ခဲ့ကာ ယခုနှစ်ဘောလုံးရာသီတွင်လည်း အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၅ ပွဲ ကစားခဲ့ရာ ၂၁ ဂိုးသွင်းယူနိုင်သည်ထိ ခြေစွမ်းပြကစားနိုင်ခဲ့ခြင်းဖြစ်သည်။

အာဆင်နယ် အသင်းက အသင်းတိုက်စစ်ပိုင်းအတွက် ဆက်ကိုအားခေါ်ယူရန် အကြိမ်ကြိမ် ကြိုးပမ်းနေပြီး ဆက်ကိုကိုယ်တိုင်ကလည်း အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ လိုနေသော်လည်း လိုက်ပ်ဇစ်အသင်းက မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် ယူရိုသန်း ၁၀၀ ထိ သတ်မှတ်ထားသောကြောင့် အာဆင်နယ်အသင်းက ခေါ်ယူမည့်အစီအစဉ်ကို လက်လျှော့ခဲ့ခြင်းဖြစ်သည်။

လိုက်ပ်ဇစ် အသင်းကလည်း လာမည့် ဘောလုံးရာသီတွင် ဥရောပဝင်ခွင့်နှင့် လွဲချော်ထားပြီး အသင်းဝင်ငွေလျော့နည်းနိုင်သည့် အခြေအနေများကြောင့် လက်ရှိနွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှ ထိပ်တန်းကစားသမား အချို့ကို ရောင်းချရန် ဆုံးဖြတ်ထားသော်လည်း ကစားသမားများအတွက် ပြောင်းရွှေ့ကြေးကို မြင့်မားသည့် ပြောင်းရွှေ့ကြေးများ သတ်မှတ်ထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA



## ခံစစ်ကစားသမား ကွမ်ဆာကို လေဗာကူဆင်သို့ရောင်းချရန် လီဗာပူးအသင်းသဘောတူညီမှုရရှိ

လန်ဒန် ဇွန် ၂၂

လီဗာပူးအသင်းသည် အသင်းမှ ဗဟိုခံစစ်ကစားသမား ကွမ်ဆာကို ပြန်လည်ဝယ်ယူခွင့် ပါရှိသည့် စာချုပ်ဖြင့် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၅ သန်းဖြင့် လေဗာကူဆင်အသင်းသို့ ရောင်းချခဲ့ကြောင်း သိရသည်။

လီဗာပူးအသင်းနည်းပြ အာနီစလော့သည် နွေရာသီအပြောင်းအရွှေ့ကာလ အစပိုင်းကတည်းက လေဗာကူဆင်အသင်းမှခံစစ်ကစားသမား ဖရင်ပေါင်ကို ခေါ်ယူနိုင်ခဲ့သည့်အပြင် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းကလည်း လေဗာကူဆင်အသင်းမှ ကွင်းလယ်ကစားသမား ဖလိုရီယန်ဝစ်ဇ်ကို ပရီးမီးယားလိဂ်စံချိန်တင် ပြောင်းရွှေ့ကြေးဖြင့် ထပ်မံ ခေါ်ယူနိုင်ခဲ့ပြီးနောက် အသင်းမှ ဗဟိုခံစစ်ကစားသမား ကွမ်ဆာကို ပြန်လည်ရောင်းချရန် သဘောတူခဲ့ရခြင်းဖြစ်သည်။

ကလပ်အသင်း နှစ်ခုကြား သဘောတူညီချက်တွင် ကွမ်ဆာအတွက် ကနဦးပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၃၀ အပြင် ကစားသမားအတွက် အပိုဆုကြေး စတာလင်ပေါင် ငါးသန်းပါဝင်ခဲ့သောကြောင့်လေဗာကူဆင်အသင်းအနေဖြင့် ကွမ်ဆာအတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၅ သန်းထိပေးချေခဲ့ပြီး ကစားသမား၏ခြေစွမ်းပိုင်းပေါ်မူတည်ကာ လီဗာပူးအသင်းက ပြန်လည်ခေါ်ယူခွင့်ပါသည့်စာချုပ် ချုပ်ဆိုခဲ့သည်။

အသက် ၂၂ နှစ်ရှိ ခံစစ်ကစားသမား ကွမ်ဆာသည် လီဗာပူးအသင်းတွင် ခံစစ်ပိုင်းမှ ဗန်ဒိုက်နှင့် ကွန်နာတီတို့ နောက်တွင်သာ အရန်ကစားသမားအဖြစ် ပွဲကစားခွင့်ရခဲ့သူဖြစ်ပြီး ပြီးခဲ့သည့် ဘောလုံးရာသီက ပရီးမီးယားလိဂ်ပြိုင်ပွဲ ၁၃ ပွဲပါဝင်ခဲ့ရာတွင် လေးပွဲသာ ပွဲထွက်ကစားခွင့်ရရှိခဲ့သောကြောင့် လေဗာကူဆင်အသင်းက ကမ်းလှမ်းလာချိန်တွင် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် လီဗာပူးအသင်းက ပဲလေ့စ်အသင်း ခံစစ်ကစားသမားဂူဟီကိုခေါ်ယူရန် ကြိုးပမ်းနေသော်လည်း ကစားသမားအနေဖြင့် ပုံမှန်ပွဲကစားခွင့် အာမခံချက်ရရှိမှသာ လီဗာပူးအသင်းသို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်း သိရသည်။

Ref : 90min

Trs : ML

## လက်စတာအသင်းက ဗန်နစ္စတယ်ရွိုင်းကို ရာထူးမှထုတ်ပယ်၍ နည်းပြသစ်ခန့်အပ်ရန် ပြင်ဆင်

လန်ဒန် ဇွန် ၂၂

လက်စတာအသင်းက ယခုနှစ်ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲမှ တန်းဆင်းခဲ့ရပြီးနောက် လာမည့်ဘောလုံးရာသီမစတင်မီ လက်ရှိနည်းပြဗန်နစ္စတယ်ရွိုင်းကို ထုတ်ပယ်ပြီး နည်းပြသစ်ခန့်အပ်ရန် ပြင်ဆင်နေကြောင်း သိရသည်။

လက်စတာအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲမှ ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ တန်းတက်လာနိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်များ ဆိုးရွားခဲ့ပြီးနောက် ရာသီအကုန်တွင် အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲသို့ ပြန်လည်တန်းဆင်းခဲ့ရခြင်းဖြစ်သည်။

လက်စတာအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်ပိုင်းမတည်ငြိမ်မှုများကြောင့် မန်ယူအသင်း ကစားသမားဟောင်းတစ်ဦးဖြစ်သည့် ဗန်နစ္စတယ် ရွိုင်းကို နည်းပြသစ်အဖြစ်ခန့်အပ်ခဲ့သော်လည်း နည်းပြ ဗန်နစ္စတယ်ရွိုင်းအနေဖြင့် အသင်းကို ရလဒ်ကောင်းများရရှိအောင် မစွမ်းဆောင်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

လက်စတာအသင်းက လာမည့်လအတွင်း နည်းပြဗန်နစ္စတယ်ရွိုင်းကို ရာထူးမှထုတ်ပယ်ခဲ့ပြီးနောက် ရာသီသစ်မစတင်မီ နည်းပြသစ်ခန့်အပ်ရန်အတွက် ကြိုးပမ်းနေခြင်းဖြစ်သည်။

နည်းပြဗန်နစ္စတယ်ရွိုင်းသည် လက်စတာအသင်းကို ၁၉ ပွဲ တာဝန်ယူကိုင်တွယ်ခဲ့ရာတွင် ၁၇ ပွဲထိ ရှုံးပွဲကြုံခဲ့ရပြီးနောက် အသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးနိုင်ခြင်း မရှိသည့်အတွက် နည်းပြ ဗန်နစ္စတယ်ရွိုင်းနှင့်လမ်းခွဲရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

## နာပိုလီအသင်းက ဒါဝင်နူနက်ကိုခေါ်ယူရန် ဆွေးနွေးမှုများ လုပ်ဆောင်နေ

ရောမ ဇွန် ၂၂

လက်ရှိနွေရာသီကစားသမားအပြောင်းအရွှေ့ ကာလတွင် လီဗာပူးအသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ထားသည့် ဒါဝင်နူနက်ကို နာပိုလီအသင်းက ခေါ်ယူရန်အတွက် ဆွေးနွေးမှုများလုပ်ဆောင်နေကြောင်း သိရသည်။

အသက် ၂၂ နှစ်ရှိ ဒါဝင်နူနက်သည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က ဘင်ဖီကာအသင်းမှ မြင့်မားသည့် ပြောင်းရွှေ့ကြေး တစ်ရပ်ဖြင့် လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ဘင်ဖီကာအသင်းတွင်ကစားခဲ့စဉ်က ထိပ်တန်းအဆင့်ရှိ ခြေစွမ်းပြသနိုင်ခဲ့သော်လည်း လီဗာပူးအသင်းတွင် ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရခြင်းဖြစ်သည်။

ဒါဝင်နူနက်သည် လီဗာပူးအသင်းတွင် အစောပိုင်းနှစ်များက ကစားခွင့်အများအပြားရရှိခဲ့သော်လည်း ခြေစွမ်းပြသနိုင်ခြင်းမရှိခဲ့ဘဲ အပိုင်ဂိုးသွင်းခွင့်များ လွဲချော်ခဲ့သည့်အတွက် လီဗာပူးအသင်းက နောက်ပိုင်းတွင် ၎င်းကို ပွဲထွက်ကစားသမားစာရင်းမှ ချန်လှပ်ခဲ့ပြီးနောက် လူစားဝင်ကစားသမားအဖြစ်သာ ပါဝင်ကစားခွင့်ရရှိနေသူဖြစ်သည်။

ဒါဝင်နူနက်သည် ယခုနှစ်ဘောလုံးရာသီ နည်းပြအာနီစလော့ လက်အောက်တွင်လည်း ပွဲကစားခွင့် အနည်းငယ်သာရရှိခဲ့ပြီး ရုန်းကန်ခဲ့ရပြီးနောက် လက်ရှိနွေရာသီ ကစားသမားအပြောင်းအရွှေ့ ကာလတွင် အသင်းမှ ထွက်ခွာရန်အတွက် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။



နာပိုလီအသင်းသည် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ၌ အီတလီစီးရီးအေပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပြီးနောက် လာမည့်ဘောလုံးရာသီတွင်လည်း ချန်ပီယံဆုကာကွယ်နိုင်ရန်အတွက် နည်းပြကွန်တီက ကစားသမားအင်အားပိုင်း ဖြည့်တင်းလိုနေသောကြောင့် လက်ရှိနွေရာသီ ကစားသမားအပြောင်းအရွှေ့ ကာလတွင် ကစားသမားသစ်များ ခေါ်ယူရန် ကြိုးပမ်းနေပြီး ဒါဝင်နူနက်ကို ခေါ်ယူရန်အတွက် ကမ်းလှမ်းမှုများ စတင်ပြုလုပ်နေကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# မိသားစုတစ်နိုင်တစ်ပိုင်စီးပွားရေးဖြစ်သော ငါးနှင့်ကြာ တွဲဖက်စိုက်ပျိုးမွေးမြူခြင်း

မြန်မာတို့သည် အေးချမ်းပျော်ရွှင်စွာ နေထိုင်တတ်ကြသော လူမျိုးများဖြစ်ကြသည်။ ထိုကဲ့သို့ အေးချမ်းပျော်ရွှင်စွာ နေထိုင်တတ်ကြသော ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များကို ယခုအခါ ကျေးလက်ဒေသများတွင် အများဆုံးတွေ့ရှိနိုင်သည်။ ကျေးလက်ဒေသများတွင် နေထိုင်ကြသူများသည် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းကို အများဆုံးလုပ်ကိုင်ကြသည်။ ထိုစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအနက် မိသားစုတစ်နိုင်တစ်ပိုင်လုပ်ကိုင်ခြင်းဖြင့် စီးပွားရေးအောင်မြင်ဖြစ်ထွန်းနေသော မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ်ရှိ ဝက်သည်းကန်ကျေးရွာအနီးတစ်ဝိုက်တွင် မွေးမြူရေးလုပ်ကိုင်နေသော ငါးနှင့်ကြာ တွဲဖက်မွေးမြူနေမှုကို ဖော်ပြသွားမည်ဖြစ်သည်။

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်းရှိ စလင်းမြို့နယ်သည် ဧရိယာစတုရန်းမိုင် ၈၉၃ ဒသမ ၁၄ မိုင်ကျယ်ဝန်းပြီး ဧရာဝတီမြစ်အနောက်ဘက်ခြမ်းတွင်တည်ရှိသည်။ စလင်းမြို့နယ်အတွင်းရှိ ဝက်သည်းကန်သည် ၁၉၃၉ခုနှစ် ဇူလိုင် ၅ ရက် ရုံးအမိန့်စာအမှတ် (၂၇၅/၁၉၃၉) ဖြင့် စတင်တည်ထောင်ခဲ့ကြောင်း သိရသည်။ မူလအကျယ်အဝန်းမှာ ၁၀၈၈ ဧကဖြစ်ကြောင်း သိရပြီး ကျေးရွာမြေ၊ သာသနာမြေ၊ အများပိုင်မြေနှင့် လယ်မြေ ၁၆၈ ဒသမ ၈ ဧကကို ပယ်ဖျက်ပေးခဲ့ရာ ၉၁၉ ဧကသာ ကျန်ရှိသည်။ လက်ရှိ ရေပြင်အကျယ်ဧရိယာ ၃၈၅ ဧကဖြစ်ကြောင်း သစ်တောဦးစီးဌာနမှ ထုတ်ပြန်ထားသော အချက်အလက်များအရ သိရသည်။ ၂၀၁၅ ခုနှစ် မတ် ၃၀ ရက်စွဲဖြင့် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် (၃၁၀/၂၀၁၅) ဖြင့် ဝက်သည်းကန်ငှက်ဘေးမဲ့တောအဖြစ် ပြန်လည်ဖွဲ့စည်းခဲ့ကြောင်း သစ်တောဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ဝက်သည်းကန်သည် ကချင်ပြည်နယ်ရှိအင်းတော်ကြီးအိုင်၊ရှမ်းပြည်နယ်ရှိအင်းလေးကန်တို့ကဲ့သို့ တစ်နှစ်ပတ်လုံးရေနေသော ကန်ကြီးတစ်ကန်ဖြစ်သည်။ ဝက်သည်းကန်အနီးတစ်ဝိုက်တွင် အနောက်ကန်ဘောင်ကျေးရွာ၊ ဆင်ကျုံးကျေးရွာ၊ တမာချောင်ကျေးရွာနှင့် ရှမ်းရွာကုန်းကျေးရွာများ တည်ရှိပြီး ၎င်းကန်ကြီးကိုအမှီပြု၍ ကြာစွယ်ကြာရိုးများကို နုတ်ယူပြီး ကြာချည်ထုတ်လုပ်ခြင်း၊ ငါးမွေး မြူရေးလုပ်ငန်းဆောင်ရွက်ခြင်းနှင့် ဝက်သည်းကန်မှ ရေကိုယူ၍ စပါးနှင့်အခြားသီးနှံစိုက်ပျိုးခြင်းလုပ်ငန်းများကိုလုပ်ကိုင်ကြပါသည်။ ဝက်သည်းကန်အနီးရှိ ငါးမွေးမြူသူအများစုမှာ ငါးမွေးမြူခြင်းသာမက ကြာချည်ထုတ်လုပ်ခြင်းကို မဖြစ်မနေတွဲဖက်၍ လုပ်ကိုင်ကြသည်။

စလင်းမြို့နယ်တွင် စုစုပေါင်းငါးမွေးမြူသူဦးရေ ၁၃၁ ဦးရှိပြီး ကန်အရေအတွက် ၁၉၂ ကန်နှင့် မွေးမြူသည့်ကန် ၁၁၇ ဒသမ ၁၂ ဧကရှိသည်။ ၎င်းငါးမွေးမြူသူ ၁၃၁ ဦးအနက်မှ ဝက်သည်းကန်အနီးတစ်ဝိုက်တွင် ငါးမွေးမြူသူ ၂၅ ဦး၊ ကန်အရေအတွက် ၄၆ ကန်နှင့် ၅၇ ဒသမ ၃၆ ဧကမွေးမြူလျက်ရှိသည်ကိုတွေ့ရသည်။

စလင်းမြို့နယ် ဝက်သည်းကန်ဘေးပတ်ပတ်လည်တွင်ရှိသော ငါးမွေးမြူရေးကန်များသည် တစ်နှစ်ပတ်လုံးရေနေသဖြင့် ကြာပင်များမှာလည်း သဘာဝအလျောက် ရှင်သန်ပွားများပေါက်ရောက်လျက်ရှိကြသည်။ ထို့ကြောင့် သဘာဝကပေးသော လက်ဆောင်ကို အခွင့်အလမ်းအဖြစ်အသုံးချကာ ကြာချည်ထုတ်လုပ်၍ ငါးမွေးမြူရေးလုပ်ငန်းများနှင့် တွဲဖက်လုပ်ကိုင်လာကြသည်။ ကြာချည်ရရှိရန် ပဒုမ္မာကြာတစ်မျိုးတည်းကသာ ထုတ်လုပ်ပြီး အခြားသောကြာမျိုးမှ ထုတ်လုပ်၍မရကြောင်း လေ့လာသိရှိရသည်။



စလင်းမြို့နယ်ရှိ ဝက်သည်းကန်ကို တွေ့ရစဉ်။

ကြာချည်ထုတ်လုပ်မှုအနေဖြင့် လူတစ်ဦးသည် တစ်ရက်လျှင် သုံးကျပ်သား၊ လေးကျပ်သားခန့် အများဆုံးထုတ်လုပ်နိုင်ပြီး တစ်လလျှင် ၄၀ ကျပ်သားထိ ထုတ်လုပ်နိုင်သည်။ ဝင်ငွေအနေဖြင့် တစ်ကျပ်သားလျှင် ငွေကျပ် ၆၀၀၀ ခန့်ရရှိပြီး တစ်နှစ်လုံးအတွက် ခန့်မှန်းဝင်ငွေကြာချည်ထုတ်လုပ်မှုမှ ငွေကျပ် ၂၈၈၀၀၀၀ ခန့်မှန်းရရှိနိုင်သည်။

ငါးမွေးမြူမှုအနေဖြင့် တစ်ဧကလျှင် ငါးကောင်ရေ ၅၀၀၀ နှုန်းထည့်သွင်းမွေးမြူပြီး၊ ငါးမြစ်ချင်း၊ ငါးခုံးမ၊ ရွှေဝါငါးကြင်းများကို ပွင့်ဖြူငါးလုပ်ငန်းစခန်းမှဝယ်ယူ၍ မေလဆန်းပိုင်းမှစ၍ မွေးမြူကြသည်။ ကျွေးမွေးကြသည့် ငါးစာမှာဒေသမှ ထွက်ရှိသော ဖွဲနု၊ ပဲဖတ်၊ နှမ်းဖတ်များကိုသာ ဝယ်ယူကျွေးမွေးကြသည့်အတွက် ငါးစာကုန်ကြမ်းကို လွယ်ကူစွာရရှိနိုင်ပြီး ငါးစာပြတ်လပ်မှုမကြုံတွေ့နိုင်ပါ။

ထိုကဲ့သို့စနစ်တကျအစာကျွေးပြီး တစ်နှစ်လျှင် ငါးမွေးမြူရေးကန်တစ်ဧကမှ ငါးပိဿာချိန် ၇၀၀ ခန့် ထွက်ရှိနိုင်ပြီး ဝင်ငွေအနေဖြင့် ငါးတစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ ရရှိသဖြင့် တစ်ဧကလျှင် ငါးရောင်းချရရှိမှုငွေစုစုပေါင်းမှာ ငွေကျပ် ၄၉၀၀၀၀၀ ခန့်မှန်းရရှိနိုင်သဖြင့် ငါးမွေးမြူရေးဖြင့် ဝင်ငွေအသင့်အတင့်ရရှိပါသည်။ ထို့ပြင် ငါးနှင့်ကြာတွဲဖက်၍ မွေးမြူမှုမှ စုစုပေါင်းရငွေမှာ တစ်ဧကအတွက် တစ်နှစ်လျှင် ငွေကျပ် ၃၃၇၀၀၀၀၀ ကျော်ခန့်မှန်းရရှိနိုင်ပါသည်။

ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်အနေဖြင့် ငါးမွေးမြူရေးအတွက် တစ်နှစ်လျှင် ငါးစာအတွက် ငွေကျပ် ၁၆၀၀၀၀၀ သာကုန်ကျပြီး ကြာချည်ထုတ်လုပ်ရန်အတွက်ရင်းနှီးမြှုပ်နှံရန် ကုန်ကျစရိတ်အထူးမလိုပေ။ ထို့ကြောင့် အသားတင်အမြတ်ငွေကျပ် ၃၂၁၀၀၀၀ ငါးနှင့် ကြာတွဲဖက်စိုက်ပျိုးမွေးမြူခြင်းဖြင့် ရရှိနိုင်သည်။ ငါးကိုနှစ်စဉ် တပေါင်းလ၊ တန်ခူးလများတွင် ဒေသအတွင်း ထုတ်လုပ်ရောင်းချပြီး ကြာချည်ကိုမူ ရှမ်းပြည်နယ် အင်းလေးဒေသသို့ ကုန်ကြမ်းအဖြစ် ပို့ဆောင်၍ရောင်းချကြသည်။ အင်းလေးဒေသမှ ကြာသင်္ကန်းအပါအဝင်ကြာချည်ကို အချောထည်များအဖြစ် ပြန်လည်ထုတ်လုပ်ရောင်းချခြင်းဖြစ်ကြောင်း သိရှိရသည်။ စွန့်ပစ်ကြာရိုးများကိုလည်း နွားစာအဖြစ်အသုံးပြုကြ၍ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိနိုင်ပေ။

စလင်းမြို့နယ် ဝက်သည်းကန်ဒေသမှ ထွက်ရှိသော ကြာချည်ကို ကုန်ကြမ်းအဖြစ် ထုတ်လုပ်၍ အင်းလေးဒေသသို့ ပို့ဆောင်ရောင်းချကြသဖြင့် ဒေသခံများ စားဝတ်နေရေးအဆင်ပြေလာပြီး မိသားစုဝင်ငွေများတစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိပါသည်။ ကြာချည်ထုတ်လုပ်မှုနှင့်ပတ်သက်၍ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်၊ ၁၅ ရက်၊ ၁၆ ရက်တို့တွင် မကွေးတက္ကသိုလ်၌ ပြုလုပ်သော လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်မှ ငါးလုပ်ငန်းဦးစီးဌာနပြခန်းတွင် လူကြိုက်များ ထင်ရှားခဲ့သည့် ကြာချည်ထုတ်လုပ်ပုံကို ဒေသခံမိသားတစ်စုမှ ကိုယ်တိုင်သရုပ်ပြ၍လည်းကောင်း၊ ဗီနိုင်းပိုစတာချိတ်ဆွဲပြသခြင်းဖြင့်လည်းကောင်း ပြသခဲ့ရာ လူကြီးလူငယ်မရွေး အံ့သြစွာကြည့်ရှုအားပေးခဲ့ကြပါသည်။

နိဂုံးချုပ်ဆိုရသော် လိုလျှင်ကြံဆနည်းလမ်းရဆိုသည့်အတိုင်း မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်မှ ရရှိလာသော အခွင့်အရေးကို အခွင့်အလမ်းအဖြစ်အသုံးချကာ တစ်ပိုင်တစ်နိုင် ငါးနှင့်ကြာတွဲဖက်၍ စိုက်ပျိုးမွေးမြူခြင်းဖြင့် စီးပွားရေးတွက်ခြေကိုက်ပြီး အောင်မြင်ဖြစ် ထွန်းနေသော မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဝက်သည်းကန်အနီးတစ်ဝိုက်မှ ကြာချည်ထုတ်လုပ်ခြင်းနှင့် ငါးမွေးမြူမှုအကြောင်းများကို ရေးသားဖော်ပြလိုက်ရပါသည်။

**သိန်းစိုး(ငါးဦးစီး)**

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၀၂၉ ဧကထိ စိုက်ပျိုးပြီးစီး



**မုံရွာ ဇွန် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၀၂၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၀၀၄၁ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၂၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ ဝါဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဝါတွေ စိုက်ပျိုးထုတ်လုပ်ရာမှာ သီးနှံမျိုးကောင်းမျိုးသန့်တွေ တောင်သူများလွယ်ကူစွာ စိုက်ပျိုးရာသီအမီစိုက်ပျိုးသွားနိုင်ဖို့ ဝါမျိုးစေ့တွေ ပံ့ပိုးပေးနေပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် ဝါစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဝါမျိုးကောင်းမျိုးသန့်များရရှိစေရေး၊ ဝါသီးနှံဖြစ်ထွန်းအောင်မြင်စေရန် ပိုးမွှားရောဂါ ကြိုတင်ကာကွယ်နိုင်ရေး၊ အထွက်နှုန်းကောင်းမွန်စေရန် စိုက်နည်းစနစ်မှန်ကန်စေရေးတို့ကို နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဝါစိုက်တောင်သူလိုအပ်သည့်နည်းပညာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝါသီးနှံစိုက်ပျိုးမှုအနေဖြင့် ဝါတစ်ဧကလျှင် ကုန်ကျစရိတ် ငွေကျပ် သုံးသိန်းခွဲရှိကြောင်း သိရသည်။

ဝါသီးနှံစိုက်ပျိုးရာတွင် အခြားသီးနှံများဖြစ်သည့် ကြက်သွန်နီဖြင့် သီးကြိုစိုက်ပျိုးခြင်းနှင့် ပဲစင်းငုံဖြင့် သီးညှပ်စိုက်ပျိုးနိုင်သည့်အတွက် သီးနှံတစ်မျိုးမျိုးရရှိမည်ဖြစ်ပြီး ဝင်ငွေတိုးပွားစေမည်ဖြစ်သည်။

ဝါကိုအထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း သုံးစွဲမှုဖူလုံစေရုံသာမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဝါကိုပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

# Kawlin District complete cultivation of more than 6,000 acres of monsoon paddy this year


Farmers planting monsoon paddy in a field.

**Kawlin June 22**

According to the statistics from the Department of Agriculture in Kawlin District, Sagaing Region, over 6,000 acres of monsoon paddy have already been cultivated during this year's monsoon cropping season.

For the 2025-2026 monsoon season, local authorities of Kawlin District earmarked cultivation of 199,850 acres of monsoon paddy. Planting began in June this year, and as of now, cultivation has been completed on 6,763 acres in Kawlin Township, 124 acres in Wuntho Township, and 30 acres in Pinlebu Township, totalling 6,917 acres.

"The cultivation target for monsoon paddy in Kawlin District this year is over 190,000 acres. More than 6,000 acres have already been cultivated. We are working to ensure the full target is met. We will provide necessary technologies and seed varieties. Field-level assistance is also being provided to ensure farmers can plant on time," said U Win Thein, Head of the Kawlin District Department of Agriculture.

By township, the cultivation targets for monsoon paddy in Kawlin District for the 2025–2026 monsoon season are: 99,637 acres in Kawlin Township, 38,989 acres in Wuntho Township, and 61,224 acres in Pinlebu Township, making a total of 199,850 acres.

Efforts are being made jointly by the respective township agriculture departments and local farmers to ensure systematic cultivation without any difficulties during this monsoon season.

Farmers in Kawlin District are also receiving technical assistance on cultivation methods, pest and disease prevention education, crop loss prevention, and post-harvest storage to ensure that harvested paddy is kept safely and on time.

Additionally, township agricultural staff are carrying out field-level technical support to ensure successful crop yields. This includes using quality and pure seed varieties, pest prevention, proper weeding and thinning, rogueing of off-type varieties, and systematic use of fertilizers. 206

# More than 1,000 acres of pigeon peas planted in Mingin Township this year

**Mingin June 22**

Statistics of Mingin Township Agriculture Department of Sagaing Region stated that local farmers have planted more than 1,000 acres of pigeon peas in Mingin Township this monsoon.

During the 2025–2026 monsoon crop season, it is planned to cultivate 2,268 acres of pigeon peas in Mingin Township. Cultivation began in June this year, and as of now, 1,002 acres of crop have already been planted.

Daw Hayman Kyaw Win, Head of the Mingin Township Department of Agriculture: said: "This monsoon season, over 2,000 acres of pigeon peas are targeted for cultivation in Mingin Township. So far, over 1,000 acres have been planted. Efforts are underway to meet the full targeted acreage, and measures are being taken to ensure a good yield. Pigeon peas are being cultivated both as a main crop and as an intercrop."

This year, the Mingin Township Department of Agriculture is also providing field-level technical assistance to farmers, focusing on the use of quality and pure seeds, proper planting methods, pest and disease prevention, and boosting per-acre yield.

To help reduce costs for farmers cultivating pigeon peas, the department is also promoting the use of a combined fertilizer technique involving urea as an alternative to foliar fertilizer. This method helps lower cultivation costs, protects crops from pests, and supports healthy crop growth. 206

# Farmers plant over 13,000 acres of monsoon sesame in Wetlet Township

**Wetlet June 22**

Wetlet Township Agriculture Department stated that local farmers have so far planted more than 13,000 acres of monsoon sesame in the township of Sagaing Region this year.

Local authorities earmarked cultivation of 16,075 acres of monsoon sesame in Wetlet Township but farmers have so far planted 13,559 acres of crops against the target cultivation.

"This year, during the monsoon crop season, over 16,000 acres of monsoon sesame have been designated for cultivation in Wetlet Township. As of today, more than 13,000 acres have already been cultivated. Efforts are underway to fully meet the targeted acreage. Measures are also being taken to expand sesame cultivation, improve yield, and encourage cultivation using GAP (Good Agricultural Practices) methods," said Daw Kyin San, Head of the Wetlet Township Department of Agriculture.

It is reported that, this year, the Wetlet Township Department of Agriculture is providing awareness and knowledge to local sesame farmers on expanding cultivation areas, adopting proper cultivation techniques, implementing GAP methods, using quality and pure seeds, and planting high-yield varieties.

Crops produced under the GAP system are of higher quality compared to those grown with conventional methods. They fetch better prices and have market access not only domestically but also internationally. Therefore, farmers who adopt the GAP system can enjoy better economic benefits, which in turn can improve their socio-economic status. 206

# Agreements worth 80.3 bln USD signed at St. Petersburg Int'l Economic Forum

**St. Petersburg June 22**

A total of 1,060 agreements worth 6.3 trillion rubles (about 80.3 billion U.S. dollars) were signed at the 28th St. Petersburg International Economic Forum (SPIEF), Russian presidential advisor Anton Kobyakov said Saturday.

Kobyakov, who also serves as executive secretary of the SPIEF Organizing Committee, announced the figures at the forum's closing press conference.

He highlighted a renewed sense of optimism about restoring global business ties, noting that this year's forum drew delegates from over 100 countries and regions.

Held under the theme "Shared Values: The Foundation of Growth in a Multipolar World," the forum featured more than 350 events, including 24 business dialogues with key partner countries and regions.

Russian President Vladimir Putin delivered the keynote address during the forum's plenary session on Friday.

Kobyakov also announced that Saudi Arabia will be the guest country at SPIEF 2026.

First held in 1997, SPIEF has become one of Russia's most important international economic forums.

Xinhua

# Washington strikes Iranian nuclear sites: What we know so far

**Washington June 22**

US President Donald Trump has said that Washington carried out a large-scale series of strikes on three Iranian nuclear facilities early on Sunday.

The Fordow, Natanz, and Esfahan sites were targeted in the "very successful attack," Trump wrote on his Truth Social platform.

The US leader later delivered a televised address from the White House, claiming that the Iranian nuclear sites have been "completely and totally obliterated."

He warned Tehran against retaliation, saying that it "must now make peace," otherwise "future attacks would be far greater."

Iran says no contamination at affected sites

The strikes on the Iranian nuclear sites marked the first-ever combat use of the US GBU-57 Massive Ordnance Penetrator (MOP), a 30,000-pound "bunker-buster" bomb, which is deployed by B-2 Spirit stealth bomber, the New York Times has reported. Submarine-launched Tomahawk missiles were also used to target the Islamic Republic.

Iran's Center for the National Nuclear Safety System confirmed the attack, but said that emergency inspections at the affected facilities have found no signs of radioactive contamination or leaks. The International Atomic Energy Agency also said later that no increase in radiation levels has been reported at Fordow, Natanz, and Esfahan. RT


US President Donald Trump delivers an address to the nation following strikes on Iran.

# More than 3,000 acres of sunflower planted in Sagaing Township this year


A sunflower plantation in Sagaing Township.

**Sagaing June 22**

Local farmers have so far planted more than 3,000 acres of sunflower as monsoon crops in Sagaing Township of Sagaing Region this year, according to the statistics of Sagaing Township Agriculture Department.

Although local authorities earmarked cultivation of 12,366 acres of sunflower in the township in 2025-26 cultivation season, local farmers have so far grown 3,210 acres of crops.

"This year, during the monsoon cropping season in Sagaing Township, more than 10,000 acres of sunflower crops are planned to be cultivated. As of today, over 3,000 acres have already been planted, and planting is still ongoing. Efforts are being made to ensure the full targeted acreage is planted. In order to reduce the import of palm oil from abroad, expansion of sunflower cultivation, which is an oil crop, is being promoted. Among the oil crops, sunflower yields more oil per acre compared to sesame and groundnut. Sunflowers are usually planted only in the winter season," said U Myo Thant Aung, Head of the Sagaing Township Agriculture Department.

In Sagaing Township, to promote the expansion of sunflower cultivation, township departmental officials are actively conducting educational training sessions to increase awareness and knowledge. These training sessions aim to enhance the capabilities of both the staff and the farmers who are going to cultivate sunflower.

This year in Sagaing Township, arrangements are also being made to support farmers with quality seeds, sell fertilizers such as urea at affordable prices, and distribute the resulting improved sunflower varieties through farmer-to-farmer exchange systems. 206

# Taze Township grows over 7,000 acres of rain-fed seed corns and millets

**Taze June 22**

More than 7,000 acres of seed corns and millets have been planted in Taze Township, YeU District, Sagaing Region during this year rain crops planting season, according to the Department of Agriculture for YeU District.

During the 2025-2026 rain crops planting season, Taze Township is scheduled to plant 7,152 acres of seed corns and 1,016 acres of millets, totaling 8,168 acres. Planting began in June this year. So far, 5,860 acres of seed corns and 1,925 acres of millets, totaling 7,785 acres, have been planted.

"This year, Taze Township is scheduled to plant more than 8,000 acres of seed corns and millets during the rainy season. More than 7,000 acres have been planted so far. We are working to ensure that the target acres are met. We are providing education to help corn grow and be successful, and to prevent the spread of pests and diseases," said U Zaw Myint Htun, head of Department of Agriculture for YeU District. 206


A corn plantation in Taze Township.

# Over 3,000 acres of cotton cultivated as monsoon crops in Monywa Township this year

**Monywa June 22**

Local farmers have grown more than 3,000 acres of cotton as monsoon crops in Monywa Township of Sagaing Region this year, according to the statistics of Monywa Township Agriculture Department.

During the 2025-2026 monsoon crop season, it is planned to cultivate 17,837 acres of cotton in Monywa Township, and planting began in May of this year. As of today, a total of 3,235 acres have already been planted.

"It is planned to cultivate over 17,000 acres of cotton in Monywa Township during this year's monsoon crop season. So far, over 3,000 acres have already been planted, and planting is still ongoing. In order to ensure farmers can easily plant on time with quality cotton seeds, pure and good-quality seeds are being provided," said U Soe Thet Aung, Head of the Monywa Township Department of Agriculture.

This year, the Monywa Township Department of Agriculture is supporting cotton farmers by ensuring access to high-quality seeds, providing preventive measures against pests and diseases, ensuring proper cultivation techniques, and organizing technical training sessions to help increase yields and improve the success of cotton production.

The average cost of cultivation per acre is about K350,000, and the expected yield per acre is around 1,000 viss of cotton.

In addition, intercropping cotton with crops such as onions and pigeon peas is practiced, which helps generate additional income from multiple crops.

In Sagaing Region, local farmers from 19 townships of Sagaing, Monywa, Yinmabin, Shwebo and Kanbalu districts are successfully producing cotton crops. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# River catfish from Myaungmya Township marketable in domestic market

**Myaungmya June 22**

River catfish from Myaungmya Township of Ayeyawady Region is in high demand at the domestic market, said Daw Ei Ei Aye, the owner of fishery product trading in Myaungmya Township.

Since the second week of June until today, the demand for river catfish from Myaungmya Township has been strong, and trading has been going well. It is reported that daily trading volumes range from 3,500 to 6,000 viss.

"The river catfish coming out of Myaungmya Township are in high demand in the Yangon market. Most of the locally sourced catfish are mainly transported and sold to Yangon. Currently, the output of catfish is lower than before. At this time, river catfish are the most actively traded product. With strong market activity, laborers, business owners, and especially fish farmers are enjoying better business opportunities. The catfish from the Nyaungdon Township area are of high quality," said Daw Ei Ei Aye.

In Myaungmya Township, trading centre operators buy local catfish, process them for retail sale, and distribute them. It is known that the price per viss of river catfish from the region is currently up to K18,500.

Kyaw Kyaw Lin


River catfish.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားတပ်မတော်က မြေပြင်မှဝေဟင်ပစ်ဒုံးကျည်အသစ်များကို နိုင်ငံပိုင်ကာကွယ်ရေးစက်မှုလုပ်ငန်း Rostec ထံမှ လက်ခံရရှိခဲ့



ရုရှားတပ်မတော်သည် Pantsir-S လေကြောင်းရန်ကာကွယ်ရေး တိုက်ယာဉ်များအတွက် မြေပြင်မှဝေဟင်ပစ်ဒုံးကျည်အသစ်များကို ရုရှားနိုင်ငံပိုင် ကာကွယ်ရေးစက်မှုလုပ်ငန်း Rostec ထံမှ လက်ခံရရှိခဲ့ရာ အရေအတွက်မည်မျှရရှိသည်ကို ဖော်ပြထားခြင်းမရှိကြောင်း Army Recognition သတင်းဌာနက ဇွန် ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤသို့လက်ခံရရှိခဲ့မှုသည် ယူကရိန်းအထူးစစ်ဆင်ရေးတွင် လက်ရှိတပ်စွဲထားသော Pantsir-S လေကြောင်းရန်ကာကွယ်ရေးတိုက်ယာဉ်များအတွက် တိုက်ပွဲဝင်အသင့်ဖြစ်မှုကို မြှင့်တင်ရန်နှင့် ခဲယမ်းများ အလုံအလောက်ရှိစေရန် စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်မှုတစ်ရပ်လည်းဖြစ်သည်။

Pantsir-S ဒုံးကျည်များသည် မောင်းသူမဲ့လေယာဉ်များ၊ ခရုဇ်ဒုံးကျည်များနှင့် အနိမ့်ပျံလေယာဉ်များအပါအဝင် ဝေဟင်ခြိမ်းခြောက်မှုများကို တုံ့ပြန်ရန် အကောင်းဆုံးထုတ်လုပ်ထားခြင်းဖြစ်ပြီး လက်ရှိ လေကြောင်းစိန်ခေါ်မှုများကို တုံ့ပြန်ရာတွင် ရုရှားတပ်မတော်၏မဟာဗျူဟာမြောက် အာရုံစိုက်လုပ်ဆောင်နေမှုကိုထင်ဟပ်စေလျက်ရှိသည်။

မောင်းသူမဲ့လေယာဉ်များ၊ တိကျပဲ့ထိန်းခဲယမ်းများသည် အနိမ့်ပျံသန်းတိုက်ပွဲဝင်နိုင်သည့် လေကြောင်းခြိမ်းခြောက်မှုများဖြစ်ပြီး ခေတ်သစ်စစ်ပွဲ၏ အဓိက စိန်ခေါ်မှုများဖြစ်လာချိန်တွင် အလွှာလိုက်လေကြောင်း ကာကွယ်ရေးစနစ်များတွင် ရုရှားနိုင်ငံ၏ အဓိကရင်းနှီးမြှုပ်နှံမှုများကို အလေးပေးဖော်ပြနေခြင်းလည်းဖြစ်သည်။

Pantsir-S လေကြောင်းရန်ကာကွယ်ရေးတပ်ခွဲများတွင် ခဲယမ်းများ ထပ်မံအင်အားဖြည့်တင်းခြင်းဖြင့် ရုရှားစစ်ဘက်သည် အရေးကြီး အခြေခံအဆောက်အအုံများ၊အုပ်ချုပ်၊ထောက်ပံ့ပို့ဆောင်ရေးဌာနများနှင့် ရှေ့တန်းကျကျတပ်ရင်း၊ ဖွဲ့များကို မောင်းသူမဲ့လေယာဉ်များဖြင့် ကင်းထောက် တိုက်ခိုက်လာခြင်းများအပေါ် ကာကွယ်နိုင်စွမ်းရှိမည်ဖြစ်သည်။

ထို့ပြင် Pantsir-S လေကြောင်းရန်ကာကွယ်ရေးတိုက်ယာဉ်များကို ရှေ့တန်းကျကျတပ်ဖြန့်အသုံးပြုလာမှုသည် ရုရှားတပ်မတော်လေကြောင်းရန်ကာကွယ်ရေးမူဝါဒတွင် မဟာဗျူဟာမြောက် ပြောင်းလဲတိုးတက်လာမှုကို ဖော်ညွှန်းပြသနေခြင်းဖြစ်ပြီး တန်ဖိုးမြင့်အချက်အချာနေရာများအပေါ် တန်ဖိုးနည်းမောင်းသူမဲ့လေယာဉ်များဖြင့် တိုက်ခိုက်ခံရနိုင်မှုကို တန်ပြန်နိုင်ရန် အဆင့်မြင့်အာရုံခံကရိယာများနှင့် ကြားဖြတ်တိုက်ခိုက်ရေး ဒုံးကျည်များကို ယာဉ်တစ်ခုတည်းပေါ်တွင် ပေါင်းစပ်တည်ဆောက်ထားသည့် အလွှာစုံလေကြောင်းရန်ကာကွယ်ရေးကွန်ရက်ကို ပံ့ပိုးပေးနိုင်မည့် လက်နက်စနစ်တစ်ခုလည်းဖြစ်သည်။

Pantsir-S စနစ်သည် လေကြောင်းခြိမ်းခြောက်မှုမျိုးစုံကို ကျယ်ပြန့်စွာ တိုက်ခိုက်ဖျက်ဆီးနိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်ကြောင်း သိရသည်။

**ALERT: Russia acquires more missiles for Pantsir air defense systems to counter drones near Ukraine border.**

## အမေရိကန်က MQ-20 Avenger ဒရုန်းကို ဘက်စုံသုံးနိုင်ရေး စမ်းသပ်သရုပ်ပြမှုတွင် ပစ်မှတ်များကိုဒုံးကျည်ဖြင့်ပစ်ခတ်မှုများပြုလုပ်ခဲ့

အမေရိကန်နိုင်ငံသည် General Atomic ကုမ္ပဏီထုတ် MQ-20 Avenger ဒရုန်းကို ဘက်စုံအသုံးပြုနိုင်ရေးစမ်းသပ်သရုပ်ပြသမှုတွင် ပစ်မှတ်များကိုဒုံးကျည်ဖြင့် ပစ်ခတ်မှုများပြုလုပ်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဇွန် ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါဘက်စုံအသုံးပြုနိုင်ရေး သရုပ်ပြစမ်းသပ်မှုသည် အစိုးရမှပံ့ပိုးပေးထားသော အလိုအလျောက်လုပ်ဆောင်ရေးဆော့ဖ်ဝဲလ်နှင့်အတူ MQ-20 Avenger ဒရုန်း၏ ကင်းထောက်ခြင်း၊ အလိုအလျာက် ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ ပျံသန်းမှုအလယ်တွင် လှုပ်ရှားစစ်ကစားမှုများပြုလုပ်နိုင်ခြင်း၊ ကြီးကြပ်ကွပ်ကဲမှုစနစ်များနှင့် ပေါင်းစည်းလုပ်ဆောင်ခြင်းတို့ကို အကဲဖြတ်ဆန်းစစ်နိုင်စေမည်ဖြစ်သည်။ သဏ္ဍာန်တူစမ်းသပ်မှုတွင် ရန်သူ့လေယာဉ် နှစ်စင်းကိုတိုက်ခိုက်ရန်ဖြစ်ပြီး သတ်မှတ်ပေးထားသည့်အတိုင်း ဝေဟင်ပစ်မှတ်များကို အောင်မြင်စွာတိုက်ပွဲဝင်နိုင်ခဲ့ကြောင်း သိရသည်။

စမ်းသပ်မှုအတွင်း MQ-20 Avenger ဒရုန်းသည် အစိုးရမှပေးပို့ထားသော အလိုအလျောက်လုပ်ဆောင်မှုဆော့ဖ်ဝဲလ်မှ Shield AI ကုမ္ပဏီထုတ် Hivemind machine learning autonomous piloting ဆော့ဖ်ဝဲလ်သို့ ကူးပြောင်းအသုံးပြုခြင်း လုပ်ဆောင်ချက်ကိုလည်း ဒရုန်းပျံသန်းမှုအလယ်လောက်တွင် ပြုလုပ်ပြနိုင်ခဲ့သည်။ အစိုးရမှပေးပို့ထားသော အလိုအလျောက်လုပ်ဆောင်မှု ဆော့ဖ်ဝဲလ်စနစ်သည် အမှန်စင်စစ်ဒရုန်းကိုအခြားလေယာဉ်များနှင့် ပူးပေါင်းလုပ်ဆောင်နိုင်ရန်နှင့် အုပ်ဖွဲ့ပျံသန်းမှုများ လုပ်ဆောင်နိုင်ရန်၊ ဝေဟင်လေကြောင်းထိုးစစ်များ ဆောင်ရွက်နိုင်ရန်နှင့် ပျံသန်းမှုအလယ်လောက်တွင် Shield AI ကုမ္ပဏီထုတ် Hivemind machine learning autonomous piloting ဆော့ဖ်ဝဲလ်သို့ ကူးပြောင်းလုပ်ဆောင်နိုင်ရန်တို့အတွက် ရည်ရွယ်ဖန်တီးပေးထားခြင်းဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် မတူညီသော ထုတ်လုပ်သူများမှ ဖန်တီးထားသော စက်ပစ္စည်းကိရိယာပိုင်း(ဟာ့ဒ်ဝဲလ်)နှင့် လုပ်ဆောင်မှုစနစ်များ(ဆော့ဖ်ဝဲလ်)တို့ကြား အဆင်ပြေချောမွေ့စွာ ကူးပြောင်း၊ ပေါင်းစပ်လုပ်ဆောင်နိုင်စွမ်းကို ခလုတ်တစ်ချက်နှိပ်ရုံဖြင့် ရည်မှန်းချက်တာဝန်များ ထမ်းဆောင်နိုင်မှုကို သက်သေပြနိုင်ခဲ့ခြင်းဖြစ်သည်။

"ဤဖြစ်စဉ်သည် အနာဂတ်တွင် ကိုယ်ပိုင်၊ ကိုယ်တိုင်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းမှုများအတွက် မရှိမဖြစ်လိုအပ်သည်ဟုယုံကြည်ထားသော အပြန်အလှန်လုပ်ဆောင်နိုင်မှုနှင့် လိုက်လျောညီထွေရှိမှုမျိုးကို ထင်ဟပ်စေလျက်ရှိပါသည်။ မတူညီသော စက်မှုလုပ်ငန်းကုမ္ပဏီများထံမှ ကိုယ်ပိုင်လုပ်ဆောင်နိုင်စွမ်းရှိသည့် ဟာ့ဒ်ဝဲလ်၊ ဆော့ဖ်ဝဲလ်စနစ်အစိတ်အပိုင်းများကိုလျင်မြန်စွာပေါင်းစပ်ပြီး အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ခြင်းကြောင့် ဒရုန်းတိုက်ခိုက်မှုများတွင် အထိရောက်ဆုံးစွမ်းရည်များရရှိနိုင်ကြောင်း သေချာစေမည်ဖြစ်သည်"ဟု General Atomics ကုမ္ပဏီ Advanced Programs ဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Michael Atwood က ပြောကြားခဲ့သည်။



အမေရိကန်နိုင်ငံ General Atomics ကုမ္ပဏီမှ တီထွင်ထုတ်လုပ်ထားသော MQ-20 Avenger ဒရုန်းသည် ကိုယ်ထည်အလျား ၄၄ ပေ (၇၄မီတာ)ရှိပြီး တောင်ပံအလျား ၆၆ပေ( ၂၀ မီတာ) ရှိပြီး လောင်စာဆီဝင်ဆံ့မှုနှုန်း၇၉၀၀ ပေါင် (၃၅၈၃ ကီလိုဂရမ်)ရှိသည်။ ၎င်းတွင် ကြည်လင်ပြတ်သားမှုမြင့်မားစွာ ပုံရိပ်များဖော်ပြပေးနိုင်သော ရေဒါတစ်ခု၊ ဧရိယာကျယ်ပြန့်စွာ လွှမ်းခြုံထောက်လှမ်းနိုင်သော အာရုံခံကိရိယာတစ်စုံနှင့် မြင်းကောင်ရေ ၄၀၀၀ ခန့်အားရှိ Pratt & Whitney Canada PW545B တာဘိုဖန်အင်ဂျင် တပ်ဆင်အသုံးပြုထားသည်။ ဒရုန်းကို payload အလေးချိန် ၃၅၀၀ ပေါင် (၁၅၈၈ ကီလိုဂရမ်) တင်ဆောင်နိုင်ရန်အတွင်း လက်နက်တပ်ဆင်ခန်းနှင့် ကိုယ်ထည်ပြင်ပလက်နက်တပ်ဆင်၊ ချိတ်ဆွဲသည့်နေရာခြောက်ခုဖြင့် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ အသုံးပြုသူများသည် စစ်ဆင်ရေးလိုအပ်ချက်များအပေါ်မူတည်၍ ပဲ့ထိန်းမဲ့ဗုံးများ၊ သံချပ်ကာဖောက်ဒုံးကျည်များစသည်ဖြင့် တပ်ဆင်အသုံးပြုနိုင်မည်ဖြစ်သည်။ MQ-20 Avenger ဒရုန်းသည် တစ်နာရီလျှင် မိုင် ၄၀၀ (မိုင် ၄၆၀/၇၄၁ ကီလိုမီတာ)၊ ပျံသန်းမှုအမြင့်ပေ ၅၀၀၀၀ (၁၅၂၄၀ မီတာ)၊ အကွာအဝေး မိုင် ၁၁၀၀ (၁၇၇၀ ကီလိုမီတာ)၊ အချိန် ၁၅ နာရီကျော်ကြာ ပျံသန်းစစ်ဆင်နိုင်စွမ်းရှိကြောင်း သိရသည်။

**General Atomics Avenger Drone Executes Precision Missile Attack in Multirole Trial ကို ဘာသာပြန်ဆိုထားသည်။**

မင်းမျိုး

# ကသာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၆၁၃၆၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကသာ ဇွန် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၆၁၃၆၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၆၂၄၉၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၆၁၃၆၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကသာမြို့နယ်မှာ ကြံ ၆၂၄၉၃ ဧက စိုက်ပျိုးလျာထားပါတယ်။ ဒီနေ့ထိ ၆၁၃၆၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဒေသခံတောင်သူတွေက ကြံကိုပုံမှန်စိုက်ကြပါတယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကြံစိုက်ပျိုးမှုအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်၊ ကသာခရိုင်တို့တွင်စိုက်ပျိုးကြပြီး ကသာခရိုင်နှင့် ကန့်ဘလူခရိုင်တို့တွင် ကြံစိုက်ပျိုးမှုအများဆုံးဖြစ်ကြောင်း သိရသည်။

ကသာမြို့နယ်တွင် ကြံစိုက်ပျိုးရာတွင် ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ခြောက်သိန်းနှင့် ခုနစ်သိန်းကြားတွင် ကုန်ကျပြီး ကြံတစ်ဧကလျှင် ကြံတန်ချိန် ၃၀ ထွက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး၌ ကြံစိုက်ပျိုးရာတွင် အထွက်ကောင်းမျိုးဖြစ်သည့် K-95/84၊ နဝဒေး-၄၊ ဖော်မို ၈၁၊ ဆင်းရွှေလီမျိုးများကိုလည်း စိုက်ပျိုးကာ မိုးစိုက်နှင့် ရေတင်စိုက်များကို ဦးစားပေးစိုက်ပျိုးကြောင်း သိရသည်။

ကြံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပို့လျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ကြံကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။ (၂၀၆)




# ဟသ်ာတမြို့နယ် ကုန်းကြီးကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်



**ဟသ်ာတ ဇွန် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်မည့် ရွာသာကုန်းကျေးရွာအုပ်စု ကုန်းကြီးကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် လုပ်ငန်းစဉ်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရန် စည်းကမ်းသတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ တာဝန်များနှင့် အကျိုးဝင်သော စီမံကိန်းလုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ကျေးရွာတာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းရာ မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါ ကုန်းကြီးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်မည် ဖြစ်ကြောင်း သိရသည်။ **ဇင်မာ**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ကွမ်းသီးအနုပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ကျိုက်လတ် ဇွန် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ကွမ်းသီးအနုပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်စန်းက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ကွမ်းသီးအနုပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ကွမ်းသီးအနုပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးအနုများ တင်ပို့အားကောင်းလာခြင်းသည် ပြည်တွင်းဈေးကွက်မှ ကွမ်းသီးအနုများ ဝယ်လိုအားကောင်းနေခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ထဲကနေ ရန်ကုန်ဈေးကွက်ကို ကွမ်းသီးအနုပိဿာချိန် အများအပြား မေလထဲမှာ တင်ပို့ရောင်းချခဲ့ပါတယ်။ ကွမ်းသီးအနုတွေ အမှာ ကုန်များလာလို့ ရန်ကုန်ဘက်ကို တင်ပို့ကုန် အများအပြားတင်ပို့ခဲ့ရတာဖြစ်ပါတယ်။ လက်ရှိ ကွမ်းသီးတွေ အရောင်းအဝယ်ဖြစ်နေတော့ ကွမ်းသီးစိုက်ပျိုးရေး လုပ်ငန်းကို လုပ်ကိုင်သူတွေ လုပ်ငန်းအဆင်ပြေနေပါတယ်"ဟု ကျိုက်လတ်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြည်စန်းက ပြောပြသည်။

ကျိုက်လတ်မြို့နယ်က ထွက်ရှိသည့် ကွမ်းသီးအနုများကို ကုန်သည်များမှ ကွမ်းသီးခြံများ အရောက် သွားရောက်ဝယ်ယူပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့မှ တစ်ဆင့် ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ လက်ရှိ ကွမ်းသီးအနုတစ်ပိဿာလျှင် ငွေကျပ် ၁၁၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ ယခင်က ကွမ်းသီးအစိမ်း၊ အမှည့် ဈေးကွက်နှစ်မျိုးသာရှိပြီး ယခုအခါ ရင့်မှည့်ချိန်ထိ စောင့်ရောင်းရန်မလိုဘဲ ကွမ်းသီးအနုသီးများလည်း အရောင်းအဝယ်ပြုလုပ်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကဝမြို့နယ် နောင်ဘိုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကဝ ဇွန် ၂၂**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေဖြင့် နောင်ဘိုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇွန် ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဇင်နှင့် ဝန်ထမ်းများက နောင်ဘိုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ လမ်းအရှည်ပေ ၅၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် သိန်း ၂၀ ဖြင့် ယခုနှစ် မေလပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာပြီး ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန်ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့် တစ်ပြေးညီပေးပို့နိုင်မည်ဖြစ်ကာ ယခင်ကထက် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားတိုးတက်လာမည် ဖြစ်ကြောင်း သိရသည်။ **သုတ**



# လျှင်ဘေးပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့် ရေစီးရေလာကောင်းမွန်စေရေး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကွင်းဆင်းစစ်ဆေး





**နေပြည်တော် ဇွန် ၂၂**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယမန်နေ့မွန်းလွဲပိုင်းတွင် ပုဗ္ဗသီရိမြို့နယ် ရာဇဌာနီလမ်းမကြီး၊ ရာဇသင်္ဂဟလမ်းမကြီး၊ တော်ဝင်ရတနာလမ်းမကြီးနှင့် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်း၊ သုခတော်ဝင်အိမ်ရာရှိ သစ္စာလမ်းနှင့် မုဒိတာလမ်းများသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သောလမ်းပိုင်းများပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဥတ္တရသီရိရေလှောင်တမံသို့ သွားရောက်ပြီး စက်ယန္တရားများဖြင့် အရေးပေါ်ရေပိုလွှဲဆောင်ရွက်နေမှု၊ ယာယီရေတာတမံဆောင်ရွက်နေမှုနှင့် ရေထုတ်ပြွန်ပြင်ဆင်နေမှု၊ ဥတ္တရသီရိမြို့နယ် ပဲခူးလမ်း၊ သော်ကလမ်းနှင့် ပုဗ္ဗသီရိမြို့နယ် ကျိုက်ထိုလမ်းများငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ပင်မရေပိုက်လိုင်းများနှင့် ရေပေးဝေရေးပိုက်လိုင်းများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများကိုကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအမြန်ပြီးစီးအောင်ဆောင်ရွက်ရေး၊ရေပိုက်လိုင်းလမ်းကြောင်းတစ်လျှောက်အမြဲမပြတ်စစ်ဆေးဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပျဉ်းမနားမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စိုးမြင့်မိုရ်ခန်းမ၌ နေပြည်တော်ကောင်စီ၏ ကြီးကြပ်မှုဖြင့် နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက သွေးလွန်တုပ်ကွေးရောဂါပညာပေးဟောပြောခြင်းနှင့် လူထုလှုပ်ရှားမှုအသွင်ဖြင့် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆွေဇင်ဝင်းက နေပြည်တော်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုအခြေအနေနှင့် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုကိုရှင်းလင်းတင်ပြပြီး ပျဉ်းမနားမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများနှင့် အဘိတ်ဆေးခပ်ခြင်းလုပ်ငန်းများဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက သရုပ်ပြတင်ဆက်ကပြခဲ့ပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကသွေးလွန်တုပ်ကွေးရောဂါနှင့်ပတ်သက်သည့်ပြခန်းနှင့် လက်တွေ့ကွင်းဆင်းဆောင်ရွက်နေမှုများကိုလှည့်လည်ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ရာဇသင်္ဂဟလမ်းနှင့် သပြေကုန်းအဝိုင်းသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သောလမ်းပိုင်းနှင့် မြေထိန်းနံရံများပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း၊ ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး ပင်လောင်းလမ်းဆုံနှင့် အိုင်စောက်ကျေးရွာကြား လမ်းဘေးရေမြောင်းများရေစီးရေလာကောင်းမွန်စေရေးကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး Box Culvert နှင့် ရေထုတ်ပြွန်များတွင် အမှိုက်များပိတ်ဆို့မှုမရှိစေရေး ရှင်းလင်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားခန်းမသို့သွားရောက်၍ ပြည်နယ်နှင့် တိုင်းဒေသကြီးပြိုင်ပွဲတွင် နေပြည်တော်ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်မည့် တိုက်ကွမ်ဒိုအားကစားသမားများကို တွေ့ဆုံအားပေးစကားပြောကြားကာ ချီးမြှင့်ငွေနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်းဖွင့်ပွဲနှင့် ဟုမ္မလင်းခရိုင်အတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများကို ထောက်ပံ့ငွေနှင့် ဆန်၊ ဆီ ပေးအပ်ပွဲအခမ်းအနားကျင်းပ



**မုံရွာ ဇွန် ၂၂**

မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်းဖွင့်ပွဲနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ဟုမ္မလင်းခရိုင်စုပေါင်းရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှတာဝန်ရှိသူများ၊တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး၊တိုင်းဒေသကြီး၊ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ သင်တန်းသား၊သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မြန်မာအီလက်ထရောနစ်မဲပေးစက် MEVM အသုံးပြုခြင်း၏အားသာချက်များကိုလည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်သိန်းက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကျင်းပသွားမည့်အခြေအနေများကို လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး လက်ထောက်ညွှန်ကြားရေးမှူးက MEVM စက်အသုံးပြုပုံများကိုလည်းကောင်းရှင်းလင်း ပြောကြားကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများသည် မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့်လက်တွေ့ စမ်းသပ်မဲပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဟုမ္မလင်းမြို့ဆုတောင်းပြည့်စေတီတော်ကြီးဝင်းအတွင်းရှိ ဓမ္မဝိစယဗိမာန်တော်ကြီး၌ကျင်းပသည့် ဟုမ္မလင်းခရိုင်အတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများကို ထောက်ပံ့ငွေနှင့်ဆန်၊ ဆီ ပေးအပ်ပွဲအခမ်းအနားသို့တက်ရောက်အမှာစကားပြောကြားပြီး ယာယီနေရပ်စွန့်ခွာပြည်သူ ၅၈၅ ဦးအတွက် တစ်လစာထောက်ပံ့ငွေကျပ် ၂၉၂၅၀၀၀ နှင့်ဆန်၊ဆီများကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ယာယီနေရပ်စွန့်ခွာပြည်သူများထံ ဆန်၊ ဆီနှင့်ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနက ထောက်ပံ့ပေးအပ်သည့် မိသားစုသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဟုမ္မလင်းမြို့ပြည်သူ့ဆေးရုံကြီး၌ ဆေးရုံအုပ်ကြီး၊ ဆေးရုံဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဆေးရုံရှိဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့်စားသောက်ဖွယ်ရာများပေးအပ်ပြီး ဆေးကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများထံ အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအတွက် အသိပေးကြေညာချက်

၁။ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် အခြားပြည်ပနိုင်ငံများမှ ခွင့်ဖြင့်ဝင်ရောက်လာပြီး ပြန်လည်ထွက်ခွာမည့်သူများကိုလည်းကောင်း၊ မိမိအစီအစဉ် ကျွမ်းကျင်လုပ်သားအဖြစ်လည်းကောင်း၊ ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရအေဂျင်စီများမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများကိုလည်းကောင်း ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅ ခုနှစ် မတ်လတွင် လုပ်သား ၃၂၆၄ ဦးနှင့် ၁-၄-၂၀၂၅ ရက်နေ့တွင် ၅၉ ဦးတို့ကို ခွင့်ပြုပေးခဲ့ပါသည်။

၂။ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန အဆောက်အအုံနှင့် ရုံးခန်းများ ထိခိုက်ပျက်စီးခဲ့သော်လည်း ပြည်ပသို့သွားရောက် အလုပ်လုပ်ကိုင်မည့်သူများကို သွားရောက်အလုပ်လုပ်ကိုင်မည့် အမျိုးအစားအလိုက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် SOP များနှင့်အညီ ၁-၄-၂၀၂၅ ရက်နေ့မှစ၍ စိစစ်ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

ရှေ့ဖုံးမှအဆက်

လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ကျေးရွာအတွင်းရှိ လှေ၊ သမ္ဗန်များဖြင့် စုပေါင်း၍ ကယ်ထုတ်နိုင်ရေး လှေများစုဖွဲ့သွားရောက်ခြင်း၊ ရေဘေးသင့်ပြည်သူများကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးခြင်း၊ရွှေ့ပြောင်းနေချိန်တွင် ဘေးသင့်၍ရေစီးနှင့်အတူမျောပါလာသူကို အသက်ကယ်ဘောကွင်း၊ Intelligence Lifebuoy, line Shooter၊ Dive Suit များအသုံးပြု၍ ကယ်ဆယ်ရေးဆောင်ရွက်ခြင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ယာယီဖွင့်လှစ်ထားသောဆေးရုံ၊ဆေးခန်းများသို့ပို့ဆောင်၍ ဆေးကုသခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ယာယီခိုလှုံနိုင်ရန် ဖွင့်လှစ်ထားသည့်ရေဘေးရှောင်စခန်းများသို့ ပို့ဆောင်ပေးခြင်း၊ ရေဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေးစကားပြောကြားခြင်းနှင့်ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းစသည့် လေ့ကျင့်သရုပ်ပြသမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီ ၁၂ ခုပြခန်းများ၊ ပြသထားသည့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး အထောက်အကူပြုပစ္စည်းများနှင့် စက်ကိရိယာများ၊ မော်တော်ယာဉ်များ၊ စက်ယန္တရားယာဉ်ကြီးများကို လိုက်လံကြည့်ရှုသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေဘေးသဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းသရုပ်ပြသမှုတွင် ပါဝင်ဆောင်ရွက်ခဲ့သည့်တပ်ဖွဲ့၊အဖွဲ့အစည်းဝင်များကို တွေ့ဆုံ၍ မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်များကြုံတွေ့လာပါကထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြင့် တုံ့ပြန်နိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းသည် အဓိကဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်ပါကြောင်း၊ ယခုလိုရှာဖွေကယ်ဆယ်ရေးဇာတ်တိုက်လေ့ကျင့်မှုများကိုစနစ်တကျလေ့ကျင့်ထားခြင်းဖြင့် ရှာဖွေကယ်ဆယ်ရေး အထောက်အကူပြုပစ္စည်းများ၊ စက်ကိရိယာများနှင့် စက်ယန္တရားများကို ရင်းနှီးကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်အသုံးပြုလာနိုင်သည်သာမကအရေးကြုံလာပါက စုပေါင်းညီညွတ်မှုအင်အားဖြင့် ထိရောက်သည့်တုံ့ပြန်ဆောင်ရွက်မှုမျိုးကို ပေးစွမ်းနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားပြီး ဂုဏ်ပြုငွေများချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**









## နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း(စစ်တွေ)ရှိ ကျောင်းသား၊ကျောင်းသူများကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း တွေ့ဆုံ

**စစ်တွေ ဇွန် ၂၂**

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(စစ်တွေ)ရှိ ကျောင်းသား၊ကျောင်းသူများနှင့်တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်း၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဖွံ့ဖြိုးရေးသင်တန်းကျောင်း (စစ်တွေ)ရှိ ကျောင်းသား၊ ကျောင်းသူများ၏ အိပ်ဆောင်များနှင့်သင်တန်းကျောင်းအတွင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိရေးဆောင်ရွက်ထားရှိမှုနှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။





ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ထမင်းစားဆောင်၌ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ပေးအပ်ချီးမြှင့်သည့် ကျောင်းသား၊ ကျောင်းသူများအတွက် စားစရိတ်အပိုဆောင်းငွေများကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးက ကျောင်းသား၊ ကျောင်းသူများအတွက် မိုးကာအင်္ကျီများကိုလည်းကောင်း၊ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က အထက်တန်းကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်စရိတ်ချီးမြှင့်ငွေများကိုလည်းကောင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက အလယ်တန်းကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်စရိတ် ချီးမြှင့်ငွေများကိုလည်းကောင်းပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူ၍ ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ကုလသမဂ္ဂ Under-Secretary-General နှင့် ကုလသမဂ္ဂစီမံကိန်း ဝန်ဆောင်မှုရုံး (UNOPS) အမှုဆောင်ညွှန်ကြားရေးမှူး Mr.Jorge Manuel Lopes Moreira Da Silva ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ



**မန္တလေး ဇွန် ၂၂**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် ယနေ့မွန်းလွဲပိုင်းက ကုလသမဂ္ဂ Under-Secretary-General နှင့် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (United Nations Office for Project Services-UNOPS) အမှုဆောင်ညွှန်ကြားရေးမှူးဖြစ်သူ Mr.Jorge Manuel Lopes Moreira Da Silva ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနှင့် ကုလသမဂ္ဂအကြား လက်ရှိပူးပေါင်းဆောင်ရွက်နေမှုများ၊ UNOPS မှ စီမံခန့်ခွဲလျက်ရှိသည့် ရန်ပုံငွေများဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးနေမှုများနှင့် ဆက်လက်ဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အတူ တိုင်းဒေသကြီး ဝန်ကြီးများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

မျိုးကျော်

# အပြာရောင်အဆင့်ပြန်လည်နေထိုင်လျက်ရှိသော ဝန်ထမ်းအဆောင်များအခြေအနေကို ဒုတိယဝန်ကြီး ဦးမြင့်စိုး ကြည့်ရှုစစ်ဆေး

**မန္တလေး ဇွန် ၂၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် အပြာရောင်အဆင့်သတ်မှတ်ချက်ဖြင့် ဝန်ထမ်းများပြန်လည်နေထိုင်လျက်ရှိသော ဝန်ထမ်းအဆောင်များအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ နေထိုင်လျက်ရှိသည့် သဇင်(၁) အဆောင်(၆) သို့သွားရောက်ပြီး နေထိုင်ရေးအဆင်ပြေမှု ရှိ/မရှိနှင့် လျှပ်စစ်မီး၊ သောက်သုံးရေရရှိမှုတို့ကို စိစစ်မေးမြန်းပြီး လိုအပ်သည်များမှာကြားကာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သမဝါယမဦးစီးဌာနဝန်ထမ်းများ နေထိုင်လျက်ရှိသော သဇင် (၄) အဆောင် (၇) နှင့်(၈) အခြေအနေကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများနေထိုင်လျက်ရှိသော သဇင်(၄) အဆောင်(၉) အခြေအနေကိုလည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများနေထိုင်လျက်ရှိသော သဇင်(၆) အဆောင်(၅) အခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ အဆောင်ပတ်ဝန်းကျင်သန့်ရှင်းရေးကို ပုံမှန်ဆောင်ရွက်သွားကြရန်၊ သတ်မှတ်ထားသော အဆောင်စည်းကမ်းများနှင့်အညီ လိုက်နာနေထိုင်ရန်မှာကြား၍ ဦးစီးဌာနအလိုက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




## ❖ နေရာကွက်၍ မိုးကြီးမည်မှ

ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။


သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၂-၆-၂၀၂၅ ရက်နေ့
မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့်
၂၅-၆-၂၀၂၅ ရက်နေ့မှ ၂၆-၆-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၂-၆-၂၀၂၅ ရက်နေ့
မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့်
၂၇-၆-၂၀၂၅ ရက်နေ့မှ ၂၈-၆-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ



# နယုန်လ

မောင်လူမွေး(မြန်မာမှု)

မြန်မာ့ဆယ့်နှစ်လရာသီလများတွင် **နယုန်**လသည် တတိယမြောက်လဖြစ်ပေသည်။ ပုဂံခေတ်ထိုးကျောက်စာများတွင် **နံယုန်**ဟု နငယ်တွင် နိဂ္ဂဟိတ်တင်၍ ရေးကြ၏။ အချို့ကျောက်စာများတွင်မူ **နယုန်**ဟု နငယ်တွင် နိဂ္ဂဟိတ်မတင်ဘဲရေးသည်လည်း ရှိပေသည်။

ပုဂံဒေသရှိ တက်နွယ်ကျောင်းကျောက်စာ (အင်းဝခေတ်-၈၀၄ခု)၊ ပြာသဒ်ဥမင်ကျောက်စာ(၈၀၄-ခု)၊ မြစည်းခုံဘုရားကျောက်စာ(၈၇၀-ပြည့်) တို့တွင် **နံမျုန်**ဟုရေးထိုးထားသည်ကို တွေ့ရပေသည်။

တန်ခူးကဆုန်၊ လနမျုန်၊ ဖုန်ဖုန်လွင့်မြူလိမ်း။ (မှန်စီသတ်ပုံ) ကဆုန်နမျုန်၊ ကြိုးသုန်သုန်၊ နယုန်နသတ်မြန်း။ (သီရိမင်္ဂလာသတ်ပုံ) ရေးသားကြသည်ကိုလည်း တွေ့ရလေသည်။ ထိုသတ်ပုံများအရ **နမျုန်**ဟုအရေးအသားတွင်ခဲ့သည်ကိုလည်း တွေ့ရပေသည်။

ဝေါဟာရလီနတ္တဒီပနီ ကျမ်းပြုဆရာ လေ့သင်းအတွင်းဝန် ဦးချိန်က နယုန်လအဖွင့်ကို -

"နယုန်၏ရင်းမြစ်မှာ "နရယုဂ" ဟူသော ပါဠိပုဒ်ဖြစ်သည်။ နရယုဂ သဒ္ဒါပျက်၍ နယုန်ဖြစ်လာသည်ဟု ယူရန်ရှိသည်။ မေထုန်ရာသီ၏ အမည်များကို ရာဇမတ္တဏ်ကျမ်း ရာသီဘိဓာနအပိုင်း၌- "ဇိတုမ၊မိထုန၊ နရယုဂ" ဟု သုံးမျိုးပြဆိုထားသည်။ ထိုသုံးမျိုးတွင် "နရယုဂ"ကား မေထုန်ရာသီ၏ နာမည်တစ်မျိုးဖြစ်၏။ အဓိပ္ပာယ်မှာ မိန်းမယောက်ျားအစုံ(နရ=လူ+ယုဂ=အစုံ) ဟု ဆိုလိုပေသည်။"

ဝန်မင်း၏ဆိုလိုချက်မှာ မေထုန်ရာသီ ဟောနရယုဂသဒ္ဒါမှ ပါဠိပျက်အနေနဲ့ နရယုဂ်ဖြစ်လာ၍ နရယုဂ်မှ နယုန်ဖြစ်လာသည်ဟု ဆိုလိုပေသည်။

နံတွင် နိဂ္ဂဟိတ်ကိုမသတ်ပြု၍ နမျုန်ဟု ယှဉ်ပူးပြောဆိုရေးသားကြသည်။ ရေးနည်း ခေါ်နည်းမှုမမှန်၍ ဖောက်ပြန်သောကြောင့် လိုက်နာသူနည်းသဖြင့် နောင်ကွယ်ပျောက်သွားလေသည်။ သို့ဖြစ်၍ ရေရှည်တွင်မူ "နယုန်" ဟူသောအရေးသည်သာ တည်တံ့ခဲ့ပေသည်။

ဤ၌ "နံယုန်" တွင်"နံ" ဝေါဟာရသည် အချိန်အခါဟောဖြစ်ပေသည်။ ဘယ်နံရောအခါ၊ ဘယ်နံသောအခါ၊ ဘယ်နံခါဟု ပြောဆိုရေးသားကြသည်။ ဤသို့ သိနိုင်ကြောင်းကို-

"... သည်းအူဆွတ်ပျံ့၊ ရှိရစ်တံ့လည်း၊ ဘယ်နံ့မတွေ့၊ ဘယ်နေ့မမြင် (ရှင်အဂ္ဂသမာဓိနေမိမင္ဂ္ဂစိုးပျို့)"

"...ဤလူပေါင်း၏၊ အကြောင်းမှားကျင့်၊ ဆိုလှစ်ဖွင့်ပိတ်၊ ယခင်ရေးလွန်၊ တမန္တန်က၊ ဖြစ်ဟန်ခြင်းရာ၊ လူ၏ရွာတွင် (ရှင်အဂ္ဂသမာဓိ-နေမိငရဲခန်းပျို့)"

"... ဤလူတွင်သောချံသာ၊တမုန္တန်ချံသာကိုဝ်လိုဝ်သောသူကာ။"

"... အမုန္တန်စကားကိုဝ်ဖတ်စိတ်၏။..."

"... ဤကားမင်တကာအမုန္တန်ဟုတ္တာ" (ပုဂံမြို့- သက္ကရာဇ် ၆၁၁ ထိုးကျစွာမင်း အမိန့်တော်ပြန်တမ်းကျောက်စာ) ပါစာပေများအရ သိရပေသည်။

ထိုအချိန်အခါ အဓိပ္ပာယ်ဆောင်သော **နံ**ဝေါဟာရကို တိဗက်၊ တရုတ်၊ မြန်မာ၊ ထိုင်း၊ လာအို စသည့်တိုင်းနိုင်ငံဒေသရှိ လူမျိုးစုတို့၏ ဝေါဟာရဖြစ်သော... နာမ်(တိဗက်) နင်-နိအေန်(တရုတ်) နာမ်(ဂျိန်းဖော) န-နန်-နိုင်(ကချင်) နီ(ရှမ်း) နီး(ကရင်) ဆနမ်(ပလောင်) နိ(လီဆူး) ဘာသာစကားများတွင်လည်း အချိန်အခါ ရာသီနှစ်ကာလများကို ဤနည်း နှင်နှင်**နာမ်၊ နံ၊ န**ဟုပြောဆိုသည်ကို တွေ့ရလေသည်။ နယုန်တွင်သုံးသော **န**ဖြစ်လေသည်။

**ယုန်**ဝေါဟာရသည်လည်း ယိုစီး၊ သက်၊ ဆင်း၊ ကျ၊ ကြွေ၊ ပြို၊ လဲ၊ ရွာ၊ သွန်း၊ လောင်း၊ ဖြန်း၊ ပက် ဆိုသည့်အနက်အဓိပ္ပာယ်ကို ဆောင်ကြောင်း-

ရုဒ်(တိဗက်) ယှက်-ယှာက်(ထိုင်း) ယုန်-ယု(တရုတ်) ဗော-ရုန် (မွန်ဂို) ယုန်ယုရုရုန်ရုမ်ရင်ရော (ကချင်) ရွာ-ရွာ-ရှင်-(ပေါင်းရှေ့ချင်း) ရို-ရူ(နာဂ) ဟာဟိုစ်(ရှမ်း) သရိုဟ်(မွန်) ရူ-ရ(ကရင်) စသည့်တိုင်းပြည်၊ နိုင်ငံ၊ လူမျိုးစုတို့၏ ဘာသာစကားဆင့်ပွားပြောင်းလဲမှုကို သုတေသနပြု၍ ဖော်ပြပါလူမျိုးစုတို့၏ ယု-ရ ဟူသော ဝေါဟာရများမှ ယိုစီးခြင်း၊ ရွာသွန်းခြင်း၊ ကြွေကျခြင်း အဓိပ္ပာယ်ဆောင်သော **ယုန်**ဖြစ်လာသည်ဟု ဆရာကြီးဦးဖိုးလတ်က ဆိုမိန့်ထားလေသည်။ ထို့ကြောင့် နယုန်လကို မိုးရွာချိန်၊ မိုးကျချိန်၊ မိုးရွာသောလဟု အဓိပ္ပာယ်ဖွင့်ဆိုထားလေသည်။

**စာပြန်ပွဲ**

နွေအကုန် မိုးအကူး ဝဿန်ကာလ မိုးသားကျူးစအခါ သမယတွင် "ရွှေစာတော်ပြန်မေးလို့ မြတ်လေးတဲ့စံပယ်ငုံ၊ မေထုန်ဆိုရာသီကူး၊ ဖူးပွင့်ဝတ်မှုန်..." ဆိုသည့်အတိုင်း မေထုန်ရာသီတွင်ကျရောက်သော နယုန်လနှင့် စာတော်ပြန်ပွဲသည် တွဲလျက်ရှိပေသည်။

စာမေးသဘင်သည် မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓဘာသာနှင့်အတူ ပုဂံခေတ်ကပင်ရှိခဲ့ရာ၏။ သို့သော် စာပေအထောက်အထားအရ စာပြန်ပွဲ၊ စာမေးပွဲဟူသောဝေါဟာရကို မတွေ့ရပေ။ ပုဂံခေတ်တွင် ထင်ရှားခဲ့သော ဦးကျည်ပွေ့ကို စာမေးသည့်ကန်ဟူသော ပြောစမှတ်ပြုခဲ့သည့်နေရာကား ယခုတိုင် တွေ့နေရပါ၏။ သို့သော် ပုဂံသုတေသီများ ရှေးဟောင်းသုတေသနပညာရှင်များ အတည်မပြုသော နေရာဖြစ်ပေသည်။

ပုဂံခေတ်ထိုးကျောက်စာများတွင် ပိဋကသုံးပုံအလှူ၊ ကျောင်းအလှူ၊ မြေအလှူ၊ ကျွန်အလှူ စသည်များကို များစွာပင်တွေ့ရသော်လည်း စာမေးသဘင်ကိုမူ မတွေ့ရပေ။ စာသင်သည်ဆိုသည်နှင့် အမေးအဖြေသည် ရှိမြဲပင်ဖြစ်၏။ ဤသည်ကို သုတေသီများက သမိုင်းမှတ်တမ်းအရ ရှာဖွေရာ ပုဂံခေတ်ပထမအင်းဝခေတ်ထိ အထောက်အထားမတွေ့ရပေ။ ဒုတိယအင်းဝခေတ် သာလွန်မင်းတရားလက်ထက်မှသာ စတင်ခဲ့သည်ဟုဆိုလေသည်။ စနေမင်း၊ တနင်္ဂနွေမင်း၊ ဟံသာဝတီရောက်မင်း မင်းသုံးဆက်အမှုတော်ထမ်းခဲ့သော သီရိဥဇနာခေါ် အင်ရုံဝန်ကြီး ရေးသားခဲ့သော လောကဗျူဟာကျမ်းတွင် (ကျော်အောင်စံနန်း) နန်းတော်ကိုသိမ်း၍ အင်းဝမြို့တော်မှာ ကျောင်းဆောက်ပြီးလျှင် ပုခန်းကြီးမြို့ ကျေးပိုက်သင်(ပထမကျော်) ရှင်ညာဏဝရကိုတင်လှူ၍ ကျော်အောင်စံထားဟုတွင်၏။...ဟုလည်းကောင်း။ ဘိုးတော်ဘုရားမေးသဖြင့် မောင်းထောင်သာသနာပိုင်ဆရာတော် ဖြေကြားတော်မူသော "အမေး တော်ဖြေကျမ်း"လာ ပထမရှင်လောင်း၊ ပဉ္စင်းလောင်းများကို ရှေးမင်းများလက်ထက် စာပြန်သည့်နည်း ပြန်စေသော် သင့် မသင့်ဟု မေးလျှောက်ချက်သည် လည်းကောင်း၊ ရှေးယခင် မင်းစဉ်မင်းဆက် စာပြန်ပွဲဆိုင်ရာမှတ်တမ်းများမရှိခဲ့သော်လည်း (မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းပါ ပထမပြန်စာပြန်ပွဲဥပဒေထုတ်ပြန်ချက်များကဲ့သို့...) စာတော်ပြန်ပွဲများ အစဉ်အဆက်ရှိခဲ့သည်ကို သိနိုင်ရာ၏။

စာတော်ပြန်ပွဲကို ဘုရင့်သုဓမ္မာဇရပ်ကြီးများတွင် ကျင်းပကြောင်းကို "ရွှေသားခြယ်လှယ်၊ ဆန်းကြယ်အရောင်၊ တောက်လောင်ဝင်းဝါ၊ သုဓမ္မာဝယ်..."ဟု စာဆိုဦးယာဖွဲ့ဆိုသော လူတားစာအရသိရပေသည်။

ကုန်းဘောင်ခေတ်နောက်ပိုင်း ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးလက်ထက်နှင့် သားတော်သီပေါမင်းလက်ထက် စာတော်ပြန်ပွဲများမှာမူ အလွန်စည်ကားသိုက်မြိုက်ပြီး မင်းခန်းမင်းနားဝင်ဖြစ်လာသည်ကို မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းအရရော၊ ကုန်းဘောင်ဆက်ရာဇဝင်များအရပါ သိရပေသည်။

ရှေးယခင်က စာပြန်ပွဲအနေနဲ့သာရှိခဲ့ပြီး နောင်တွင် သဘောရေးဖြေပါ ပါဝင်လာပေသည်။ ပထမကျော်ဖြေဆိုရာအမှတ်ပေးအရ အာဂုံပြန်လည်းတူ အဖြေတွင်လည်းတူနေ၍ လက်ရေးလက်သားနှင့် မျဉ်းသားသည်ကို အမှတ်ဖြတ်၍ ပထမကျော်ပေးခဲ့သည့်သာဓကမျိုးလဲ ရှိခဲ့ပေသည်။

ဤ၌ စာပြန်ပွဲ၊ ပထမပြန်ပွဲ၊ ပါဠိပထမပြန်စာမေးပွဲဆိုသည်ကို ခွဲခြားသိဖို့ရာ လိုပေသည်။ ရှေးအစဉ်အလာအရ နယုန်လစာပြန်ပွဲဆိုသည်ကို စာအလင်္ကာများအရ သိရပါ၏။

အင်ရုံစာတမ်းအရ ပထမပဉ္စင်းလောင်း၊ ဒုတိယပဉ္စင်းလောင်း စသည်ဖြင့် အဆင့်လေးဆင့်၊ အတန်းလေးတန်းရှိလေသည်။ သမဏသာရုပ်ကျ(ဝိနည်းတော်နှင့်အညီ ပြောဆိုမှု)၍ စာပေအနေနှင့်လည်း မေးတိုင်းဖြေဆိုနိုင်သောသာမဏေကို ပထမပဉ္စင်းလောင်းတော်၊ ထို့နောက် ဉာဏ်ပညာအရည်အသွေးကိုထောက်လျက် ဒုတိယ၊ တတိယ၊ စတုတ္ထလေးခုခွဲ၍ ရဟန်းဘောင်သို့ တက်ရောက်ကြရလေသည်။ ထိုကိုအကြောင်းပြု၍ ပထမစာတော်ပြန်ဟုခေါ်ကြောင်း မှတ်သားရပေသည်။

ဤသဘောမျိုးကိုပင် ပင်းယရွှေစည်းခုံဆရာတော် သဒ္ဓမ္မာလင်္ကာရစီရင်တော်မူသော သက္ကဒါန်သိကြားစာတမ်း၊ နန္ဒယော်ဓာဝန်ကြီးခန့်ပြန်တမ်းတို့တွင်လည်း မှတ်တမ်းပြုထားပေသည်။

ဟံသာဝတီရောက်မင်းကြီးလက်ထက်(၁၀၈၆) ပထမကျော်ရတော်မူသော ပထမကျော်အောင်စံထားဆရာတော်ပြုစုတော်မူသည့် အဌသာလိနီဂဏ္ဌိကျမ်းနိဂုံးပိုဒ်တွင်- "အညေသံ=တစ်ပါးသောသူတို့၏၊ ပထမတာဝ=ရှေးဦးစွာ။ ဥပ္ပန္နဥပသမ္ပဒါ=ရအပ်သောပဉ္စင်းအဖြစ် ရှိလေသတည်း။ ဣတိတသ္မာ=ထို့ကြောင့်။ ပထမေ=ပထမမည်၏။"ဟု မိန့်ဆိုထားလေသည်။ သမိုင်းစဉ်အရမူ ဘိုးတော်ဘုရားလက်ထက်မှ ပုဂံမင်းလက်ထက်တိုင် ပြဋ္ဌာန်းကျမ်းများနှင့် ဖြေဆိုနည်းများသည် များစွာကွဲလွဲမှုမရှိဟု ဆိုရာ၏။

ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးလက်ထက် ၁၂၃၅ နှစ်နောက်ပိုင်းတွင် ပထမစာတော်ပြန်ဥပဒေသများကို ပြင်ဆင်ဖွဲ့စည်းပြီး ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းများကို ဖွဲ့စည်းခဲ့လေသည်။

နောင်သော် ပထမကျော်ဘွဲ့ကို မူပထမကြီးတန်းတွင် အမှတ်အများဆုံးဖြင့် အောင်မြင်တော်မူသောပုဂ္ဂိုလ်ကို ပေးအပ်လေသည်။ မဟာရာဇဝင်ကြီးတတိယတွဲတွင် ထိုအကြောင်းအရာများကို သိနိုင်ပါ၏။

ဖော်ပြပါအကြောင်းအရာသည် စာပြန်ပွဲမတိုင်မီ (တကယ့်ပွဲကြီးမတိုင်မီ) ပြဋ္ဌာန်းချက်ကျမ်းစာများကို ပထမပြန်ဆိုရပြီးနောက်ပိုင်း ပ၊ ဒု ခွဲခြားကာ ဝင်ရောက်ရ၍ ပထမပြန်ဟုခေါ်ကြောင်းလည်း ယူဆကြ၏။ ဒုတိယပြန်ဟုခေါ်ကြောင်းလည်း ယူဆကြ၏။ ဒုတိယအယူမှာမူ ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီး(တတွဲ) မြန်မာ့မင်းအုပ်ချုပ်ပုံစာတမ်းများအရ စာပြန်ပွဲဝင်မည့် ရဟန်းလောင်း၊ ရှင်လောင်းများသည် သတ်မှတ်အရည်အချင်းပြည့်စုံပြီဆိုပါက ဘုရင့်ရှေ့တော်မှောက်သို့ မင်းညီမင်းသားဝတ်စုံများဖြင့် ဝင်ရောက်ခစားကြရ၏။ (အားလုံးရှင်လိင်ပြန်ရသည်)

ဘုရင့်ရှေ့တော်မှောက်ခစားရသောအခါ တော်၊ ဒူး၊ စနည်း၊ ဘဝေါ၊ လက်ျာမင်းခန်းတော်၊ လက်ဝဲမင်းခန်းတော်စသည့် (Protocol) ဖြင့်သာ ခစားကြရ၏။**"တော်"ဆိုသည်မှာ မြန်မာ့နန်းတွင်းရေး သမိုင်းရာဇဝင်တွင်ထင်ရှားခဲ့ကြသော တွင်သင်းမင်းကြီး ဦးထွန်းညို၊ ပခန်းမင်းကြီး ဦးရန်ဝေး၊ ကင်းဝန်မင်းကြီး ဦးကောင်း၊ ယောအတွင်းဝန် ဦးဖိုးလှိုင် စသည့်ပုဂ္ဂိုလ်များကဲ့သို့ သင့်တော်သည့်နေရာများတွင် အခြေအနေအရ နေထိုင်ခစားကြသည်မျိုးကို ဆိုပေသည်။**

**"ဒူး"ဆိုသည်မှာ သတ်မှတ်နေရာတွင် ဒူးတုတ်ခစားရကြောင်းကို ဆိုလိုပေသည်။ ထိုကဲ့သို့ပင် မင်းညီမင်းသားများ ခစားကြရသောပထမနေရာတော်ဆိုသည်လည်း ရှိပေသည်။ ထိုနေရာတွင် ရှင်လိင်ပြန်ပြီး လူပုဂ္ဂိုလ်တို့သည် မင်းညီမင်းသားဝတ်စုံဖြင့် ဘုရင်အား ခစားကြရ၏။ ဘုရင်က အားပေးချီးမြှောက်၏။ ထိုကဲ့သို့ ခစားသောအခါ မင်းညီမင်းသားဝတ်ရုံ၊ ဗောင်း၊ နတောင်း၊ ခေါင်းပေါင်းဖြူဖော့လုံး၊ မင်းခမ်းတော်ဆိုင်ရာအသုံးအဆောင်များပါ ပါဝင်ရ၏။ မှတ်တမ်းပြုထားချက်များရှိပေသည်။**

ထို့ကြောင့် ပထမနေရာတော်ကိုအကြောင်းပြု၍"ပထမ" ပြန်စာမေးပွဲဟုခေါ်ကြောင်းလည်း ပြောစမှတ်ပြုကြပါ၏။ ထိုစာပြန်ပွဲတော်သည် သီပေါမင်းပါတော်မူပြီး(၂၉-၁၁-၁၈၈၅) ကိုးနှစ်ကျော် ၁၀ နှစ်မျှ စာမေးသဘင်မရှိဘဲ ဖြစ်နေလေတော့သည်။

ထိုအခါ အမျိုးသားရေးဦးဆောင်သူများက (Conservative) စာပြန်ပွဲ စာမေးပွဲသဘင်ကို တမ်းတလွမ်းမိကြောင်းကို ရေးဖွဲ့သီဆိုလာကြ၏။ ထိုအထဲတွင် ၁၂ လရာသီစည်တော်သံတွဲ၍ -

လမေထုန်နယုန်ကျလို့၊ သာသနာ့ဒါယကာ လွမ်းမိဖြာဖြာ၊ ခုနှယ်ခါ သုဓမ္မာရွှေစာပွဲနှင့် လွဲပြီဗျလေး ...

ချိန်ရာသီကရကဋ်မို့ နှစ်ပါးနတ်တစ်ကျွန်းပါ လွမ်းမိခါခါ၊ ရိုက်ချိုးငယ်ညာ၊ ပဉ္စင်းတော်ချိန်ခါနှင့်၊ နန်းနှစ်ဖြာနယ်မြေဝေးလို့၊ လွဲရှာပေ့လေး...စသည်ဖြင့် နှိုးဆော်လာကြရာ ဗြိတိသျှအစိုးရက စားမေးပွဲကျင်းပရန် စိုင်းပြင်းလာရလေသည်။ ထိုစဉ်က မြန်မာနိုင်ငံပညာရေးကို ဗြိတိသျှအစိုးရမှ ဦးဆောင်သူမှာ လော့ဒ်မက်ကောလေးဆိုသူဖြစ်၏။ သူ၏မူဝါဒအရ အုပ်ချုပ်ရေးနှင့် ကြေးတိုင်နှင့် မြေစာရင်းကို အထူးဦးစားပေးလေ၏။ ထို့နောက် ၁၈၈၉ နှစ်နောက်ပိုင်းတွင် မစ္စတာဂျန်ဗင်ဆိုဖရန်ပုပ်(MA)က ဦးဆောင်၏။ ထိုပုဂ္ဂိုလ်သည် တောင်ခွင်ရှင်သာသနာပိုင်၊ ပခန်းဆရာတော်၊ လှထွေးဆရာတော်၊ ကင်းဝန်မင်းကြီးစသည့် ဘုရင်ခေတ်မီလိုက်သောပုဂ္ဂိုလ်များနှင့်တိုင်ပင်၍ စာပြန်ပွဲစနစ်ဟောင်းကို ပြုပြင်ပြောင်းလဲခဲ့လေသည်။ မစ္စတာပုပ်မှာ မြန်မာနိုင်ငံပညာရေးတာဝန်မယူမီ အိန္ဒိယပြည် ဘင်္ဂလားပြည်နယ်တွင် တိမ်ကောပပျောက်နေသော သက္ကတဘာသာကို ပြန်လည်ထွန်းကားအောင်မြင်အောင် နည်းစနစ်သစ်များဖြင့် ပြောင်းလဲတီထွင်ရာ၌ အောင်မြင်မှုရခဲ့သူတစ်ဦးဖြစ်ခဲ့သည်။

သက္ကရာဇ် ၁၂၅၆ (၁၈၉၃-ဒီဇင်ဘာ)တွင် မြန်မာဘုရင်များလက်ထက်တော်ကကဲ့သို့ ပထမပြန်စာမေးပွဲများကျင်းပရန် အမိန့်ရလေသည်။ ထိုအမိန့်အရ ၁၂၅၇ နယုန်လဆန်း ၈ ရက်(၁.၆.၁၉၈၅)တွင် ပထမပြန်စာမေးပွဲကို ပထမဦးစွာ ကျင်းပပေးခဲ့လေသည်။ ရပ်တန့်နေသောစာမေးသဘင်ကို ပုံသဏ္ဌာန်သစ်ဖြင့် ရဟန်းသာမဏေများသာမက လူဝတ်ကြောင်များကိုပါ ဖြေဆိုခဲ့စေသည်။ အာဂုံပြန်မပါဘဲ ပါဠိဘာသာထွန်းကားရေးကိုဦးတည်မှုကြောင့် "ပါဠိပထမပြန်"စာမေးပွဲဟုအမည်တွင်ခြင်းလည်းရှိပေသည်။ ရှေးအစဉ်အလာ ရဟန်းသာမဏေများသာဖြေဆိုခဲ့ကြသော်လည်း မစ္စတာတော်စိန်စို၏ အကြံပေးချက်အရ ၁၂၆၃ (၁၉၀၁)ခုနှစ်မှစ၍ သီလရှင်များကိုပါ ဝင်ခွင့်ပြုခဲ့လေသည်။

ထိုသို့ကျင်းပသည့်အချိန်အခါတွင် အမျိုးသားရေးစိတ်ဓာတ်ပြင်းထန်သူ လူပုဂ္ဂိုလ်နှင့် ရဟန်းတော်အချို့က ဗြိတိသျှအစိုးရက ပါဠိပထမပြန်စာမေးပွဲကို စာမျက်နှာ ၂၀ သို့

# မိုးစပါးနှင့် အခြားသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ရေဘေးကာကွယ်ရေးတာများ ကြံ့ခိုင်မှုရှိစေရေး ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ကွင်းဆင်းဆောင်ရွက်



**နေပြည်တော် ဇွန် ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ ဧရာဝတီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်အေးနှင့် တာဝန်ရှိသူများသည် ဇွန် ၂၀ ရက် နံနက်ပိုင်းက ဟင်္သာတမြို့နယ်ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးရုံးပ်သာဦ ဝန်ကြီးဌာနအောက်ရှိ ခရိုင်၊ မြို့နယ် တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက တာတမံများ တောင့်တင်းခိုင်မာစေရေး၊ ရေကြီးနစ်မြုပ်မှုလျှော့ချနိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ရေဘေးကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ ပေါ့ဆမှုမရှိစေရေး၊ မိုးစပါးနှင့် အခြားသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိစေရေး၊ သီးထပ်စွမ်းအား တိုးမြှင့်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အထွက်နှုန်းကောင်းသော မျိုးစေ့များ ပြောင်းလဲအသုံးပြုနိုင်ရေးနှင့် အရည်အသွေးကောင်းသော သွင်းအားစုများသုံးစွဲနိုင်ရေး၊ ရိတ်သိမ်းချွေလှေ့ရာတွင် အလေအလွင့် နည်းပါးနိုင်ရေးအတွက် စက်ယန္တရားများ စနစ်တကျအသုံးပြုနိုင်ရေး စသည့်စိုက်ပျိုးမွေးမြူရေးနှင့် ရေဘေးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဟင်္သာတခရိုင် ဇလွန်မြို့နယ် ဧရာဝတီ-ဟင်္သာတတာ တာမိုင် ၂၅/၂ ရှိ တာတမံ အခြေအနေ၊ မြစ်ရေတက်ရောက်မှုနှင့် ရေဘေးကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေ၊ ဆန်တန်း ရေကင်းစခန်းနှင့် ဧရာဝတီ -ဟင်္သာတ တာ တာမိုင် ၃၅/၅ နှင့် ၃၆/၄ ကြားရှိ တာတမံကြိုတင်ပြုပြင်ခြင်း လုပ်ငန်းများ သတ်မှတ်ပုံစံပြည့်မီမှု၊ ရေလွှတ်ဘောင် လုံလောက်မှုရှိ၊မရှိ အခြေအနေတို့ကို စစ်ဆေးကာ မိုးရာသီအတွင်း တာတမံများတွင် ရေဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အရေးကြီးသည့်နေရာများတွင် စက်ယန္တရားကြီးများ အဆင်သင့်စီစဉ်ထားရှိကြရန်၊ အရေးပေါ်သုံးပစ္စည်းများ အဆင်သင့်စုဆောင်းထားကြရန်၊ ရေဘေးကာကွယ်ရေးတာများတွင် တာတမံ၊ ရေတံခါးများ၏ ကြံ့ခိုင်လုံခြုံမှုကို ထိခိုက်စေနိုင်သောအခြေအနေများ ဖြစ်ပေါ်နေမှုရှိ၊ မရှိ အထူးအလေးထားပြီး အသေးစိတ်စစ်ဆေးကြရန် ဆွေးနွေးမှာကြားပြီး ရေကင်းစောင့်ဝန်ထမ်းများကို အားပေးစကားပြောကြား၍ ပံ့ပိုးပစ္စည်းများ ပေးအပ်သည်။

ဧရာဝတီ -ဟင်္သာတ တာအနေဖြင့် စုစုပေါင်းတာမိုင်အလျားအရှည် ၈၃ ဒသမ ၈၇ မိုင်ရှိ၍ ရေကင်းစခန်းစုစုပေါင်း ၂၂ ခုရှိပြီး ရေဘေးကာကွယ်ရေးဧရိယာ ၃၃၉၃၈၀ ဧကကို ပုံမှန်တာလုပ်သားဝန်ထမ်းများအပြင် မိုးရာသီကာလ တာလုပ်သားများပါ ခန့်အပ်၍ရေဘေးအန္တရာယ်မှအထူးအလေးထားကာကွယ်ထားရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့် မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

**စာမျက်နှာ ၁၉ မှအဆက်**

နှစ်စဉ်ကျင်းပနေစဉ် ဤစာမေးပွဲကို မဖြေဆိုကြဘဲ အမျိုးသားစာမေးပွဲများကိုစီစဉ်၍ မြန်မာပြည်အနှံ့ ကျင်းပဖြေဆိုလာကြပေသည်။

ထိုစာမေးပွဲများအနက် နောင်သော် နှစ်ရာကျော်ရာပြည့်တည်ရှိလာသော စာမေးပွဲကြီးများဖြစ်ပေါ်လာပေသည်။ မန္တလေးပရိယတ္တိသာသနဟိတအသင်း (ချမ်းအေးသာစံမြို့နယ် ၈၅ လမ်း ၃၄ လမ်းနှင့် ၃၅ လမ်းကြားတည်ရှိ) ရန်ကုန်တွင် စေတီယင်္ဂဏအသင်း (ရွှေတိဂုံစေတီတော်အပေါ်တွင်တည်ရှိ)

မန္တလေးစာမေးပွဲကို ထိုစဉ်က သကျသီဟဘုရားကြီး ပရိဝုဏ်အတွင်း ကျင်းပခဲ့၍ သကျသီဟစာမေးပွဲဟု ပရိယတ္တိစာပေလောကတွင် ထင်ရှားပေသည်။ ထိုစာမေးပွဲများအောင်သောအခါ... အဘိဝံသဆိုသည့်ဘွဲ့ကို ရရှိပေသည်။ တိပိဋကမင်းကွန်းဆရာတော်ဘုရားကြီး၊ ဗန်းမော်ဆရာတော်ကြီး၊ ယောဆရာတော်ကြီး၊ ပါချုပ်ဆရာတော်ကြီး၊ အင်းစိန်ရွာမဆရာတော်၊ လှရတနာဆရာတော် ယခု နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော် စသည့်ထေရ်ကြီးများမှာ ထိုအမျိုးသားစာမေးပွဲများကို အောင်မြင်တော်မူခဲ့ကြ၍ ဘိဝံသ... "သ.စ.အ" ဟု ချီးမြှင့်တပ်ခွင့်ရရှိကြလေသည်။ (သကျသီဟစာမေးပွဲအောင်လျှင် "သ"၊ စေတီယင်္ဂဏစာမေးပွဲအောင်လျှင်"စ"၊ အစိုးရဓမ္မာစရိယအောင်လျှင်" အ" ဟု အတိုကောက်သုံးပါကြောင်း)

ဤသို့နှင့် နယုန်လတိုင်း ရှေးအစဉ် စာပြန်ပွဲ၊ စာမေးပွဲများကို ကျင်းပလာခဲ့ရာ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် စာဖြေလကို ပြောင်းလဲခဲ့လေသည်။ တစ်နွေစာဝါများလိုက်၊ စာသင်ပြီး နယုန်လစာပြန်ပွဲပြီးသည်နှင့် ဝါဆိုရောက်သွားသောအခါ နားချိန်မရှိခြင်း၊ နွေရာသီစာပေသင်ကြားရမှု ရာသီသဘောကို ငဲ့ခြင်း၊ နိုင်ငံတော်အစိုးရကျောင်းများ ပိတ်ထားချိန်ဖြစ်၍ စာဖြေဌာနလွယ်ကူခြင်း၊ တောင်သူလယ်သမားများ အလုပ်ခွင်နားချိန်ကာလဖြစ်ခြင်း၊ ဆွမ်း၊ ကွမ်း၊ ဝေယျာဝစ္စဆောင်ရွက်ရေးကို အဆင်ပြေခြင်း စသည်အကြောင်းကြောင်းတို့ကြောင့် တပေါင်းလတွင် ပြောင်းလဲကျင်းပရန် ဆုံးဖြတ်ခဲ့ကြလေသည်။ ၁-၄-၁၉၅၄ ခုနှစ်တွင် ပါဠိပထမပြန်ဥပဒေ ပြဋ္ဌာန်းခဲ့လေသည်။

နယုန်လပြည့်နေ့ကို မဟာသမယအခါတော်နေ့၊ ငြိမ်းချမ်းရေးအခါတော်နေ့ဟု သတ်မှတ်ခဲ့ကြပေသည်။ ကပ္ပိလနှင့် ကောလိယ နှစ်ပြည်ထောင်တို့ ရောဟဏီမြစ်ခွဲဝေမှုကိုအကြောင်းပြု၍ စစ်မက်ဖြစ်ပွားအံ့သောဆဲဆဲတွင် ဗုဒ္ဓဘုရားရှင် လာရောက်ဖြန်ဖြေ တရားဟောတော်မူရာ၌ ပြေငြိမ်းသွားပေသည်။

ထိုဟောကြားချက်တွင် ငြိမ်းချမ်းရေးမှု ခြောက်ချက်ကို ဇာတ်တော်များကိုအခြေခံ၍ ဟောကြားတော်မူလေသည်။

(၁) အရာရာမဟုတ်သည်၌ အငြင်းအခုံမပြုသင့်ကြောင်းကို "ဖန္ဒန" ဇာတ်တော်ဖြင့် ဟောဖော်ရှင်းပြတော်မူပါသည်။

(၂) တစ်ဆင့်စကားဖြင့် အငြင်းအခုံမပြုသင့်ကြောင်းကို "ပထဝီဥန္ဒြိယ" ဇာတ်လမ်းဖြင့် ခပ်ဆန်းဆန်းရှင်းပြတော်မူပါသည်။

(၃) အားရှိသူတိုင်း အားနည်းသူအား အောင်နိုင်သည်မဟုတ်ကြောင်းကို "လဋုကိက" ဇာတ်ကွက်ဖြင့် မှတ်ချက်ပြတော်မူပါသည်။

(၄) စည်းလုံးမှုမရှိက ပျက်စီးတတ်ကြောင်းကို"ဝဋ္ဋက"ဇာတ်ကြောင်းဖြင့် ထပ်လောင်းရှင်းပြတော်မူပါသည်။

(၅) စည်းလုံးမှုရှိမှသာ ကြီးပွားနိုင်ကြောင်းကို"ရုက္ခဓမ္မ"ဇာတ်သဘောဖြင့် ထပ်ဟောတော်မူပြန်ပါသည်။

(၆) နောက်ဆုံးတွင် မိမိကိုယ်ကို မိမိကဒုက္ခမပေးသင့်ကြောင်းကို "အတ္တဒဏ္ဍ"သုတ်ဖြင့် ဖုံးအုပ်ငြိမ်းအေးစေတော်မူပါသည်။

ထိုဇာတ်တော်ပါ အကြောင်းအရာထဲမှ အချက်အလက်များကို လူသားများ လိုက်နာကျင့်သုံးကြပါက ယနေ့ခေတ်ကမ္ဘာကြီး ပြန်ပေးဆွဲခံထားရသလို အဖြစ်မျိုးမှ တစ်နည်းမဟုတ်တစ်နည်း လွတ်မြောက်ရာ၊ ငြိမ်းချမ်းရာ၏။ လူမှုအဖွဲ့အစည်းသေးသေးလေးမှသည် အာဆီယံ၊ နေတိုး၊ ဆီတိုး၊ ကုလသမဂ္ဂထိပင် ကျင့်သုံး၍ရ၏။

မဟာသမယသုတ်ရွတ်လျှင် နတ်များချစ်ခင်၏ဟု ဆို၏။ ထိုသည်ကို တိပိဋက မင်းကွန်းဆရာတော်ဘုရားကြီးက မဟာသမယသုတ်တွင်ပါသော နတ်ဒေဝတာများ၏နာမတော်များ (နာမည်များ)ကို ရွတ်ဖတ်ရုံနှင့် ငြိမ်းချမ်းမှုကို မည်သို့မည်ပုံရနိုင်ကြောင်းကို ကိုယ်တိုင်မေး၍ ကိုယ်တိုင်ဖြေကြားထားသော အမေးရှိပေသည်။

ဗုဒ္ဓ၏သုတ္တန်ဒေသနာတော်သည် အသုံးချတတ်သူအတွက် ကောင်းခြင်းကို ပေးစွမ်းပါ၏။ ဆရာတော်ကြီးမိန့်ဆိုချက်မှာ နှစ်ဖက်သောလူများမှာ(နတ်များမှာ) အချို့မျက်နှာငယ် မထင်မရှားသူများပါ၏။ ထိုသို့သောသူများကို ဘုရားရှင်က ဇာတိ၊ နာမ၊ ဂုဏ စသည့် အမျိုးနာမနှင့်တကွ တရင်းတနှီးခေါ်ဝေါ်ပြောဆိုဆက်ဆံသောအခါ ပီတိများဖြစ်၍ ဘုရားစကား (တရားတော်)အတိုင်း လိုက်နာကျင့်သုံး၍ ငြိမ်းချမ်းမှုရပုံကို ဟောထားသည့် တရားတော်ရှိပေသည်။

ကမ္ဘာကျော် လူမှုဆက်ဆံရေး မိတ္တဗလဋီကာဆိုင်ရာ ဟောပြောပို့ချ သူ ဒေးကာနက်ဂျီနှင့် နပိုလျံဟီးကဲ့သို့သော မိတ္တဗေဒပညာရှင်က ၂၀ ရာစုမှ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်၏။ ဗုဒ္ဓ၏ မိတ္တဗလ မဟာသမယသုတ္တန်ကား B.C ၆ ရာစုကပင် ပေါ်ပေါက်ခဲ့သည်ဟု ဆိုရပါမည်။ ။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေး အမရပူရမြို့နယ်ရှိ သမိုင်းဝင်အောင်မြေ ရွှေကြက်ကျဆုတောင်းပြည့်မြတ်စွာဘုရား ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေး ချမ်းအေးသာစံမြို့နယ် ကဠုဏမဟီရပ်ကွက်ရှိ အန္တရာယ်ရှိဆောက်အအုံများအား စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇွန် ၂၂**

မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သော မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် နှင့် တာဝန်ရှိသူများသည် မန္တလေး အမရပူရမြို့နယ်ရှိ သမိုင်းဝင်အောင်မြေ ရွှေကြက်ကျ ဆုတောင်းပြည့်မြတ်စွာ ဘုရားသို့သွားရောက်၍ ငလျင်ဒဏ် ကြောင့် ထိခိုက်ပျက်စီးသွားသော ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပြန်လည်ပြုပြင် နေမှုအခြေအနေအား လည်းကောင်း၊ ဂန္ဓကုဋိတိုက်အမိုးများ ပြန်လည်ပြုပြင် ဆောင်ရွက်နေမှု အခြေအနေများအား လည်းကောင်း၊ အပျက်အစီးများ ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နေမှု အခြေအနေများအား လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး အပျက်အစီးများအား ပြင်ဆင်ဆောင်ရွက်ရာတွင် ရှေးဟောင်း သမိုင်းဝင်ဘုရားများ ဖြစ်သည့်အတွက် ရှေးမူမပျက် ပြုပြင်ဆောင်ရွက်သွားကြရန် မှာကြားပြီး တာဝန်ရှိသူများ၏တင်ပြချက် များအပေါ် လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ချမ်းအေးသာစံမြို့နယ် ကဠုဏမဟီရပ်ကွက်နှင့် ပြည်ကြီးမျက်ရှင် ရပ်ကွက်တို့ရှိ အန္တရာယ်ရှိ အဆောက် အအုံများအား စက်ယန္တရားကြီးများ အသုံးပြု၍ အပြီးသတ်ဖယ်ရှား ရှင်းလင်း နေမှုအား ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းစေရေး စနစ်တကျ ပြုလုပ်ဆောင်ရွက်သွားရန် မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင် ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။(မြဝ)

## အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါများဖြစ်သည့် ရာသီတုပ်ကွေးနှင့်ကိုဗစ်-၁၉ ရောဂါများ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါစသည့် အသကရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။ ကိုဗစ်-၁၉ ရောဂါကို ကမ္ဘာ့ကပ်ရောဂါအဖြစ်သတ်မှတ်ထားခြင်းမရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက်ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာသတ်မှတ်ထားပါသည်။ လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း အဆိုပါရောဂါများ ဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

❖ လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်း စသည့်လက္ခဏာများရှိသူများအနေဖြင့် မိမိမှအခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက်-

(က) လူထူထပ်သောနေရာများသို့သွားခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို စနစ်တကျဝတ်ဆင်ခြင်း၊

(ခ) ပါးစပ်နှင့် နှာခေါင်းစည်းဝတ်ဆင်ထားခြင်းမရှိချိန်၌ နှာချေ၊ ချောင်းဆိုပါက လက်ကိုင်ပဝါ၊ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊

(ဂ) ရောဂါလက္ခဏာပြင်းထန်ပါက နီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။

❖ တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည် (Hand Sanitizer)ဖြင့် မကြာခဏစနစ်တကျဆေးကြောခြင်း၊

❖ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့်အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာကာကွယ်ပေးသည့်အတွက် ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့်အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူခြင်း။

**ကျန်းမာရေးဝန်ကြီးဌာန**

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၂၂**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီးနှင့် ပြည်နယ်ခြောက်ခုတို့တွင် ယနေ့ထိသေဆုံးသူ ၃၇၅၈ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ဦးနှင့် ပျောက်ဆုံးသူ ၄၈ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့်ပြည်တွင်း ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့အချိန်နှင့် တစ်ပြေးညီရှာဖွေကယ်ဆယ်ရေးလုပ်ငန်း များဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့ထိအသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၃၆ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ငလျင်ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**၂၀၂၅ ခုနှစ် ဇွန် ၂၂ ရက် ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၉၀၀၀၀ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# တရားမဝင် သစ်မျိုးစုံ၊ မီးသွေး၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၂၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တံတားဦးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမိုင်တိုင်အမှတ် ၃၃၅/၅ နှင့် ၃၃၅/၆ အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင် မီးသွေး ၁၆ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀ နှင့် အဆိုပါ မီးသွေးများ တင်ဆောင်လာသည့် Isuzu Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၂၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။






ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇွန် ၂၁ ရက်တွင် ဘုရားကြီးမြို့နယ် ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၈၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Amandla Mini Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀ ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ဇွန် ၂၂ ရက်တွင် တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့ အတွင်း၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၆၉၆ တန်၊ အခြားသစ် သုည ဒသမ ၈၈၀ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၉၃၆၄ ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၁၉၉၃၆၄ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၂၁ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ်ရှစ်စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် ၆၈ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇွန် ၂၀ ရက်မှ ၂၂ ရက်ထိ ဖမ်းဆီးရမိမှု စုစုပေါင်းအမှုတွဲ ၁၀ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၄၄၉၃၆၄ ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် ၎င်းတရားမဝင်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက် ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၂၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ် လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၂၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Sky Purple" Face-book အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး (၁)နေ မိုးမိုးဇော်အား ည ၁၁ နာရီတွင်လည်းကောင်း၊ ဇွန် ၂၁ ရက်၌ "AUGUST HNIN(နှင်းယဉ်ဖြူ)" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော် ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းအိမ်ရာနေ နှင်းယဉ်ဖြူ(ခ)နှောင်းနှောင်းအား ည ၇ နာရီ မိနစ် ၅၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်း အသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

☆ ကျောဖုံးမှအဆက်

ဆက်စပ်ပစ္စည်းများကို ဖမ်းဆီးရမိသဖြင့် စိုင်းယီ(ခ)ကျိုင်းယီ ၂၅ နှစ်၊ အိုက်လွှ ၂၈ နှစ်၊ စိုင်းဆိုင် ၂၇ နှစ်နှင့် စိုင်းခေးခမ်း ၂၄ နှစ်တို့ လေးဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။




ထို့အတူ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် (၁၂)ရပ်ကွက်ခွဲ အောင်ဖြိုးဝေလမ်းနေ ပွင့်ဦး၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၃၈ သိန်း) ဖမ်းဆီးရမိသဖြင့် ပွင့်ဦး ၅၇ နှစ်ကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့ကမွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များကို ငွေကြေးထောက်ပံ့ခြင်းအစီအစဉ်(MCCT) အသိပေးနှိုးဆော်ခြင်း

တိုင်းဒေသကြီး၊ ပြည်နယ် ငါးခုဖြစ်သော ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသ၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ **၂၀၂၅ ခုနှစ် ဇွန် ၃၀ ရက်ထိ** ကိုယ်ဝန်ဆောင်အဖြစ် ရှိနေသူများအနေဖြင့် MCCT အစီအစဉ်ခံစားခွင့်ရရှိရန် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် နီးစပ်ရာလူမှုဝန်ထမ်းရုံးများသို့ ဇွန် ၂၅ ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

❒ စားအုန်းဆီဈေးနှုန်းမှအဆက်

ဇွန် ၂၃ ရက်မှ ၂၉ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၀၈၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်ထိခန့်မှန်းချက်

နေပြည်တော် ဇွန် ၂၂

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်ထိခန့်မှန်းချက်မှာ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

# နယ်ပယ်ပေါင်းစုံတွင် ဆက်ဆံရေးတိုးတက်လာသော တရုတ်နှင့် ဘရာဇီး

ဘရာဇီးသမ္မတ လူအစ်ဇ်အီနာကီယိုလူလာဒါဆီဗာသည် ယခုနှစ် မေ ၁၀ ရက်မှ ၁၄ ရက်ထိ တရုတ်နိုင်ငံသို့ ခြောက်ကြိမ်မြောက် လာရောက်လည်ပတ်ခဲ့သည်။ ခရီးစဉ်အတွင်း လူလာဒါသည်တရုတ်ခေါင်းဆောင်များနှင့် တွေ့ဆုံကာ တရုတ်-ဘရာဇီး ဘက်စုံလွှမ်းခြုံသောမဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးနှင့်နှစ်နိုင်ငံ ဖွံ့ဖြိုးမှုမဟာဗျူဟာများ ခိုင်မာအားကောင်းလာစေရန်ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့သည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် အမေရိကန်သမ္မတဒေါ်နယ်ထရန့်အစိုးရအဖွဲ့၏မူဝါဒများကြောင့် ဖြစ်ပေါ်လာသည့် ပြင်ပခြိမ်းခြောက်မှုများကိုင်တွယ်ဖြေရှင်းရေးနှင့်စပ်လျဉ်း၍လည်း အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် သမ္မတလူလာဒါသည် တရုတ်၊ လက်တင်အမေရိကနှင့် ကာရစ်ဘီယံနိုင်ငံများအသိုက်အဝန်းဖိုရမ်(China-CELAC Forum) ၏ လေးကြိမ်မြောက်ဝန်ကြီးများ အစည်းအဝေးသို့လည်းတက်ရောက်ခဲ့ပြီး နှစ်နိုင်ငံစီးပွားရေးနှင့်ကုန်သွယ်ရေးဆိုင်ရာလုပ်ရှားမှုများ ဆွေးနွေးပွဲများသို့လည်း တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**နိုင်ငံရေးနှင့်စီးပွားရေးနယ်ပယ်**


ဘရာဇီးနိုင်ငံသည် လက်ရှိအချိန်တွင် ဘဏ္ဍာရေးဆိုင်ရာ စွမ်းဆောင်မှု၊ အတိုးနှုန်းများမြင့်တက်မှု၊ နိုင်ငံခြားကုန်သွယ်မှုတို့နှင့်စပ်လျဉ်းသည့်စီးပွားရေးဆိုင်ရာဖိအားများနှင့်ရင်ဆိုင်ရလျက်ရှိသည်။ ဘရာဇီးအစိုးရ၏ဘဏ္ဍာရေးဆိုင်ရာဖိအားများသည် လူလာဒါအစိုးရအဖွဲ့ကို စီးပွားရေးနှိုးဆွရေးဆိုင်ရာအစီအမံများ ပိုမိုအကောင်အထည်ဖော်ရေးအတွက် အခက်အခဲဖြစ်ပေါ်စေလျက်ရှိသည်။

ထိုအတောအတွင်း ပြည်တွင်းအတိုးနှုန်းသည် မြင့်တက်နေဆဲဖြစ်ပြီး ဆက်လက်မြင့်တက်လာမည့် လက္ခဏာများလည်းရှိနေသည်။ ယခင်က အမေရိကန်ဒေါ်လာကို လက်ခံအသုံးပြုခဲ့သောကြောင့် ဘရာဇီးနိုင်ငံသည် ငွေကြေးဖောင်းပွမှုဖိအားများနှင့် ရင်ဆိုင်ရလျက်ရှိသည်။ ဘရာဇီးဗဟိုဘဏ်သည် ခြောက်ကြိမ်ဆက်တိုက် အတိုးနှုန်းမြှင့်ခဲ့ရသောကြောင့် စီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် အိမ်ထောင်စုအသုံးစရိတ်များအပေါ် ကုန်ကျစရိတ်မြင့်တက်လာစေလျက်ရှိသည်။

ထရန့်အစိုးရအဖွဲ့၏ စည်းကြပ်ခွန် တိုးမြှင့်မှုသည် ဘရာဇီးပို့ကုန်များအပေါ် တိုက်ရိုက်သက်ရောက်မှု ဖြစ်ပေါ်လျက်ရှိသလို အမေရိကန်ပြည်ထောင်စုရန်ပုံငွေမှ အတိုးနှုန်းလျှော့ချရန် ငြင်းဆန်မှုတို့သည် ဘရာဇီးနိုင်ငံအပေါ် ငွေကြေးဖောင်းပွမှုဖိအားများ ပိုမိုမြင့်တက်လာစေလျက်ရှိသည်။ အဆိုပါဖိအားများသည် ဘရာဇီး၏ ပြည်ပပို့ကုန်များနှင့်စပ်လျဉ်း၍ မူဝါဒပိုင်းဆိုင်ရာဖိအားများ ပိုမိုသက်ရောက်စေလျက်ရှိသည်။

ဘရာဇီးဗဟိုဘဏ်၏ ယခုနှစ် မတ်လတွင် ထုတ်ပြန်သောအစီရင်ခံစာအရ သံမဏိနှင့်အလူမီနီယံတို့အပေါ် အမေရိကန်၏ စည်းကြပ်ခွန်တိုးမြှင့်ကောက်ခံမှုကြောင့် ဘရာဇီး၏စီးပွားရေးကို ၂၀၂၅ ခုနှစ်တွင် ၁ ဒသမ ၉၉ ရာခိုင်နှုန်းသာတိုးတက်ရန် ခန့်မှန်းနိုင်ပြီး ယခင်ခန့်မှန်းထားသည်ထက် သုညဒသမ ၀၂ ရာခိုင်နှုန်းခန့် လျှော့နည်းကျဆင်းလျက်ရှိသည်။ အလားတူကာလတွင် ငွေကြေးဖောင်းပွမှု ၅ ဒသမ ၆၆ ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်ကြောင်း မျှော်မှန်းထားရှိသည်။ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ကလည်း ငွေအတိုးနှုန်းသည် ၁ ဒသမ ၂၅ မှ ၁ ဒသမ ၅ ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်ကြောင်း ခန့်မှန်းထားရှိသည်။ OECD အဆိုအရ ဘရာဇီးကုမ္ပဏီများအတွက် ချေးငွေအတိုးနှုန်းများသည် မူလကတည်းကမြင့်မားနေပြီး အတိုးနှုန်းထပ်မံမြင့်တက်လာခြင်းသည် ပုဂ္ဂလိကကဏ္ဍ ကြွေးမြီအန္တရာယ် ပိုမိုဆိုးရွားလာစေနိုင်ကြောင်း ဖော်ပြထားသည်။

ထိုအခြေအနေများကြောင့် ဘရာဇီးသည် တရုတ်နိုင်ငံနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်များရရှိရန် စိတ်အားထက်သန်လျက်ရှိသည်။ ဘရာဇီးနိုင်ငံသည် တရုတ်ဈေးကွက်များပိုမိုရရှိရန်နှင့် တရုတ်ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆွဲဆောင်ရန် စိတ်အားထက်သန်လျက်ရှိသည်။ ၂၀၁၈ ခုနှစ် တရုတ်-အမေရိကန် ကုန်သွယ်မှုစစ်ပွဲကာလတွင် တရုတ်နိုင်ငံသို့ ဘရာဇီး၏ကုန်စည်တင်ပို့မှုသိသိသာသာမြင့်တက်ခဲ့သည်။ လက်ရှိအချိန်တွင် ဘရာဇီးသည် ထရန့်၏ စည်းကြပ်ခွန်တိုးမြှင့်မှုကြောင့် ဖြစ်ပေါ်လာသည့်သက်ရောက်မှုများ ခံစားနေရသော်လည်း လူလာဒါအစိုးရအဖွဲ့သည် တရုတ်နိုင်ငံတွင်ဈေးကွက်ချဲ့ထွင်ရေးနှင့်စပ်လျဉ်း၍ အပြု



ဘရာဇီးသမ္မတနှင့် တရုတ်သမ္မတတို့ တွေ့ဆုံစဉ်။

သဘောဆောင်စွာ မျှော်မှန်းလျက်ရှိသည်။

ဘရာဇီးသတ္တုနှင့်စွမ်းအင်ဝန်ကြီး အလက်ဇန္ဒားစီဗာရီယာကထရန့်လုပ်ဆောင်သည့် စည်းကြပ်ခွန်တိုးမြှင့်ကောက်ခံခြင်းကိုဘရာဇီးနိုင်ငံအတွက် အခွင့်အလမ်းတစ်ရပ်အဖြစ်ဖော်ပြလျက်ရှိသည်။ ဘရာဇီးပြည်ပအသားတင်ပို့ရေးလုပ်ငန်းအဖွဲ့(ABIEC)အကြီးအကဲ ရောဘတ်တိုပီရီဆာက ဘရာဇီးနိုင်ငံသည် အာရှဈေးကွက်များ၊ အထူးသဖြင့် တရုတ်နိုင်ငံသို့ လယ်ယာနှင့်သားငါးထုတ်ကုန်များ ရေရှည်တင်ပို့ရန် အလားအလာကောင်းများရှိသည်ဟု ယုံကြည်ထားသည်။ ၎င်းသည် ပြောင်းလဲဖြစ်ပေါ်နေသော ကုန်သွယ်မှုအခင်းအကျင်းကို တရုတ်-ဘရားဇီး ပူးပေါင်းဆောင်ရွက်မှုအတွက် မကြုံစဖူးသောအခွင့်အလမ်းများအဖြစ် ရှုမြင်ထားရှိသည်။ ထို့ပြင် ဘရာဇီးစိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးကားလို့စ်ဖာဗာရိုကလည်း အမေရိကန်၏ စည်းကြပ်ခွန်တိုးမြှင့်ကောက်ခံမှုကြောင့်ဖြစ်ပေါ်လာသည့် ဆုံးရှုံးမှုများ ခုနှိမ်ရန် တရုတ်နိုင်ငံသို့ လယ်ယာထွက်ကုန်များ တိုးမြှင့်တင်ပို့ရန် လိုအပ်ချက်ကိုအလေးထားပြောဆိုခဲ့သည်။

အမေရိကန်၏ တစ်ဖက်သတ်ဆန်သောမူဝါဒများကြောင့် ဘရာဇီးကဲ့သို့သောထွန်းသစ်စစီးပွားရေးများသည် ကမ္ဘာလုံးဆိုင်ရာအရောင်းကွင်းဆက်ပြန်လည်တည်ဆောက်ရေးရည်မှန်းကာဘုံဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို တက်ကြွစွာလုပ်ဆောင်လာလျက်ရှိသည်။ ဘရာဇီးနိုင်ငံသို့ တရုတ်ရင်းနှီးမြှုပ်နှံမှုများဆွဲဆောင်ခြင်းနှင့် တရုတ်-ဘရာဇီးမဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်းသည် လူလာဒါခရီးစဉ်၏ အဓိကဦးတည်ချက်များပင်ဖြစ်သည်။ ၎င်း၏ခရီးစဉ်အတွင်းတရုတ်နှင့်ဘရာဇီးတို့သည် လယ်ယာစိုက်ပျိုးရေး၊ အစိမ်းရောင်စွမ်းအင်၊ နည်းပညာနှင့် အခြားသောကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်များ လက်မှတ်ရေးထိုးခဲ့သည်။

လူလာဒါ၏အစိုးရအဖွဲ့သည် နိုင်ငံပေါင်းစုံသံခင်းတမန်ခင်းနှင့် ကမ္ဘာ့တောင်ခြမ်းဒေသနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုတို့တွင် အောင်မြင်မှုရရှိနေပြီး ၎င်း၏ လွတ်လပ်သောနိုင်ငံခြားရေးဝါဒကိုအလေးထားဖော်ဆောင်လျက်ရှိသည်။ လူလာဒါသည် ၎င်း၏ တတိယအကြိမ်မြောက် သမ္မတသက်တမ်းကာလအတွင်း ဘုရားဇီးနိုင်ငံအနေဖြင့် တရုတ်၊ လက်တင်အမေရိကနှင့် ကာရစ်ဘီယံနိုင်ငံများအသိုက်အဝန်း၌ အဖွဲ့ဝင်အဖြစ် ပြန်လည်ဝင်ရောက်ခဲ့ပြီး ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကတို့ဖြင့် ဖွဲ့စည်းထားသော (BRICS) ယန္တရားခိုင်မာအားကောင်းရေးအတွက် ထောက်ခံအားပေးခဲ့သည်။ BRICS သည် လက်ရှိအချိန်တွင် အဖွဲ့ဝင် ၁၀ နိုင်ငံထိ ရှိလာပြီဖြစ်သည်။

**တရုတ်နိုင်ငံ၏မူဝါဒ**

လူလာဒါလက်ထက်တွင် ဘရာဇီးနိုင်ငံသည် ယခင်သမ္မတဂျိုင်ယာဘိုဆိုနာရိုလက်ထက်နှင့်မတူသောနိုင်ငံခြားရေးမူဝါဒများချမှတ်ကျင့်သုံးလျက်ရှိသည်။ အမျိုးသားအဆင့် မိမိကိုယ်ကိုမှီခိုမှုနှင့် မဟာဗျူဟာမြောက်လုပ်ပိုင်ခွင့်တို့သည် ဘရာဇီးနိုင်ငံကို ကမ္ဘာ့အင်အားကြီးနိုင်ငံများကြား အမှီအခိုကင်းသည့် စေ့စပ်ညှိနှိုင်းသူအဖြစ်ရပ်တည်စေနိုင်ပြီး ၎င်း၏အမျိုးသားအကျိုးစီးပွားနှင့်အညီနိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာအားကောင်းစေသည်။ အဆိုပါချဉ်းကပ်ဆောင်ရွက်မှု၏ အဓိကအချက်သည် တရုတ်နိုင်ငံအပါအဝင် ကမ္ဘာ့တောင်ခြမ်းနိုင်ငံများနှင့် ခိုင်မာသောဆက်ဆံရေးတည်ဆောက်သွားရန်ပင်ဖြစ်သည်။

လူလာဒါအစိုးရအဖွဲ့သည် တရုတ်နိုင်ငံကို ဘရာဇီးနိုင်ငံ၏ အကြီးမားဆုံးကုန်သွယ်ဖက်နိုင်ငံအဖြစ်သဘောထားလျက် ပေကျင်းနှင့် ချစ်ကြည်ရင်းနှီးမှုခိုင်မာအားကောင်းလာခြင်းကို အမေရိကန်နှင့် ခြွင်းချက်မရှိဆက်ဆံခြင်းထက် ပိုမိုလက်တွေ့ကျသည်ဟု ရှုမြင်ထားရှိသည်။ နှစ်နိုင်ငံသည် အခြေခံအဆောက်အအုံ၊ စွမ်းအင်နှင့် နည်းပညာဆန်းသစ်တီထွင်မှုတို့တွင်ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လျက်ရှိသည်။ ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုအရွေ့ပြောင်းလဲလာမှုနှင့်အတူ နှစ်နိုင်ငံ၏စီးပွားရေးဆိုင်ရာ အပြန်အလှန်မှီခိုမှုသည် ပိုမိုကြီးထွားလာလျက်ရှိသည်။

သို့သော်ကိုယ်ကျိုးစီးပွားကာကွယ်သည့် အမေရိကန်၏ လက်ရှိနိုင်ငံခြားရေးမူဝါဒသည် ကမ္ဘာလုံးဆိုင်ရာ အရောင်းကွင်းဆက်နှင့် စီးပွားရေးစနစ်များကို ကမောက်ကမဖြစ်ပေါ်စေလျက်ရှိသည်။ 'အမေရိကန်သာလျှင်ပထမ' ဆိုသောအခြေခံသဘောတရားသည် လက်တင်အမေရိကနိုင်ငံများနှင့် စီးပွားရေးဆိုင်ရာထိတွေ့ဆက်ဆံမှုကို ဆုတ်ယုတ်လာစေပြီး အချို့သောနိုင်ငံများအပေါ် ကုန်သွယ်ရေးဆိုင်ရာ တင်းကျပ်ပိတ်ဆို့မှုများကိုသာဖြစ်ပေါ်စေလျက်ရှိသည်။ အဆိုပါစိန်ခေါ်မှုများကို ရင်ဆိုင်လာရသည့်အချိန်တွင် လူလာဒါအစိုးရအဖွဲ့သည် ဘရာဇီး၏ နိုင်ငံတကာမိတ်ဖက် ဆက်ဆံရေးအား ပိုမိုကြံ့ခိုင်မှုနှင့်မဟာဗျူဟာမြောက်လိုက်လျောညီထွေရှိမှုတို့အပေါ် လက်တွေ့ကျကျတိုးချဲ့လုပ်ဆောင်လာလျက်ရှိသည်။

**အဓိကကျသောအချက်များ**

လူလာဒါ၏တရုတ်နိုင်ငံခရီးစဉ်သည် အမေရိကန်၏ကုန်သွယ်ရေးဆိုင်ရာ ကိုယ်ကျိုးစီးပွားကာကွယ်မှုကြောင့်ဖြစ်ပေါ်လာသည့် စိန်ခေါ်မှုများကိုတုံ့ပြန်နိုင်ရေးပြည်ပပို့ကုန်ပိုမိုတင်ပို့ရန်နှင့် တရုတ်ရင်းနှီးမြှုပ်နှံမှုများဆွဲဆောင်ရန်ရည်မှန်းထားသည့် ခိုင်မာသော ကုန်သွယ်ရေးဆိုင်ရာအစီအစဉ်များကို မီးမောင်းထိုးပြသလျက်ရှိသည်။

ဘရာဇီးနိုင်ငံသည် ၎င်း၏အခြေခံအဆောက်အအုံနှင့်စွမ်းအင်ကဏ္ဍများတွင် တရုတ်ရင်းနှီးမြှုပ်နှံမှုများဆွဲဆောင်ရန်စိတ်အားထက်သန်လျက်ရှိသည်။ အစိမ်းရောင်စွမ်းအင်ပြောင်းလဲရာတွင် အဆင်ပြေချောမွေ့စေရန် ဘရာဇီး၏ဓာတ်အားလိုင်းအခြေခံအဆောက်အအုံအဆင့်မြှင့်တင်ရေးကိုအလေးထားဆွေးနွေးခဲ့သည်။ နှစ်နိုင်ငံအစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်များသည် ရထားလမ်းများ၊ အဝေးပြေးလမ်းများ၊ စွမ်းအင်နှင့် ဓာတ်အားလိုင်းများတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိသည်။

စက်မှုလုပ်ငန်းကူးပြောင်းမှုနှင့်နည်းပညာဆိုင်ရာဆန်းသစ်တီထွင်မှုတို့တွင် တရုတ်နှင့်ဘရာဇီးတို့သည် စက်မှုလုပ်ငန်းဆိုင်ရာ အရောင်းကွင်းဆက်များတွင် နက်ရှိုင်းစွာပူးပေါင်းဆောင်ရွက်ရန်၊ နည်းပညာကူးပြောင်းမှုမြှင့်တင်ရန်၊ အရောင်းကွင်းဆက်တိုးတက်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို တိုးမြှင့်လုပ်ဆောင်ရန်ရည်မှန်းထားရှိသည်။ လွန်ခဲ့သောနှစ်အတွင်း ဘရာဇီးနိုင်ငံသည် စက်မှုလုပ်ငန်းမူဝါဒသစ်အောက်တွင်တစ်ပိုင်း လျှပ်ကူးပစ္စည်းများ၊ စွမ်းအင်နှင့် မော်တော်ကားထုတ်လုပ်ခြင်းကဲ့သို့သော မဟာဗျူဟာမြောက်နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းများ ရွေးချယ်လုပ်ဆောင်လျက်ရှိသည်။ တရုတ်နှင့်ဘရာဇီးကုမ္ပဏီများသည် အဆိုပါနယ်ပယ်များတွင် နက်ရှိုင်းစွာပူးပေါင်းဆောင်ရွက်ရန် မျှော်မှန်းထားရှိသည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် လယ်ယာလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ရေးအတွက်လည်း ဆွေးနွေးခဲ့ကြသည်။ မည်သို့ပင်ဆိုစေ လာလူဒါ၏ခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေးကိုနက်ရှိုင်းစေပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်မည့်အပြင် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာနိုင်ငံရေး၊ စီးပွားရေးအခင်းအကျင်းတို့ကို အပြုသဘောဆောင်သော အပြောင်းအလဲများဖြစ်ပေါ်လာမည်မှာ အသေအချာပင် ဖြစ်ပေတော့သည်။

**ကိုးကား**

- Decoding Lula'sHigh-Stakes China Visit by Beijing Review.

**မောင်သောင်းဝင်း(တမန်ဟောင်း)**

ဝတ္ထုတိုကဏ္ဍ

# ခယောင်းလမ်းမှာ သာသောလ

ချစ်သက်(မြန်မာစာ)



(၁)

သူရသည် ကြက်ကြော်ကို အားရပါးရကိုက်၍ စားနေသော သားဖြစ်သူကိုကြည့်၍ ပြုံးနေသည်။ အသက် ၆၀ အရွယ် ဒေါ်ရင်ရွှေမှာ ပုတီးကိုကိုင်၍ ဘုရားစင်ရှေ့ဝယ် ဘုရားရှိခိုးနေသည်။ ဘုရားရှိခိုး အမျှဝေပြီး၍ ဒေါ်ရင်ရွှေ ထမင်းစားခန်းသို့ထွက်လာသည်။ ထိုအချိန်တွင် မြေးဖြစ်သူက ကြက်ကြော်ကို ကိုက်ရင်း–

"အဘွား ထမင်းစားတော့မလား။ သားတော့ ကြက်ကြော်နဲ့စားနေပြီ။ သားနဲ့ လာစားလေ အဘွား"

" စားပါ စားပါ မြေးရယ်။ အဘွားက ကြက်သား မကြိုက်ဘူးကွဲ့။ စား မြေးသာစား"

ဒေါ်ရင်ရွှေသည် မြေးဖြစ်သူကို စကားပြောရင်း ထမင်းစားခန်းတွင်မထိုင်ဘဲ အိမ်ရှေ့သို့ ထွက်သွားတော့သည်။ သူရသည် မြေးအဘွားနှစ်ယောက်၏ အမူအရာကိုကြည့်ရင်း သက်ပြင်းတစ်ချက် ချလိုက်သည်။

" အဖေ အဘွားက ဘာလို့ ကြက်သားမကြိုက်တာလဲ ဟင်"

သားဖြစ်သူ၏ အမေးကို သူရတစ်ယောက် ချက်ချင်းအဖြေပေးရန် အခက်တွေ့သွား၏။ ထို့နောက် သူရ၏မျက်ဝန်းတစ်စုံသည် အတိတ်က ပုံရိပ်များဆီသို့ ရောက်ရှိသွားတော့သည်။

(၂)

"ထွားမေ ညည်း အောင်တိုးကို ယူဖို့သင့်တယ်လို့ အမေ ထင်တယ်။ အရွယ်လေးရှိတုန်း။ အောင်တိုးက အရက်ပဲသောက်တာ။ လုပ်ရည်ကိုင်ရည်တော့ ရှိပါတယ်ဟယ်။ သွားလေသူက သွားပြီပဲ။ ညည်း သားနှစ်ယောက်ရဲ့ ရှေ့ရေးကိုကြည့်သင့်တယ်နော်။ ညည်း ဘာအလုပ်မှလဲ လုပ်တတ်တာ မဟုတ်ဘူး။ ညည်းလို မုဆိုးမ သားနှစ်ယောက် အမေကို အောင်တိုး စိတ်ဝင်စားတာ ကံကောင်းတယ်မှတ်။ ငါကတော့ သဘောတူတယ်"

သားအမိနှစ်ယောက်၏ ပြောစကားများကို သူရ ကောင်းကောင်း ကြားလိုက်သည်။ ထွားမေသည် အမေဖြစ်သူကို စကားမပြောတော့ဘဲ အိမ်ခန်းထဲသို့ ဝင်လိုက်သည်။ သူရသည် အမေဖြစ်သူ၏ နောက်သို့ ထက်ကြပ်မကွာ လိုက်သွားသည်။ မိခင်ဘေးတွင် သူရ ထိုင်လိုက်၏။ ကျလာသော မျက်ရည်များကို သူရ လက်ဖြင့်သုတ်ပေးလိုက်သည်။

" အမေ "

" ပြောလေ သား"

" အမေ ဦးအောင်တိုးကို မယူပါနဲ့နော်။ အမေနဲ့ အဘွား ပြောတာတွေကို သားကြားပြီးပြီ။ ဦးအောင်တိုးကို အမေယူရင် သားတို့ ညီအစ်ကို နှစ်ယောက်ကို အရက်သမားသားတွေလို့ ခေါ်ကြမှာ အမေရဲ့။ အရက်သမားသားတော့ အဖြစ်မခံနိုင်ဘူး အမေ။ သား ကျောင်းထွက်ပြီး အလုပ် လုပ်ပါ့မယ် အမေ"

သားဖြစ်သူ၏စကားကို ထွားမေ နားထောင်နေ၏။ ထို့နောက် ကျလာသောမျက်ရည်တို့ကို သုတ်ရင်း သားဖြစ်သူကို ရင်ခွင်ထဲသို့ သွင်းလိုက်သည်။

"စိတ်ချပါ သားရယ်။ သားလဲ ကျောင်းမထွက်ရဘူး။ အမေလဲ အောင်တိုးကို မယူဘူး။ ဟုတ်ပြီလား"

သူရသည် မိခင်ဖြစ်သူကို ခေါင်းညိတ်ပြလိုက်၏။

"အမေ့မှာ ခြေတွေ၊ လက်တွေ အစုံရှိတယ်။ အမေ ရှိနေသမျှ ကာလပတ်လုံး သားတို့ညီအစ်ကို နှစ်ယောက် အေးအေးဆေးဆေး ကျောင်းတက်။ ဘာမှမပူနဲ့။ အမေကြိုးစားပါ့မယ်။ သားသာ စာကြိုးစား။ ဟုတ်ပြီလား"

ထွားမေ၏ စကားပြောသံသည် ကြည်လင်သည်။ ပြတ်သားသည်။ ရဲရင့်သည်။ မိမိကိုယ်ကို ယုံကြည်မှု အပြည့်ရှိသည်။ သူရသည် မိခင်ရင်ခွင်ထဲမှ ထွက်၍ လက်အုပ်ချီ ရှိခိုးလိုက်သည်။

(၃)

ထွားမေသည် ဈေးဗန်း ခေါင်းပေါ်ရွက်လျက် တစ်ရွာဝင်တစ်ရွာထွက် ဈေးရောင်းသည်။ ဝမ်းဝရုံ အပြင် အပိုမထွက်။ ထို့ကြောင့် ထွားမေ တစ်ယောက် အလုပ်ပြောင်းရန် စီစဉ်ရပြန်သည်။ နောက်ဆုံး သူငယ်ချင်း၏ အကူအညီဖြင့် ကြက်များဝယ်ရောင်း လုပ်ရန် ဆုံးဖြတ်ချက်ချရတော့သည်။ ထွားမေသည် ကြက်များကို တစ်ရွာဝင်တစ်ရွာထွက် လိုက်၍ဝယ်သည်။ ထို့နောက် ဝယ်၍ရသော ကြက်များကို ကြက်ဒိုင်သို့ သွင်းသည်။ အချို့ ကြက်ပိုင်ရှင်များက ထွားမေကို အကြွေးပေးသည်။ ထွားမေလည်း ကတိတည်သည်။ ထို့ကြောင့် ထွားမေသည် ပိုက်ဆံ အရင်းမများဘဲ ကြက်အရောင်းအဝယ်မှာ အဆင်ပြေလှသည်ဟု ဆိုရပေမည်။ ကြက်ရောင်း၍ရလာသော ငွေများမှာ မိသားစုအသုံးစရိတ် လောက်ငရုံလောက်သာဖြစ်သည်။ သားကြီးသူရ တက္ကသိုလ်ဝင်တန်းအောင်၍ ပညာရေးကောလိပ်တက်ချိန်၌ ထွားမေတစ်ယောက် အလုပ်ကိုပို၍အားစိုက်ရသည်။ သို့သော် သားကြီး သူရ၊ သားငယ် သီဟတို့၏ ကျောင်းစရိတ်ကြောင့် ထွားမေ အကြွေးတဖြည်းဖြည်းတင်လာသည်။ သားကြီး သူရအတွက် ပိုက်ဆံကိုလည်း အတိုးဖြင့်ချေး၍ အဆင်ပြေအောင် ပြုလုပ်ပေးသည်။

"ထွားမေ နင်ဒီအလုပ်ပဲ ဆက်လုပ်တော့မယ် ဆိုရင်။ ငါ အကြံတစ်ခုပေးမယ်။ နင်လုပ်ကြည့်မလား။ လက်တော့ ရဲဖို့လိုတယ်"

လုပ်ဖော်ကိုင်ဖက်၏ ပြောစကားကို ထွားမေ စိတ်ဝင်စားသွား၏။

"ဟဲ့ ပြောကြည့်လေ။ ငါလဲ ဒီအလုပ်နဲ့ အဆင်သိပ်မပြေဘူး။ အလုပ်ပြောင်းမလားလို့ စိတ်ကူးနေတာ"

"ထွားမေရယ် ဒီလို။ နင်လဲ လုပ်ငန်းမပြောင်းရဘူး။ နင်ဝယ်လာတဲ့ ကြက်တွေကို ကိုယ်တိုင်သတ်ပြီး ပြန်ရောင်းလေ။ ငွေအရင်းရဲ့ ထက်ဝက်တော့ ကျန်တယ်။ အကုသိုလ်တော့ ကြီးတာပေ့ါဟယ်။ ငါ့အမျိုးသားလဲ အဲဒီအလုပ်ပြောင်းလုပ်နေတာ"

ထွားမေသည် ခေါင်းညိတ်ရင်း–

"အေးပါဟယ်။ ငါကြိုးစားကြည့်မယ်"

ထွားမေသည် ကြက်များကိုဝယ်၍ ဒိုင်မသွင်းတော့ဘဲ ကိုယ်တိုင်သတ်ပြီးပြန်ရောင်းသည့်အလုပ်ကို တစိုက်မတ်မတ် လုပ်ကိုင်ခဲ့သည်။ လင်ယောကျ်ား ရှိစဉ်က ကြက်မပြောနှင့် ပုရွက်ဆိတ်တောင် မသတ်ရဲသည့် ထွားမေ။ သို့သော် လောကဓံ၏ အထောင်းအထုကိုခံရသောအခါ ဘဝကို ရဲရဲရင်ဆိုင်ရန် ဆုံးဖြတ်ချက်ချရတော့၏။

(၄)

နံနက် တုံးခေါက်သံကြားသည်နှင့် ထွားမေ အိပ်ရာထရတော့၏။ မျက်နှာသစ်ပြီး ရေနွေးအိုးတည်ရန် မီးမွှေးတော့သည်။ ရေနွေးဆူလာသည်နှင့် ထွားမေသည် ကြက်၏ခြေထောက်တစ်စုံကိုဆုပ်ကိုင်လိုက်ပြီး ကျန်လက်က တစ်တောင်ခန့်ရှိသော သစ်သားတုတ်ကို ကိုင်ထားသည်။ ထို့နောက် မျက်စိကို မှိတ်ကာ ကြက်၏ခေါင်းကို အားကုန်ရိုက်လိုက်၏။ ဘယ်နှချက်မှန်းမသိလိုက်။ ကြက်သေပြီဟု ထင်မှ မြေပြင်ပေါ်သို့ ပစ်ချလိုက်၏။ ထွားမေ၏ တစ်ကိုယ်လုံး ကြက်သွေးများ ဖုံးလွှမ်းသွားသည်။ ထွားမေသည် ကြက်သေများကို ဆူနေသော ရေနွေးအိုးထဲသို့ စိမ်လိုက်၊ အမွေးနုတ်လိုက်ဖြင့် အလုပ်ရှုပ်နေသည်။ နံနက် မိုးစင်စင်လင်းပါမှ ကိစ္စအားလုံး ပြီးတော့သည်။ ထို့နောက် ဖောက်သည်မှာထားသူများထံ ကြက်ပို့ရန် ပြင်ဆင်တော့သည်။ ဤသည်က ထွားမေ၏ နိစ္စဓူဝ အလုပ်ပင်တည်း။ ဘဝဒုက္ခအခက်အခဲဖြင့် ကြုံလာသောအခါ ကြက်များကိုသတ်ရန် ဝန်မလေးတော့သောထွားမေ။ လက်ရဲလာသော ထွားမေ။ ငရဲကို မကြောက်သောထွားမေ။ ထွားမေသည် သားနှစ်ယောက်၏ပညာရေးအတွက် ငရဲလမ်းကို ပန်းမွေ့ရာသဖွယ် လျှောက်နေတော့၏။ ထွားမေအတွက် ကြက်သတ်ရသည်မှာ အရေးမကြီးပေ။ သားနှစ်ယောက် ပညာကို အေးအေးဆေးဆေးသင်ရန်သာ အရေးကြီးသည်။ အရာရာတိုင်းသည်သားနှစ်ယောက်အတွက်သာ။

(၅)

တစ်နေ့ သားကြီးသူရဆီမှ ထွားမေဆီသို့ စာတစ်စောင် ရောက်လာသည်။ ထွားမေသည် စာအိတ်ကို ဖောက်လိုက်၏။ ထို့နောက် လက်ရေးဝိုင်းဝိုင်းကလေးဖြင့် ရေးထားသော သားလက်ရေးကို အားရပါးရ ဖတ်လိုက်သည်။

"သို့ ချစ်ရပါသော အမေ။ သားသတိရခြင်းများစွာဖြင့် စာရေးလိုက်ပါတယ်။ သား တန်းပြဆင်းပြီးရင် ဝန်ထမ်းဖြစ်တော့မယ်သိလား။ အမေ့ကို အဲဒီအလုပ်တွေ မလုပ်စေချင်တော့ဘူး။ အမေ ကြက်သတ်တာလဲ မမြင်ချင်ဘူး။ မကြားချင်ဘူး။ ညီလေး ပညာရေးအတွက် သားပို့ပေးပါ့မယ်။ အမေ ကြက်သတ်ပြီး သားတို့ကို ရှာမကျွေးပါနဲ့တော့နော်။ အမေ သားကို ကတိပေးပါနော်။ သား အမေ့ကို သိပ်ချစ်တယ်သိလား။ သား ပြန်ရှာကျွေးမဲ့အချိန် ရောက်ပါပြီ။ အမေ အနားယူပါတော့နော်။ ဘုရားတရားသာ များများလုပ်ပါနော်။ အမေ ချစ်ရတဲ့ သားကြီး သူရ"

ထွားမေသည် စာကိုဖတ်၍ မျက်ဝန်းမှ မျက်ရည်တို့ ကျဆင်းလာတော့သည်။ အညှီနံ့စွဲနေသော ခန္ဓာကိုယ်ကြီးကို ဆေးကြောရန် တရားဓမ္မမှတစ်ပါး အခြားမရှိကြောင်း ထွားမေ ကောင်းကောင်း သဘောပေါက်လိုက်သည်။ သားကြီး သူရ ကျောင်းဆရာဖြစ်သောအခါ ထွားမေသည် ကြက်သတ်ရောင်းသော အလုပ်ကို အပြီးတိုင်စွန့်လွှတ်လိုက်တော့သည်။ ထိုအချိန်မှစ၍ ကြက်သားကိုလည်း လုံးဝမစားတော့ကြောင်း ဘုရားရှင်ထံ သစ္စာဆိုခဲ့လေသည်။

(၆)

"အမေ သား အိမ်ထောင်ပြုတော့မယ်"

အမှတ်မထင် ကြားလိုက်ရသောစကားသံကြောင့် ထွားမေ ရင်ထဲဆို့သွား၏။ သားကြီး သူရနှင့် တစ်သက်လုံး နေမည်ဆိုသောအတွေးက ထွားမေ၏ နှလုံးထဲဝယ် ချက်ချင်းဝင်ရောက်လာ၏။

"အမေ့ ချွေးမက ဆရာမပါပဲ။ ကျောင်းတုန်းက ဆုံခဲ့တာ။ အခု မိသားဖသားပီပီ တောင်းရမ်းဖို့ စကားကမ်းလိုက်ပြီ အမေ။ အဲဒါ ဒီနှစ်ဝါမဝင်ခင် စီစဉ်ပေးပါနော်"

"သားရယ် ဒီနှစ်တော့ မယူပါနဲ့လားကွယ်။ နောက်နှစ်မှ အမေ ကောင်းကောင်းစီစဉ်ပေးပါ့မယ်"

" မရဘူး အမေ။ ဝါကျော်လို့မရဘူး။ ဝါမကျော်ခင်ဖြစ်အောင် လုပ်ပေးပါ"

သူရသည် ပြောပြောဆိုဆိုဖြင့် ထွားမေ၏ဘေးမှ ထွက်သွားတော့သည်။ သူရ၏ စကားသံတို့သည် ထွားမေ၏ ရင်ဝကို မီးစဖြင့်ထိုးသည့်နှယ်။ ဖြစ်ချင်သော ဆန္ဒနှင့်ဖြစ်နေသောဘဝကို ထွားမေ လက်ခံရတော့ပေမည်။ သားငယ်တုန်းက ခြံပေါင်၍ ငွေသားထည့်တင်တောင်းခဲ့သလို သားကြီး သူရအတွက် ကြံစည်ရတော့သည်။ သားငယ် သီဟမှာ တက္ကသိုလ်ဝင်တန်းဆက်မတက်ဘဲ အိမ်ထောင်ကျပြီးကတည်းက မိန်းမဖြစ်သူနှင့်အတူလိုက်သွားပြီး မိခင် ထွားမေနှင့်ပင် အဆက်အသွယ် ပြတ်နေသည်။

စာမျက်နှာ ၂၅ သို့ ➤

# မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၅၂၁၉၆၄ ဧက စိုက်ပျိုးမည်


ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ ဇွန် ၂၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၂၁၉၆၄ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၂၁၉၆၄ ဧကစိုက်ပျိုးရန်လျာထားပြီး ဇွန်လ စတုတ္ထပတ်တွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မြောင်းမြခရိုင်အတွင်း စပါး ဧက ၅၀၀၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားချက်အတိုင်းစိုက်ပျိုးနိုင်ဖို့၊ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ဖို့ တောင်သူတွေနဲ့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းလုပ်ဆောင်သွားမှာဖြစ်ပါတယ်။ပိုးမွှား ရောဂါကျရောက်မှုမရှိစေဖို့ နည်းပညာတွေကိုလဲ စပါးမစိုက်ခင် မြေပြင်ထိ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြခရိုင်တွင် မြို့နယ်အလိုက် စပါးစိုက်ပျိုးရန်လျာထားမှုအနေဖြင့် အိမ်မဲမြို့နယ်တွင် ဧက ၁၄၃၀၁၀၊ မြောင်းမြမြို့နယ်တွင် ၁၆၅၇၃၈ ဧက၊ ဝါးခယ်မမြို့နယ်တွင် ၂၁၃၂၁၆ ဧက စုစုပေါင်း ၅၂၁၉၆၄ ဧကဖြစ်ပြီး စပါးစိုက်ပျိုးရာတွင် ဆင်းသုခ၊ ဧရာမင်း၊ ဧရာပဒေသာ၊ မနောသုခ၊ GW 11၊ GW 1၊ ပေါ်ဆန်းမွှေး၊ ပခန်း၊ သီးထပ်ရင်၊ နံ့ကား၊ ကျားပျံ စသည့် စပါးအမျိုးအစားများကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# တပ်ကုန်းမြို့နယ် ပေါက်ပင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နေပြည်တော် ဇွန် ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေါက်ပင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ဇွန် ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဥတ္တရခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ပေါက်ပင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လအလိုက်ဖြည့်သွင်းရမည့်ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။



ပေါက်ပင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၇ ဦးကို ရန်ပုံငွေကျပ် ၄၃၅ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**သူသူ**

➤ စာမျက်နှာ ၂၄ မှအဆက်

ထွားမေ၏ နားထဲဝယ် သူရ၏ စကားသံတို့ ပဲ့တင်ထပ်နေတော့သည်။

"မရဘူး အမေ။ ဝါကျော်လို့ မရဘူး။ ဝါ မကျော်ခင် ဖြစ်အောင် လုပ်ပေးပါ"

ထွားမေသည် ခြံနှင့်အိမ်ကိုရောင်း၍ သားကြီး သူရ၏ ဆန္ဒကို ဖြည့်ဆည်းပေးခဲ့သည်။ မင်္ဂလာပွဲလည်း စည်ကားခဲ့သည်။ မင်္ဂလာပွဲအပြီး ချွေးမ မရှိတုန်း သူရကို-

"သား အမေ သားတို့နဲ့ လိုက်နေမယ်နော်"

"ဟာ အမေကလဲ အမေလိုက်နေလို့ မရဘူးလေ။ သူ့ အမေဒေါ်ရင်ရွှေနဲ့ အဖေ ဦးလူမော်တို့ကလဲ သားတို့နဲ့လာနေမှာ။ အမေကမှ ခြံနဲ့ဝင်းနဲ့။ သူတို့က နေစရာတောင်ရှိတာမဟုတ်ဘူး။ သားတို့ လိုင်းခန်းမှာလိုက်နေမှာ"

သူရ၏ အမူအရာကိုကြည့်၍ ထွားမေ သဘောပေါက်လိုက်သည်။ သားနောက်ကိုလိုက်ပြီး နေ၍မရမှန်း သိလိုက်၏။ သား သူရက "အမေက ခြံနဲ့ဝင်းနဲ့"ဟု ပြောနေသော်လည်း ခြံနှင့်ဝင်းမှာ သူရ၏ မင်္ဂလာပွဲအတွက် ရောင်းလိုက်သည်ကို သား သူရ မသိရှာပေ။

မျက်ဝန်းမှကျလာသော မျက်ရည်ကို သုတ်လိုက်သည်။

"မငိုပါနဲ့ အမေရာ။ သားလဲ ခေါ်ထားချင်တာပေါ့။ မတတ်သာလို့သာ။ သား အမေ့ဆီကို မကြာမကြာ လာမယ်နော်"

(၇)

သူရ၏ မျက်ဝန်းမှမျက်ရည်တို့ အလိုလိုစီးကျလာ၏။ ပြင်မရသော အမှားအတွက် နောင်တတို့က တစ်ပွေ့တစ်ပိုက်။ ဦးစားပေးခဲ့သော ဆန္ဒကို အပြစ်ဖို့ရမလိုလို။

"အမေရယ် အချိန်တွေသာ နောက်ပြန်လို့ရရင် သားဆန္ဒကို ဦးစားမပေးပါဘူး။ အမေ့ရင်ခွင်ထဲက ထွက်လာမှာ မဟုတ်ဘူး။ အမေ ဘယ်တွေ ရောက်နေတာလဲ။ သား သတိရလိုက်တာ။ အမေ မရှိမှ အမေ့မေတ္တာတွေကို ပိုသိလာတယ်"

ထွားမေ၏ပုံရိပ်တို့ သူရ နှလုံးသားဝယ် နေရာယူလျက်ရှိနေ၏။

"ဩော်...အမေ အမေ သားတွေ ဘဝရှေ့ရေးအတွက် ဘဝကိုပေးဆပ်ပြီး ပြုစုပျိုးထောင်ခဲ့ပါလား။ ကျေးဇူးကြီးမားလှပါလား အမေရယ်"

သူရသည် ပါးစပ်က ရေရွတ်ရင်း သားဖြစ်သူ၏ အမေးကို မဖြေသေးဘဲ ကျနေသောမျက်ရည်တို့ကိုသုတ်ကာ ထမင်းနှင့် အရွက်ကြော်ကိုခပ်၍ ဒေါ်ရင်ရွှေရှိရာဆီသို့ လှမ်းထွက်လာခဲ့တော့သည်။

## ကျောင်းဥယျာဉ်

\- စိန်ပန်းနီ ဂုဏ်ရည်မြောက်
ရဲရဲတောက် ကျောင်းဝင်းလယ်၊
နှုမျက်နှာ ပြုံးကွန်ရက်နဲ့
ကျောင်းတက် မောင်မယ်၊
ရေထိပန်း ပမာနှယ်
အသွေးကြွယ်လို့ ဝင့်ကြွား၊
စိတ်ဖြူရောင် အလှတစ်ခန်း
ဆင်မြန်းလို့ ထား။

\- ဆရာနှင့် ကျောင်းသား
လုပ်အားက ထင်ဟပ်နေ၊
ကျောင်းဥယျာဉ် စိမ်းလန်းမှု
ဆောင်ပြုခဲ့ပေ၊
စိတ်ပျော်မွေ့ ကျောင်းတော်မြေ
ရနံ့တွေ သင်းမွှေး၊
ပန်းပေါင်းစုံ ဝတ်လွှာဖွင့်
လွှင့်ထုတ်လို့လေး။

\- ပန်းခရေ စံပယ်ခင်း
တင့်တယ်ခြင်း ဂုဏ်သင့်လျော်၊
မြနှင်းဆီ အပွင့်စိပ်က
အောင်နိမိတ်ဖော်၊
စိမ်းလန်းသည့် ဥယျာဉ်တော်
ဉာဏ်ရည်အပေါ် ပံ့ပိုး၊
အချစ်ကူးဖြာဖို့ရယ်
ရယ်မြူးကမ္ဘာ အလှဆက်ထားတဲ့
ကြည်နူးစရာ ပြကွက်များက
(အားလုံးအတွက်...)
စိတ်ခွန်အားတိုး။ ။

**ချမ်းမြေ့(ဇလွန်မြေ)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ပတ်ပျိုးသီချင်း

ကိုဇော်ငွေး(ယဉ်ကျေးမှု)

ရှေးမြန်မာသီချင်းကြီးများတွင် ကြိုး၊ ဘွဲ့၊ သီချင်းခံ၊ ပတ်ပျိုး၊ ယိုးဒယား စသည်ဖြင့် အမျိုးမျိုး ရှိသည်အနက် "ပတ်ပျိုး"သည် ကြိုး၊ ဘွဲ့၊ သီချင်းခံကြီး များ၏နောက်မှပေါ်ပေါက်၍သံဆန်းစပ်ဆိုထားသော သီချင်းကြီးတစ်မျိုးဖြစ်သည်။ ပတ်ပျိုးဟူ၍ခေါ်ဝေါ် ရခြင်းမှာ ထိုသီချင်းများကို မသီဆိုမီဆိုင်းဝိုင်းပတ်လုံး ကလေးများကိုတီးမည့်သူကအစပျိုး၍ တီးပေးရ သည်ကိုအစွဲပြု၍ခေါ်ခြင်းဖြစ်သည်။ "ပတ်"ကို မြန်မာ အဘိဓာန်က န-ဗုံဟုဖွင့်ဆိုသည်။ "ဗုံ"သည် အခေါင်းထွင်းထားသော သစ်သားလုံး၏ ထိပ်နှစ်ဖက် တွင် သားရေပါးကြက်ထားသော တူရိယာဖြစ်သည်။ သင်္သကရိုက်ဘာသာ "ဝါဒျ"ပုဒ်မှ မွန်ဘာသာ "ဗာတ်" ကိုမွန်တို့ရွတ်ဆိုသည့်အတိုင်း မြန်မာတို့ကရေးဆို သဖြင့် မြန်မာဘာသာ "ပတ်"ဖြစ်လာခဲ့သည်။ ဆရာကြီးမြကေတု၏အဆိုအရ ပတ်ဟူသည်မှာ ပတ်ဆိုင်းဖြစ်၍ "ပန်း" ဟူသောစကားမှ ရွေ့လျော လာသည်။ သက္ကတဘာသာအားဖြင့် ပြောဆိုသည်၊ အသံပြုသည်၊ တီးမှုတ်သည်၊ တီးမှုတ်စရာ၊ တူရိယာ ဟောဝါဒျပုဒ်မှာ (ပတ်ဝိုင်း) ဗာတ်တလားစသည်ဖြင့် ဝေါဟာရများတိုးပွားလာသည်။ သို့နည်းဖြင့် မြန်မာမှု နယ်ပယ်သို့ "ပတ်"ဟူ၍ တိုးဝင်လာခြင်းဖြစ်သည်ဟု ဆိုခဲ့သည်။ ထို့ကြောင့် ပတ်လုံးလေးများဖြင့် အစပြုပျိုးပေးရာသီချင်းကို ပတ်ပျိုးဟုသမုတ်လာ ခြင်းဖြစ်သည်။

ပတ်ပျိုးများသည် ကုန်းဘောင်ခေတ်ဒုတိယပိုင်း၌ ပေါ်ပေါက်သော သီချင်းများဖြစ်သည်။ ထိုခေတ် သည် ဂီတ၊ သဘင်ထွန်းကားသောခေတ်ဖြစ်ရာ ဂီတ လောကကို ပိုမိုကျယ်ဝန်းတိုးတက်အောင်ဖန်တီးခဲ့သူ မြဝတီမင်းကြီးဦးစနှင့် ပြင်စည်မင်းသားတို့သည် ပတ်ပျိုးကို စတင်ဖွဲ့နွဲ့သည်ဟုဆိုကြသည်။ မြဝတီ မင်းကြီးဦးစသည် ပတ်ပျိုး၊ ကြိုး၊ ယိုးဒယား၊ ဘွဲ့၊ သီချင်းခံ စသည်တို့ကို ကိုးကြောင်းရေပေစာဆယ့်ငါး အင်္ဂါခန့်ရေးသားခဲ့သည်။ ရေးသားခဲ့သောပတ်ပျိုး တို့မှာ ပေါင်းသည်မရှိဘဲ ယနေ့တိုင်ထူးခြားသစ်လွင် လျက်ရှိသည်။ ပြင်စည်မြို့ကိုစားရသော ပြင်စည် မင်းသား၏ ရေးသမျှကဗျာလင်္ကာအရပ်ရပ်သည် ပြင်စည်မင်းသားရေးသည်ဟု စာခေါင်းထိုးပေးခြင်း ခံရသူဖြစ်၍ ပြင်စည်မင်းသားသည်လည်း ပတ်ပျိုး သီချင်းများကိုရေးခဲ့သည်ဟု ပြောနိုင်ခြင်းဖြစ်သည်။

ပတ်ပျိုးသည် ကြိုး၊ ဘွဲ့၊ သီချင်းခံ၊ ယိုးဒယား၊ မွန် သီချင်း စသည့်သီချင်းများနှင့်မတူပါချေ။ အထူးနယ် ကျယ်သောသီချင်းပိုင်းဖြစ်သည်။ စောင်းနှင့်တီးသည့် အခါ စောင်းကြိုးကိုလေးပေါက်အောက်ပြန်ဖွဲ့၍တီး ရသည်။ သို့သော် ပတ်ပျိုးကိုပုလဲပေါက်များတွင် လည်းဆိုနိုင်သည်။ ပတ်ပျိုးတီးပုံတီးနည်းသည် လည်း နက်နဲကျယ်ဝန်းသည်။ လက်အယူအထား ချွတ်ချော်တိမ်းပါးခြင်းကို သည်းမခံသော သီချင်းမျိုး ဖြစ်သည်။ ဆိုင်းဝိုင်းများတွင် ပတ်ပျိုးကိုတီးလျှင် ပွဲဦးခုနစ်သံချီပတ်စာတပ်၍တီးရသည်။ ပတ်ပျိုးဆိုပုံ ဆိုနည်းမှာ ယဉ်ကျေးသိမ်မွေ့သော အသံများစုံလင် စွာ စုပေါင်းထားသကဲ့သို့ရှိသောကြောင့် "အခွဲ" ဟု လည်းသမုတ်ကြသည်။ ဆိုပုံဆိုနည်းနှင့် တီးကွက် များနယ်ကျယ်သကဲ့သို့ပင် စည်းဝင်စည်းထွက်များ လည်း နယ်ကျယ်သည်။

ပတ်ပျိုးများအဆုံးတွင် သဖြန်များပါရသည်။ ဒွေးချိုး၊ တြိချိုး၊ လေးချိုးကဗျာများနှင့် အဆုံးသတ် ခြင်းကို "သဖြန်"ဟု ခေါ်ဝေါ်ကြသည်။ ဒွေးချိုး၊ တြိချိုး၊ လေးချိုးကဗျာများကို ဇာတ်သဘင်၌ "ငိုချင်း" အဖြစ်သီဆိုကြပြန်ရာသဖြန်သည် ထိုသဘောမျိုး မဟုတ်သည်ပေ။ ဒွေးချိုး၊ တြိချိုး၊ လေးချိုးကဗျာ များကိုခွန်းထောက်အဖြစ်လည်းကောင်း၊ ငိုချင်း အဖြစ်လည်းကောင်း သီဆိုလျှင် အသံတည်ပုံသည် သီးခြားဖြစ်သည်။ သဖြန်ကား တီးလုံးတီးကွက် စည်းဝါးနှင့်ဝင်အောင် သီဆိုတီးမှုတ်ရသည်။ ခြားနားကြသည်ဟု ဂီတ၊ သဘင်ပညာရှင်တို့က နားလည်ကြသည်။ ပတ်ပျိုးသီချင်းတွင် အသံ အမျိုးမျိုး ပြောင်းလဲတီးမှုတ်သီဆိုလာခဲ့သည်ဖြစ်ရာ နောက်ဆုံးတွင် မူလတည်ရာ အသံသို့ရောက်အောင် ပြေပြစ်စွာပို့ဆောင်ပေးရန်အတွက် သဖြန်များဖြင့် အဆုံးသတ်ခြင်းဖြစ်သည်။ သဖြန်ဟူသောဝေါဟာရ ကို သံပြန်၊ သံဖြန်ဟူ၍လည်း ခေါ်ကြသေးသည်။ "သံပြန်"ဟူသောဝေါဟာရမှာ သီဆိုခဲ့သည့် မူလ တည်ရာအသံသို့ ပြန်လည်ရောက်စေသောကြောင့် သံပြန် ဟုခေါ်ခြင်းဖြစ် သည်။ "သဖြန်"ဟူသည်ကား သီချင်းတွင် အသံ အမျိုးမျိုး တီးမှုတ်သီဆိုလာခဲ့ရာ နောက်ဆုံးတွင် အသံများကိုပြန်ဖြေ၍ ပြေပြစ်ချော မောအောင်သီဆိုတီးမှုတ်ရသောကြောင့် သဖြန်ဟု

**❖ဒုတိယကုန်းဘောင်ခေတ်တွင် ပတ်ပျိုးအများအပြားပေါ်ထွက်ခဲ့သည်။ မြဝတီမင်းကြီးဦးစ၊ ပြင်စည်မင်းသား၊ အနောက်နန်းမိဖုရား မမြကလေး၊ ဦးကြင်ဥ၊ လှိုင်ထိပ်ခေါင်တင်၊ မြင်စိုင်းမင်းသမီး၊ ဇာတ်ဆရာဦးကျောက်ခဲ စသည့်ဂီတပညာရှင်ကြီးများသည် ပတ်ပျိုးသီချင်းများကိုဖွဲ့ဆိုခဲ့ကြသည်။ ပတ်ပျိုးသီချင်းများသည် ရတုအဖွဲ့အနွဲ့များကဲ့သို့ နွေဘွဲ့၊ ဆောင်းဘွဲ့၊ ဘုန်းတော်ဘွဲ့၊ တောတောင်ဘွဲ့၊ ပန်းဘွဲ့၊ ရေလားဘွဲ့၊ မယ်ဘွဲ့၊ မောင်ဘွဲ့၊ အလွမ်းဘွဲ့စသည်ဖြင့် အမျိုးမျိုးရှိလေသည်။ ပတ်ပျိုးများကို အတိုအရှည်လိုက်၍ ပတ်ပျိုးကလေး၊ ပတ်ပျိုးလတ်၊ ပတ်ပျိုးကြီးဟု သုံးမျိုးသုံးစား ခွဲခြားထားသည်။ ❖**

ခေါ်ဝေါ်ကြောင်း၊ သံဖြန်မှ သဖြန်ဖြစ်လာကြောင်း အဆိုအမိန့်များရှိခဲ့ပြား မူလရည်ရွယ်ရင်းဖြစ်သည့် မူတည်ရာအသံကို ပြန်လည်ရောက်ရှိစေခြင်းသာ ဖြစ်တော့သည်။ သဖြန်ကို ပထမအဆိုအတီးနေရာ တွင် နရီစည်းအတွဲကြီးဖြင့် ဆိုတီးရပြီးလျှင်၊ အဆုံးချ၌ စည်းမှန်တီးကွက်ဖြင့် အတောသဘော တီးကာ၊ အတီးအချတွင် အဆိုကစည်းကိုတွဲ၍ ထိုအပိုဒ်ကိုပင် ပြန်ဆိုရသည်။ ယခုအခါတွင် များသောအားဖြင့် ပထမအကျော့ကပင် တီးကွက် နရီစည်းမှန်နှင့်တီး၍ အတောထည့်ပြီးနောက်၊ နရီစည်းမှန်ဖြင့်ပင် ထပ်မံဆိုကြလေသည်။ ရှေးအစဉ်အလာအားဖြင့် ပတ်ပျိုးကိုသီဆိုတီးမှုတ် ပြီးသည့်အခါ အချို့က လေးထွေသံကပ်၊ မြင်းခင်း နှင့် နတ်ချင်းများကို သီဆိုတတ်ကြသည်။ အချို့ ကမူ တေးထပ်နှင့်ဒိန်းတို့ကိုဆက်၍ ဆိုတီးကြသည်။

ဒုတိယကုန်းဘောင်ခေတ်တွင် ပတ်ပျိုးအများ အပြားပေါ်ထွက်ခဲ့သည်။ မြဝတီမင်းကြီးဦးစ၊ ပြင်စည်မင်းသား၊ အနောက်နန်းမိဖုရား မမြကလေး၊ ဦးကြင်ဥ၊ လှိုင်ထိပ်ခေါင်တင်၊ မြင်စိုင်းမင်းသမီး၊ ဇာတ်ဆရာဦးကျောက်ခဲ စသည့်ဂီတပညာရှင်ကြီးများ သည် ပတ်ပျိုးသီချင်းများကိုဖွဲ့ဆိုခဲ့ကြသည်။ ပတ်ပျိုး သီချင်းများသည် ရတုအဖွဲ့အနွဲ့များကဲ့သို့ နွေဘွဲ့၊ ဆောင်းဘွဲ့၊ ဘုန်းတော်ဘွဲ့၊ တောတောင်ဘွဲ့၊ ပန်းဘွဲ့၊ ရေလားဘွဲ့၊ မယ်ဘွဲ့၊ မောင်ဘွဲ့၊ အလွမ်းဘွဲ့စသည်ဖြင့် အမျိုးမျိုးရှိလေသည်။

ပတ်ပျိုးများကို အတိုအရှည်လိုက်၍ ပတ်ပျိုး ကလေး၊ ပတ်ပျိုးလတ်၊ ပတ်ပျိုးကြီးဟု သုံးမျိုးသုံးစား ခွဲခြားထားသည်။ ဂီတဝိသောဓနီကျမ်း အရတွေ့ရှိ သမျှသောပတ်ပျိုးပေါင်း ၂၀၅ ပုဒ်ရှိရာ ပတ်ပျိုးကလေး သည် အရေအတွက်အားဖြင့် အများဆုံးဖြစ်ကာ ၁၇၅ ပုဒ်ရှိသည်။ ၎င်းတို့အနက် မြဝတီမင်းကြီးဦးစ၏ လက်ရာ ဖြစ်ကြသော "အိုမြင်လှဲ့စမ်း" ချီအလွမ်းဘွဲ့ ပတ်ပျိုး၊ "လူ့မနော" အစချီ အိနှောင်ဇာတ်ထွက် ပတ်ပျိုး၊ "မိုးဒေဝါ၊ ချိန်ခါလေ"အစချီသောအလွမ်းဘွဲ့ ပတ်ပျိုး၊ "သာဆန်းငယ်တည့် ရဂုံဗွေ" အစချီလှိုင် ထိပ်ခေါင်တင်၏ မျှော်တော်ယောင်ပတ်ပျိုး၊ "ချစ်သမျှကို" ပတ်ပျိုး၊ "မိုးလုံးပတ်လည်"အစချီမိုး ဘွဲ့ပတ်ပျိုး၊" အောင်မြေမြမန်း"အစချီမန္တလေးမြို့ဘွဲ့ ပတ်ပျိုး၊ အနောက်နန်း မမြကလေး၏ "ရှိစုံရွှက်ကြာ" အစချီမျှော်တော် ယောင်ပတ်ပျိုး၊ "နံ့သာနီတောင်" အစချီနိဗ္ဗိန္ဒပတ်ပျိုး၊ ပြင်စည်မင်းသားရေးသော "သင်္ဂါရွှေရောင်" အစချီ ဘုန်းတော်ဘွဲ့ပတ်ပျိုး၊ "မယ်သေချင်လိုက်ပါဘိ"အစချီ ကိန္နရာချောင်းခြား ပတ်ပျိုး၊ "ယမုန်နာသီတာ သောင်ခြေဦးမှာလလေ" အစချီသော သီတာသောင်ခြေဘွဲ့ပတ်ပျိုး၊ "ရွှေပြည် တော်သည်" အစချီသော ပြင်သိင်္ဂါပတ်ပျိုး၊ "မဟီရင် ဘောင်၊ သဲငွေသောင်" အစချီသော ယိုးဒယားပတ်ပျိုး အစရှိသည်တို့သည် ပတ်ပျိုးကလေးများ၏စာရင်း တွင် ပါဝင်ကြလေသည်။

"စိန်ကြောင်နီလာ" အစချီဘုန်းတော်ဘွဲ့ပတ်ပျိုး၊ "ဒီပါမြေ သပြေညာ" အစချီသီတာဘွဲ့ပတ်ပျိုး၊ "ကုန်းဘောင်နေမင်း" အစချီ မြဝတီမင်းကြီးဦးစ၏ ကုန်းဘောင်မင်းဘုန်းတော်ဘွဲ့ပတ်ပျိုး၊ "စိန်ခြယ်ခြူး သန်း" အစချီ မျှော်တော်ယောင်မောင်ဘွဲ့ပတ်ပျိုး၊ ဦးဝိုင်းရေးသားသော "ဖြူပြာမူရာ၊ သူဇာနေလို" အစချီအိနှောင်ဇာတ်ထွက်ပတ်ပျိုး၊ ပခန်းမင်းသား ကြီး၏ "အောင်မြေသာစံ၊ သောင်ယံသဲက" အစချီ သော တောင်လားပတ်ပျိုး၊ ဦးဝိုင်း၏ "ဘုန်းများများ မင်း"အစချီရာမဘွဲ့ ပတ်ပျိုးအစရှိသဖြင့် ပတ်ပျိုး လတ်ပေါင်း ၂၄ ပုဒ်ရှိသည်။

ပတ်ပျိုးကြီးများမှာ ဘကြီးတော်ဘုရား လက်ထက်၌ရေးသားသော မြဝတီမင်းကြီးဦးစ၏ "ဘုံပျံနေနန်း၊ ပြင်ခန်းစံမွေ့" အစချီ ဆောင်းဘွဲ့ ပတ်ပျိုး၊"အထူးထူးငယ်နှင့်" အစချီမြဝတီမင်းကြီး၏ တောလားပတ်ပျိုး၊ ရွှေဘိုမင်းလက်ထက်တွင် ကျောက်မြောင်းမြို့၌ မြဝတီမင်းကြီးရေးသားသော "ကုန်းဘောင်ပရမေ၊ ဇေယျာဘိ"အစချီဘုန်းတော်ဘွဲ့ ပတ်ပျိုးနှင့် ကုန်းဘောင်ပရမေပတ်ပျိုးအလိုက် "မြန် ဘောင်ပရမေ"အစချီ ဘုန်းတော်ဘွဲ့ပတ်ပျိုး၊ "မှိုင်းပြာမှုန်ဝေ၊ လေပြေလာ"အစချီ အိနှောင်ဇာတ် ထွက်ရေလားပတ်ပျိုး၊ ဝန်ထောက်မင်းဦးချိမ့် ရေးသော မန္တလေးနေပြည်တော်ဥယျာဉ်တော် ၂၁ ရပ် ကိုဖွဲ့ဆိုထားသည့် ဘုံပျံနေနန်းအလိုက် "စံရာ ရွှေနန်း၊ မြမန်းဌာနေ" ပတ်ပျိုးတို့ဖြစ်ကြ၍ ပတ်ပျိုး ကြီးပေါင်း ၆ ပုဒ်ရှိသည်။ များသောအားဖြင့် ပတ်ပျိုး ကြီးများသည် မြဝတီမင်းကြီးဦးစ၏ လက်ရာများဖြစ် သည်ကိုတွေ့ရသည်။

မြဝတီမင်းကြီးဦးစသည် သံဆန်းပတ်ပျိုးဖွဲ့ဆိုရာ ၌ စံထားလောက်သောပုဂ္ဂိုလ်ဖြစ်သည်။ ထို့ကြောင့် "ပဒေသရာဇာဘွဲ့ကြိုး၊ အောင်ဖြိုးသာချင်း၊ ငမင်း လေးချိုး၊ ငတိုးရကန်၊ ငစံသူမှာတမ်း၊ ငကြာလွမ်းချင်း၊ မြဝတီမင်းသံဆန်း၊ ငလန်းတေးအလင်္ကာ"ဟူ၍ ရှေးကဆိုခဲ့ကြသည်။ ဦးစ၏ပတ်ပျိုးများသည်သီချင်း များဖြစ်သော်လည်း၊ ပျို့လင်္ကာရတုများကဲ့သို့ ပြတ်သားရှင်းလင်းသည်။ ပြေပြစ်ချောမွေ့၍အဓိပ္ပာယ် လည်းပေါ်သည်။ ရတုများကဲ့သို့ဖွဲ့လိုသည့်အရာများ ကိုပြည့်ပြည့်စုံစုံဖြစ်အောင်ဖွဲ့နိုင်သည်။ ဦးစ၏ "သာဆန်းရဂုံဗွေ"အစချီပတ်ပျိုးသည် နွေဘွဲ့ကို ပတ်ပျိုးအဖြစ်ဖြင့်ဖွဲ့ဆိုထားခြင်းဖြစ်ရာ နွေဘွဲ့ပတ်ပျိုး များထဲတွင် အကောင်းဆုံးဟုဆိုကြသည်။ နွေရာသီ ၏အခြေအနေကို စိတ်မျက်စိထဲ၌ထင်မြင်လာအောင် ဆေးရောင်စုံနှင့်တူသော စကားလုံးများဖြင့်ဖွဲ့နွဲ့ထား သောကြောင့် ရှင်ဥတ္တမကျော်၏ "တောလား"ကဲ့သို့ ရင်ကိုငြိတွယ်စေသည်။ တစ်ကြိမ်တွင်ဦးစကို ကုန်းဘောင်မင်းက မျက်တော်မူသဖြင့် ညှိုးညှိုးမှိန် မှိန်ရှိနေခဲ့ရာ "ကုန်းဘောင်နေမင်း"အစချီ ပတ်ပျိုး ကြောင့် ဘုရင်မင်းမြတ်က ပြန်လည်အရေးပေး မြှောက်စားခဲ့ဖူးသည်။ ဦးစသည် အိနှောင်ဇာတ်တွင် ဇာတ်ချင်းများကို ပတ်ပျိုး၊ ယိုးဒယားတို့ဖြင့် တန်ဆာ ဆင်ခဲ့ရာ၊ ညောင်ရမ်းခေတ်ဝန်ကြီးပဒေသရာဇာ၏ "မဏိကတ်" ပြဇာတ်ထက် ပိုမိုပြည့်စုံပြီး သာလွန် ကောင်းမွန်ခဲ့လေသည်။

"ချစ်သမျှကို" အစချီပတ်ပျိုးသည် ပြေပြစ် သိမ်မွေ့၍ ဘဝင်ခိုက်စေသော ပတ်ပျိုးတစ်ပုဒ်ဖြစ် သည်။ ထိုပတ်ပျိုးကို အနောက်နန်းမိဖုရား မမြကလေး ရေးသည်။ မမြကလေးကို ဘုရင်အမျက်တော်ရှိ၍ ကျည်းတိုက်၌သွင်းထားရာ ထိုပတ်ပျိုးကိုရေးသား ဆက်သွင်း၍ ဘုရင်အမျက်ပြေသည်ဟုဆိုစကား လည်းရှိခဲ့သည်။ အချို့က ထိုပတ်ပျိုးကို မင်းကြီး ကတော်ခင်ဆုံရေးသည်ဟုဆိုကြ၍၊ အချို့ကမူ မင်းဘူး ပွဲနင်းဦးနေဦး ရေးသည်ဟုလည်းဆိုကြပြန်သည်။ မည်သို့ဆိုစေ ချစ်သမျှကိုပတ်ပျိုးသည် စွဲငြိဖွယ် ပတ်ပျိုးတစ်ပုဒ်ဖြစ်ခဲ့သည်မှာ မငြင်းနိုင်ပါချေ။

သံဆန်းဖွဲ့ဆိုရာ၌ ဦးကြင်ဥသည်လည်း ထိပ်တန်း ပတ်ပျိုးဆရာကြီးတစ်ဦးဟုဆိုရနိုင်အောင် ပတ်ပျိုး ကောင်းများစွာကိုစပ်ခဲ့သည်။ "ရဝိန်ဒေါင်းယာဉ်ပျံ" အစချီပတ်ပျိုးကို ဦးကြင်ဥစပ်ဆိုခဲ့၍ သကြ်န်တော် မှိန်ရာသီကိုသရုပ်ဖော်သည့် အထူးကောင်းမွန်သော ပတ်ပျိုးတစ်ပုဒ်ဖြစ်သည်။ ဦးကြင်ဥ၏အချို့ပတ်ပျိုး တို့သည် အလွန်ကောင်းသဖြင့် ဦးစ၏ပတ်ပျိုးဟုပင် အထင်မှားကြသည်။ "မန္တာတ်ရာဇိန်" အစချီပတ်ပျိုး တွင် သာယာဝတီရွှေဘိုမင်း၏ဘုန်းတော်ကိုဖွဲ့ဆိုရာ၌ လွန်ကဲပိုမို၍မဖွဲ့။ မျက်မြင်သဘောသာဖွဲ့ခဲ့လေသည်။

ပတ်ပျိုးနယ်တွင် ပတ်ပျိုးတီးခြင်းအရသာအစုံ လင်ဆုံး၊ နယ်အကုန်ဆုံးဟု မှတ်တမ်းတင်ရသော ပတ်ပျိုးကြီး ၄ ပုဒ်ရှိရာ "ကုန်းဘောင်ပရမေ"၊ "ဘုံပျံ နေနန်း"၊ "မှိုင်းပြာမှုံဝေ"၊ "အထူးထူးငယ်နှင့်" အစချီ ပတ်ပျိုးတို့ဖြစ်ကြသည်။ ၎င်းတို့သည် မြဝတီမင်းကြီး ဦးစ၏လက်ရာများဖြစ်ကြသည်။ အထူးခေတ်စား သောပတ်ပျိုးတို့ကား "အတွင်းသိင်္ဂါနှင့်အပြင်သိင်္ဂါ" ဝါ "သိင်္ဂါရွှေရောင်နှင့်ရွှေပြည်တော်သည်" ပတ်ပျိုးများ ဖြစ်သည်။ မဟာဂီတလာပတ်ပျိုးသီချင်းများသည် နှစ်သက်ဖွယ်ဖြစ်၍ သီချင်းချစ်သူများလိုက်စားသင့် သောသီချင်းအမျိုးအစားဖြစ်ပါသည်။

**ကိုးကား**


**၁။ ရွှေနန်းသုံးမဟာဂီတ(ဦးအုန်းခင်နှင့်အဖွဲ့)**

**၂။ မြန်မာ့စွယ်စုံကျမ်းအတွဲ(၇)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက် နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၇၇၄၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဘုတလင် ဇွန် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၇၇၄၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဘုတလင်မြို့နယ်တွင် မြေပဲကေ ၃၄၇၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၇၇၄၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ဘုတလင်မြို့နယ်အတွင်း မြေပဲကေ ၃၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ကေ ၇၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ကေလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးအပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ဘုတလင်မြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းယူခြင်းလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။ (၂၀၆)

# တောင်တွင်းကြီးမြို့နယ် အောင်းပေါက်ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး


**တောင်တွင်းကြီး ဇွန် ၂၂**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅- ၂၀၂၆ ဘဏ္ဍာနှစ်တွင် ရှမ်းကိုင်းကျေးရွာအုပ်စု အောင်းပေါက်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇွန်၂၁ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက အောင်းပေါက်ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အောင်းပေါက်ကျေးရွာတွင် လမ်း အရှည် ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၅ သိန်းနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ငါးသိန်း စုစုပေါင်းငွေကျပ် သိန်း ၂၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇွန်လ ဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **နွဲ့ယဉ်**

## အပူအမိုးခုံးဖြစ်ပေါ်နေမှုကြောင့် အမေရိကန်အလယ်ပိုင်းနှင့် အရှေ့ပိုင်းရှိဒေသခံသန်းပေါင်းများစွာ အပူဒဏ်ကို ရင်ဆိုင်နေရ




အပူအမိုးခုံးဖြစ်စဉ်ကို တွေ့ရစဉ်။

ဝါရှင်တန် ဇွန် ၂၂

အပူအမိုးခုံး ဖြစ်ပေါ်နေမှုကြောင့် အမေရိကန်အလယ်ပိုင်းနှင့် အရှေ့ပိုင်းရှိဒေသခံသန်းပေါင်းများစွာ အပူဒဏ်ကို ရင်ဆိုင်နေရကြောင်း AccuWeather မှ မိုးလေဝသပညာရှင်များက ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အပူအမိုးခုံးသည် ကမ္ဘာ့လေထုအတွင်း လေပူများပိတ်မိပြီး ကမ္ဘာ့လေထုအပူရှိန်ကို အလွန်အမင်း မြင့်တက်စေသည့် ရာသီဥတု ဖြစ်စဉ်တစ်ခုဖြစ်ကြောင်း၊ အဆိုပါအပူအမိုးခုံးသည် ဇွန် ၂၀ ရက်က စတင်ဖြစ်ပေါ်ခဲ့ပြီး ဇွန် ၂၁ ရက်တွင် အမေရိကန်အရှေ့ဘက်သို့ ရွေ့လျားလျက်ရှိသောကြောင့် နိုင်ငံအလယ်ပိုင်းရှိ နယူးယောက်၊ နယူးဂျာစီ၊ မန်ဆာချူးဆက်၊ ပန်ဆာဗေးနီးယားမြို့များ အပါအဝင် နိုင်ငံအရှေ့ပိုင်းပြည်နယ်အများအပြားတွင်လည်း အပူချိန်သည် အနည်းဆုံး ၁၀၀ ဒီဂရီဖာရင်ဟိုက်ထိရှိကြောင်း၊ ထို့အတွက် အပူနှင့်ဆက်စပ်ပြီး ကျန်းမာရေးပြဿနာများ ဖြစ်ပေါ်လာနိုင်သဖြင့် မလိုအပ်ဘဲ အိမ်အပြင်ထွက်ခြင်းမပြုရန် မိုးလေဝသကျွမ်းကျင်သူများက သတိပေးထားသော်လည်း သန်းပေါင်းများစွာသောလူများသည် ယခုသီတင်းပတ်ကုန်မှစတင်ပြီး ပြင်းထန်သောအပူဒဏ်ကြောင့် ကမ်းခြေများတွင် အပူရှောင်သူ များပြားလာကြောင်း သိရသည်။

အမေရိကန်နိုင်ငံအစိုးရက အပူချိန်များ သိသိသာသာ ကျဆင်းခြင်းမရှိပါက အပူလွန်ကဲခြင်းနှင့်ဆက်စပ်သော ကျန်းမာရေးပြဿနာများ ဖြစ်ပေါ်နိုင်သဖြင့် ပြည်နယ်အစိုးရနှင့် စည်ပင်သာယာရေးအဖွဲ့များသည် အိုးအိမ်မရှိသူများ အထူးသဖြင့် ထိခိုက်လွယ်သော အုပ်စုများအတွက် အအေးပေးစက်များ တပ်ဆင်ထားသော နားခိုရာနေရာများ ဖွင့်လှစ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

## အမေရိကန်နိုင်ငံ မြောက်ဒါကိုတာပြည်နယ်တွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ ပျက်စီးပြီး သစ်ပင်ကြီးများ လဲကျမှုဖြစ်ပေါ်

ဝါရှင်တန် ဇွန် ၂၂

အမေရိကန်နိုင်ငံ မြောက်ဒါကိုတာပြည်နယ်တွင် ဇွန် ၂၁ ရက်က အားကောင်းသည့် လေဆင်နှာမောင်းတိုက်ခတ်ပြီး လေဆင်နှာမောင်းကြောင့် လူနေအိမ်များ ပျက်စီးပြီး သစ်ပင်ကြီးများလဲကျမှု ဖြစ်ပေါ်ခဲ့ကြောင်း မြောက်ဒါကိုတာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

လေဆင်နှာမောင်းသည် အန်ဂါလင်ကျေးလက်ဒေသသို့ ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး လူနေအိမ်ခြေတချို့ပျက်စီးခဲ့ပြီး သစ်ပင်ကြီးများလဲကျမှုကြောင့် လမ်းပိတ်ဆို့မှုများဖြစ်ပေါ်နေကြောင်း၊ လေဆင်နှာမောင်းဒဏ်သင့်ခဲ့သော ပြည်သူအမြောက်အမြားရှိနေပြီး လမ်းပန်းဆက်သွယ်ရေး အခက်အခဲများ မဖြစ်ပေါ်စေရေးအတွက် ကယ်ဆယ်ရေးဝန်ထမ်းများက လမ်းမကြီးများကို ပိတ်ဆို့နေသည့်သစ်ပင်ကြီးများကို ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း၊ လူနေအိမ်ခြေများ ပျက်စီးမှုရှိခဲ့သော်လည်း ဆိုးဆိုးရွားရွားပျက်စီးခဲ့ခြင်းမျိုးမဟုတ်ဘဲ အိမ်ခေါင်မိုးများလှန်ကျသည့်အခြေအနေမျိုးသာဖြစ်ကြောင်း သိရသည်။

"လေဆင်နှာမောင်းဝင်ရောက်တိုက်ခတ်မှုကြောင့် အန်ဂါလင်ကျေးလက်ဒေသမှာ လူသုံးယောက်ထက်မနည်း သေဆုံးခဲ့ပါတယ်။ ထိခိုက်ဒဏ်ရာရရှိသူတွေလဲ ရှိခဲ့ပါတယ်။ လူနေအိမ်တချို့လဲ ပျက်စီးခဲ့တယ်။ လေဆင်နှာမောင်းဒဏ်သင့်ပြည်သူတွေများပါတယ်။ သစ်ပင်ကြီးတွေ လဲကျမှုဖြစ်ပေါ်ခဲ့သလို သစ်ကိုင်းတွေလဲ ကျိုးကျခဲ့ပြီးတော့ လမ်းပိတ်ဆို့မှုတွေဖြစ်ပေါ်နေပါတယ်။ ရှင်းလင်းရေးလုပ်ငန်းတွေ လုပ်ဆောင်နေပါတယ်။ လေဆင်နှာမောင်းကြောင့် စိုက်ခင်းတွေ တော်တော်များများလဲ ပျက်စီးသွားခဲ့တယ်။ မွေးမြူရေးလုပ်ငန်းတွေမှာလဲ ပျောက်ဆုံးမှုရှိခဲ့ပါတယ်"ဟု မြောက်ဒါကိုတာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဂျက်ဆီဂျန်နာက ပြောကြားခဲ့သည်။

လူနေအိမ်များ ပျက်စီးခဲ့သည့်ဒေသခံများကို ယာယီကယ်ဆယ်ရေးစခန်းများတွင် နေရာချပေးထားပြီး လူနေခြေများ ပြန်လည်ပြင်ဆင်ပြီးပါက နေရပ်ပြန်ခွင့်ပြုမည် ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

## ကနေဒါနိုင်ငံ ယူကွန်နယ်မြေတွင် တောမီးကြောင့် ဒေသခံများကို လိုအပ်လာပါက ဘေးလွတ်ရာ ရွှေ့ပြောင်းရန် သတိပေးချက်ထုတ်ပြန်



အော့တဝါ ဇွန် ၂၂

ကနေဒါနိုင်ငံ ယူကွန်နယ်မြေတွင် အပူချိန်မြင့်တက်မှုကြောင့် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပြီး လူနေအိမ်ခြေပေါင်း ၂၀၀ ခန့်မှ ဒေသခံများကို လိုအပ်လာပါက ဘေးလွတ်ရာ ရွှေ့ပြောင်းရန် ယူကွန်နယ်မြေအာဏာပိုင်အဖွဲ့အစည်းကသတိပေးချက် ထုတ်ပြန်ထားကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းမှုသည် လူနေအိမ်များနှင့် နီးကပ်နေပြီး တောမီးလောင်ကျွမ်းမှု အခြေအနေပေါ်မူတည်ကာ လူနေအိမ်ခြေများဆီသို့ ကူးစက်လာနိုင်သည့် အခြေအနေဖြစ်ကြောင်း၊ ယူကွန်မီးသတ်တပ်ဖွဲ့ဝင်များက တောမီးကို ထိန်းချုပ်နိုင်ရေးအတွက် ကြိုးစား ငြိမ်းသတ်ပေးနေသော်လည်း နေရာတချို့တွင်လောင်ကျွမ်းနေသည့်တောမီးမှာ မြေပြင်မှသွားရောက်ငြိမ်းသတ်ရန် ခက်ခဲသည့်အတွက် လေကြောင်းအကူအညီရယူရဖွယ်ရှိနေကြောင်း Emergency Coordination Centre (ECC) က သတိပေးချက်ထုတ်ပြန်ခဲ့သည်။

"တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ တောမီးလောင်ကျွမ်းမှုကြောင့် လူနေအိမ်ခြေတချို့မှ ဒေသခံတွေ ဘေးလွတ်ရာ ရွှေ့ပြောင်းရနိုင်ဖွယ်ရှိနေတယ်။ တောမီးကူးစက်လောင်ကျွမ်းမှုတွေ ဖြစ်ပေါ်လာရင်တော့ လူနေအိမ်ခြေပေါင်း ၂၀၀ လောက်မှ ဒေသခံတွေ ဘေးလွတ်ရာရွှေ့ပြောင်းရနိုင်ပါတယ်။ ဘေးလွတ်ရာရွှေ့ပြောင်းဖို့အတွက်လဲ ကြိုတင်သတိပေးချက်တွေ ထုတ်ပြန်ထားပါတယ်။ လတ်တလော အပူချိန်မြင့်တက်မှုတွေကလဲ ဆက်တိုက်ဖြစ်ပေါ်နေတဲ့အတွက် တောမီးကို အမြန်ဆုံး ထိန်းချုပ်နိုင်ဖို့ လိုအပ်နေပါတယ်"ဟု Emergency Coordination Centre(ECC)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

## အိန္ဒိယနိုင်ငံ ဘာလာဆိုရီခရိုင်တွင် စူဘာနာရီကာမြစ်ရေလျှံတက်မှုကြောင့် လူဦးရေ၅၀၀၀၀ ထက်မနည်း ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရ

နယူးဒေလီ ဇွန် ၂၂

အိန္ဒိယနိုင်ငံ အိုဒီရှာပြည်နယ် ဘာလာဆိုရီခရိုင်တွင် စူဘာနာရီကာမြစ်ရေလျှံတက်မှုဖြစ်ပေါ်ကာ ဒေသခံလူဦးရေ ၅၀၀၀၀ ထက်မနည်း ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရကြောင်း အိုဒီရှာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေဘေးအန္တရာယ်ဖြင့်ရင်ဆိုင်နေရသူ များပြားနေသည့်အတွက် ကယ်ဆယ်ရေးဝန်ထမ်း အင်အားအမြောက်အမြားဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် စေလွှတ်ပေးထားကြောင်း အိုဒီရှာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း၊ စူဘာနာရီမြစ်ရေလျှံတက်မှုကြောင့် ဂျာခန့်ပြည်နယ်တွင်လည်း ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်လာရနိုင်ကြောင်း၊ မြစ်ရေလျှံတက်မှုကြောင့် အိုဒီရှာပြည်နယ် ဘာလာဆိုရီခရိုင်ရှိ ချန်ဒီလ်ရေလှောင်တမံတွင် ရေပမာဏစိုးရိမ်မှတ်သို့ ရောက်ရှိလာနိုင်သည့်အတွက် ရေဖောက်ချခဲ့ရ၍လည်း ရေကြီးရေလျှံမှုအခြေအနေ ပိုမိုဆိုးရွားလာခဲ့ခြင်းဖြစ်ကြောင်း၊ မြစ်ရေလျှံပမာဏ ကျဆင်းသွားခြင်းမရှိပါက ရေကြီးရေလျှံမှုအခြေအနေမှာ အသက်အန္တရာယ် ခြိမ်းခြောက်လာနိုင်သည့်အခြေအနေသို့ ရောက်ရှိသွားနိုင်ကြောင်း အိန္ဒိယမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက သတိပေးချက် ထုတ်ပြန်ခဲ့သည်။

"မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေလျှံတက်မှုတွေ ဖြစ်ပေါ်နေပါတယ်။ အိုဒီရှာပြည်နယ် ဘာလာဆိုရီခရိုင်မှာတော့ ရေဘေးအန္တရာယ်နဲ့ စတင်ရင်ဆိုင်နေရပါပြီ။ ဂျာခန့်ပြည်နယ်မှာလဲ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်ရနိုင်တဲ့အခြေအနေမှာရှိပါတယ်"ဟု အိန္ဒိယမိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

## အင်္ဂလန်နိုင်ငံက မျိုးသုဉ်းလုနီးပါး လိပ်ချိုးငှက်မျိုးစိတ်များကို ထိန်းသိမ်းစောင့်ရှောက်မှုများဆောင်ရွက်နေ

လန်ဒန် ဇွန် ၂၂

အင်္ဂလန်နိုင်ငံက မျိုးသုဉ်းလုနီးပါ လိပ်ချိုးငှက်မျိုးစိတ်များကို ထိန်းသိမ်းစောင့်ရှောက်မှုများ ဆောင်ရွက်နေကြောင်း အင်္ဂလန်ကျေးငှက်နှင့် တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးအဖွဲ့များက ဇွန် ၂၁ ရက်တွင် ပြောကြားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

၁၉၇၀ ပြည့်လွန်နှစ်များကတည်းက လိပ်ချိုးငှက်မျိုးစိတ်ကောင်ရေသည် ၉၈ ရာခိုင်နှုန်းထိ ကျဆင်းသွားခဲ့ရကြောင်း၊ ထို့အတွက်ကြောင့် အဆိုပါငှက်မျိုးစိတ်များကောင်ရေ ပြန်လည်တိုးလာစေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်မှုများ ပြုလုပ်နေကြောင်း၊ ထိုငှက်မျိုးစိတ်ကောင်ရေကျဆင်းရခြင်း အဓိကအကြောင်းရင်းများမှာ လူသားများသည် သဲသောင်ပြင်များရှိ လိပ်ချိုးငှက်မျိုးစိတ်များ နေထိုင်ရာနေရာများကို ဖျက်ဆီးခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ ထို့ပြင် ဥရောပတစ်ဝန်းရှိ အဆိုပါငှက်တို့၏ ရွှေ့ပြောင်းနေထိုင်ကျက်စားရာ လမ်းကြောင်းတွင် အမဲလိုက် သတ်ဖြတ်ခံရမှုကလည်း နှစ်စဉ် ငှက်ကောင်ရေ ထောင်ပေါင်းများစွာ သေကျေပျက်စီးခြင်းကို ဖြစ်ပေါ်စေကြောင်း သိရသည်။

လက်ရှိတွင် အင်္ဂလန်နိုင်ငံက မျိုးသုဉ်း ပျောက်ကွယ်လုနီးပါ လိပ်ချိုးငှက်ကောင်ရေ ရာနှင့်ချီပြီး Suffolk မွေးမြူရေးခြံတွင် ထိန်းသိမ်းမွေးမြူ စောင့်ရှောက်လျက်ရှိပြီး ၂၀၂၄ ခုနှစ်ကလည်း ကောင်ရေ ၈၀၀ ကျော် ဘေးမဲ့တောသို့ လွှတ်ပေးခဲ့ပြီး ယခုနွေရာသီတွင်လည်း ယခင်နှစ်ကဲ့သို့ ရာနှင့်ချီသော ထိုငှက်များကို သဘာဝဘေးမဲ့တောအတွင်း လွှတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်နေကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# နေ့စဉ်ဘဝတွင် အရေးပါသောအောက်ဆီဂျင်

ပေါက်ပေါက်

**အောက်ဆီဂျင်အကြောင်းတစေ့တစောင်း**

အောက်ဆီဂျင်သည် လေထုထဲတွင် အဓိက ပါဝင်ပြီး သက်ရှိသတ္တဝါများအတွက် အရေးပါသော ဓာတ်ငွေ့တစ်မျိုးဖြစ်သည်။ အောက်ဆီဂျင်ဓာတ်ငွေ့ကို ၁၇၇၄ ခုနှစ်တွင် ဂျိုးဇက်ပရီးစတီးအမည်ရှိ အင်္ဂလိပ်ဓာတုဗေဒပညာရှင်က ဒြပ်စင်တစ်ခုအဖြစ် တွေ့ရှိခဲ့ပြီး ၁၇၇၇ ခုနှစ်တွင် ပြင်သစ်ဓာတုပညာရှင် အန်တွိုင်းလဗွိုင်ယာစီက ဆက်လက်စမ်းသပ်ကာ အောက်ဆီဂျင်ဟုအမည်ပေးခဲ့သည်။ ဓာတုသင်္ကေတနှင့် အဆင်းကင်းမဲ့သောအောက်ဆီဂျင်သည် စကြဝဠာကြီးအတွင်း ဟိုက်ဒရိုဂျင်နှင့် နိုက်ထရိုဂျင်ပြီးနောက် အများဆုံးတွေ့ရှိရသော ဒြပ်စင်ဖြစ်သည်။

ကမ္ဘာ့လေထု၏ ၂၁ ရာခိုင်နှုန်းမှာ အောက်ဆီဂျင်ဖြစ်သည်။ အောက်ဆီဂျင်သည် လူသားများအသက်ရှင်ရေးသာမက အခြားသတ္တဝါများနှင့် အပင်များရှင်သန်ရေးအတွက်ပါ မရှိမဖြစ်လိုအပ်သည်။ အောက်ဆီဂျင်ကို ဓာတ်ငွေ့သန့်သန့်အနေနှင့်သော်လည်းကောင်း၊ အခြားဒြပ်စင်များနှင့် ပေါင်းစပ်၍သော်လည်းကောင်း ပတ်ဝန်းကျင်တွင် အများအပြားတွေ့ရသည်။ လေထုထဲက အောက်ဆီဂျင်ကို အဆုတ်ဆီသို့ရှုသွင်းပြီး သွေးတွင်ပါဝင်သော ဟေမိုဂလိုဗင်က တစ်ဆင့် ခန္ဓာကိုယ်အနှံ့ရောက်ရှိအောင် သယ်ဆောင်ပေးသည်။ ထို့ကြောင့် အဆုတ်ရောင်ရောဂါခံစားနေရသူများ အသက်ရှူလွယ်ကူစေရန်အတွက် အောက်ဆီဂျင်ပေးဖို့ လိုအပ်သည်။

**အောက်ဆီဂျင်ပြည့်ဝစေမည့် အမူအကျင့်လေးများ**

နေ့စဉ်နေထိုင်မှုစနစ်တွင် အောက်ဖော်ပြပါ နည်းလမ်းကောင်းများဖြင့် မိမိကိုယ်ကို အောက်ဆီဂျင်ဖြည့်တင်းနိုင်သည်။

အောက်ဆီဂျင် အလုံအလောက်ရရှိစေရန်အတွက် သန့်ရှင်းသောလေကို ဝဝရှူပါ။

ရေသောက်များခြင်းက ခန္ဓာကိုယ်တွင်း အောက်ဆီဂျင်ပြည့်ဝနိုင်သည့်အပြင် ခံတွင်းနှင့် အစာရေမျိုလမ်းကြောင်းတစ်လျှောက်ရှိ ကူးစက်ဗိုင်းရပ်စ်ပိုးမွှားများကိုလည်း ရှင်းလင်းသုတ်သင်ပေးသည်။ ထို့ကြောင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသော ကာလအတွင်း သန့်ရှင်းသောရေကို ယခင်ထက်ပိုသောက်သင့်သည်။

အိပ်ရေးဝဝအိပ်ပါ။ အခန်းထဲတွင် အောက်ဆီဂျင်နည်းနေပါက အိပ်မောကျခြင်းကိုမဖြစ်စေနိုင်တော့ပေ။ အထူးသဖြင့် အိပ်ပျော်နေစဉ်ဟောက်လေ့ရှိသူများ၊ နှလုံးသည်းခြေအားနည်းသူများနှင့် အဆုတ်ရောဂါရှိသူများအတွက် အိပ်ခန်းထဲတွင် လေဝင်လေထွက်ကောင်းဖို့လိုအပ်သည်။ ထို့ကြောင့် ညအိပ်သည့်အခါ အိပ်ခန်းပြတင်းပေါက်များဖွင့်အိပ်ပါ။

အားရပါးရရီ(ရယ်)မောခြင်းကလည်း သွေးထဲတွင် အောက်ဆီဂျင်တိုးပွားစေရန်သာမကခန္ဓာကိုယ်တွင်းကလီစာများ၏ ကျန်းမာရေးအတွက်ကိုပါများစွာ အထောက်အကူဖြစ်စေသည်။

နေ့စဉ်လှုပ်ရှားမှုတိုင်းကို လေ့ကျင့်ခန်းဆန်ဆန်သွက်လက်စွာလှုပ်ရှားပေးပါ။ ကိုယ်လက်လှုပ်ရှားခြင်းက သွေးများကောင်းစွာလည်ပတ်စီးဆင်းစေကာ ၎င်းသွေးကြောများမှတစ်ဆင့် ကိုယ်ခန္ဓာတစ်ခုလုံးသို့ အောက်ဆီဂျင်ပျံ့နှံ့ရောက်ရှိစေသည်။ ထိုအခါ ခန္ဓာကိုယ်တွင်း အောက်ဆီဂျင်ချို့တဲ့မှုမဖြစ်စေတော့ပေ။

ယောဂကျင့်ခြင်းနှင့် တရုတ်ရိုးရာထိုက်ချီကစားနည်းကဲ့သို့သော Qigong Shaking ကစားနည်းကလည်း သွေးလည်ပတ်မှု အားကောင်းစေကာ ဦးနှောက်ထဲသို့ အချိန်တိုတွင်းမှာပင် အောက်ဆီဂျင်ရောက်ရှိစေရန် ပံ့ပိုးပေးနိုင်သည်။

အနှိပ်ခံခြင်း၊ အကြောဖြေခြင်းတို့ကလည်း အာရုံကြောများ၊ သွေးဖြူဥနှင့် သွေးနီဥများကို အောက်ဆီဂျင်အာဟာရ ပြည့်ဝသွားကာ သွေးများကောင်းစွာလည်ပတ်စေသည်။ ထို့ပြင် ခန္ဓာကိုယ်တွင်း အဆိပ်အတောက်များကို ရှင်းလင်းပေးသည်။ ထို့ကြောင့် အခါအားလျော်စွာ အနှိပ်ခံသင့်သည်။

**အောက်ဆီဂျင်ဓာတ်ဖြည့်တင်းပေးနိုင်သည့် အစားအစာများ**

ဗီတာမင်အေသည် သွေးနီဥဆဲလ်များအတွက် လိုအပ်သော အောက်ဆီဂျင်ကို ထုတ်လွှတ်ပေးနိုင်ပြီး ဗီတာမင်B-12နှင့် ဖောလိပ် ခေါ် ဗီတာမင်B-9တို့ကလည်းသွေးထဲရှိအောက်ဆီဂျင်ပမာဏကို တိုးပွားစေသည်။ စိမ်းရောင်ခြယ် ကလိုရိုဖီးဓာတ်ကလူ့ခန္ဓာကိုယ်တွင်းအောက်ဆီဂျင်တိုးပွားအောင် ဆောင်ရွက်



ပေးကာ သွေးအားနည်းခြင်းမှ ကာကွယ်ပေးသည်။ ထို့ကြောင့် ၎င်းဗီတာမင်ဓာတ်များနှင့် အယ်လ်ကာလီတို့ရရှိရာအရင်းမြစ်များဖြစ်သည့် အောက်ဖော်ပြပါ အစားအသောက်များကသွေးကြောများအတွင်း သွေးစီးဆင်းမှုအားကောင်းစေ၍ နေ့စဉ်အစားအသောက်စာရင်းတွင် အထူးအလေးပေးစားသုံးသင့်သည်။

အောက်ဆီဂျင် အများဆုံးပါရှိသော သစ်သီးမှာ သံပရာသီးဖြစ်သည်။ သံပရာသီးကကိုယ်တွင်း၊ ကိုယ်ပ အယ်လ်ကာလီမျှတစေကာ ကိုယ်ခံအားကောင်းစေသည့်အတွက် အအေးမိ၊ နှာစေး၊ ချောင်းဆိုး အပါအဝင်အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်ရောဂါပိုးများ အလွယ်တကူဝင်ရောက်ခြင်းမှ တားဆီးကာကွယ်ပေးနိုင်သည်။

သောက်ရေဖန်ခွက်ထဲသို့ ရေတစ်ဝက်နှင့် ဆော်ဒါမှုန့်ကို လက်ဖက်ရည်ဇွန်းလေးပုံတစ်ပုံထည့်သောက်ပါ။ ၎င်းဖျော်ရည်ကို နံနက်အိပ်ရာထ တစ်ကြိမ်၊ ညအိပ်ရာဝင်ခါနီးတစ်ကြိမ် တစ်နေ့နှစ်ကြိမ်ပုံမှန်သောက်ခြင်းဖြင့် ခန္ဓာကိုယ်တွင်း PH ပမာဏကို မျှတစေပြီး အောက်ဆီဂျင်ပြည့်ဝစေသည်။

အောက်ဆီဂျင်ကြွယ်ဝသော ထောပတ်သီး၊ ဘယ်ရီသီးအမျိုးမျိုး၊ မုန်လာဥနီ၊ ငှက်ပျောသီးအမှည့်၊ ကြက်သွန်မြိတ်၊ တရုတ်နံနံပင်၊ စွန်ပလွံသီးတို့က လူ့ခန္ဓာကိုယ်ကို PH မျှတစေကာ သွေးဖိအားကိုပုံမှန်ဖြစ်စေသည်။

ပဲပင်ပေါက်၊ အနီရောင်ပန်းသီးနှင့် တရုတ်ဆီးသီးတို့တွင် လူသားအကျိုးပြု အမျှင်ဓာတ်နှင့်အင်ဇိုင်းများပါရှိနေ၍ ဟော်မုန်းအတက်အကျကိုထိန်းသိမ်းပေးသည်။ ထိုဇီဝဖြစ်စဉ်က ခန္ဓာကိုယ်တွင်း အောက်ဆီဂျင်တိုးပွားလာစေရန် တစ်ဖက်တစ်လမ်းက အထောက်အကူပေးသည်။

စပျစ်သီး၊ သစ်တော်သီး၊ ပန်းသစ်တော်၊ နာနတ်သီး၊ စပျစ်သီးခြောက်၊ ပင်မှည့်သီး၊ သဘာဝဟင်းသီးဟင်းရွက်ဖျော်ရည်နှင့် သစ်သီးစုံဖျော်ရည်တို့တွင် ဗီတာမင်အေ၊ ဗီတာမင်ဘီ၊ ဗီတာမင်စီနှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပြည့်ဝစွာပါရှိနေကြသည်။ ထိုကဲ့သို့ အောက်ဆီဂျင်ဓာတ်များ ပြည့်ဝနေသော အစားအစာများဖြစ်ကြသည့်အတွက် စားသုံးသူကို သွေးလေညှိပေးကာ ကျန်းမာစေသည်။

အရသာချဉ်ပြုံးပြုံးကီဝီသီးများက PH ပမာဏလွန်စွာမြင့်မားကာ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများလည်းပေါများလှသဖြင့် လူ့ခန္ဓာကိုယ်အတွက် လိုအပ်လျက်ရှိသော အောက်ဆီဂျင်ကို ကီဝီသီးတစ်နေ့တစ်လုံးစားခြင်းဖြင့် လုံလောက်စွာရရှိနိုင်သည်။

ကညွတ်၊ ရေညှိ၊ ကန်စွန်းရွက်တို့တွင် ရေဓာတ်ပါဝင်မှု ညွှန်းကိန်း ၈ ဒသမ ၅ ထိ မြင့်မားစွာပါရှိနေကြသည်။ ၎င်းတို့ကို စားသုံးခြင်းဖြင့် လူ့ခန္ဓာကိုယ်တွင်း အဆိပ်အတောက်ဖြစ်စေတတ်သော အက်စစ်များကို ပြေလျော့သွားကာ အောက်ဆီဂျင်တိုးပွားလာစေသည်။ ထို့ပြင် ၎င်းအစာအစာတွေက အမိုင်နိုအက်စစ်အစွမ်းသတ္တိရှိ၍ အာရုံကြောစနစ်ကို ကောင်းမွန်စေသည်။

အောက်ဆီဂျင် အမြောက်အမြားပါရှိသော သရက်သီး၊ သံပရာသီး၊ ဖရဲသီး၊ တရုတ်နံနံပင်၊ သင်္ဘောသီးတို့ကလည်း ကျောက်ကပ်ကို သဘာဝနည်းအတိုင်း သန့်ရှင်းပေးသည်။ ထို့ပြင် အစာခြေစနစ်ဆိုင်ရာ ဇီဝဖြစ်စဉ်လုပ်ဆောင်နေစဉ်အတွင်း အယ်လ်ကာလီကို မျှခြေဖြစ်စေကာကျင်ကြီး၊ ကျင်ငယ်အားလုံး ကောင်းစွာဆင်းသက်စေသည်။

သခွားမွှေးစားပါ။ ရေဓာတ်နှင့် အင်ဇိုင်းများ အပြည့်အဝပါရှိသော သခွားမွှေးသည်စားသုံးသူတိုင်း၏ ဟော်မုန်းဆိုင်ရာဂလင်းများ အားလုံးကို ကောင်းကျိုးပြုစေသည်။ ထို့ပြင် ပန်ကရိယကိုလည်း ကောင်းကျိုးပြု၍ ဆီးချို သွေးချိုဝေဒနာသည်များက သခွားမွှေးကို အထူးရွေးချယ်စားသင့် သည်။

ပင်လယ်စာအမျိုးမျိုးနှင့် အနီရောင်အသားတို့ကလည်း သွေးနီဆဲလ်များကောင်းစွာ တည်ဆောက်မှုကိုအားပေးသဖြင့် စားသုံးသူများအတွက် အောက်ဆီဂျင်ပြည့်ဝရန် တစ်ဖက်တစ်လမ်းမှ ကောင်းကျိုးပြုပေးနိုင်သည်။

အောက်ဆီဂျင်ပါဝင်မှု အမြင့်မားဆုံးအစားအစာစာရင်းထဲတွင် ပဲစေ့အမျိုးမျိုးလည်းတစ်ခုအပါအဝင်ဖြစ်သည်။ အထူးသဖြင့် ပဲပိစပ်၊ ပဲလွမ်းနီ၊ ပဲလွမ်းဖြူ၊ ကုလားပဲခြမ်းတို့က သံဓာတ်အားကောင်းစေကာ သွေးထဲတွင် အောက်ဆီဂျင်ရောက်ရှိအောင် ပံ့ပိုးပေးနိုင်သည်။

ဟင်းနုနယ်ရွက်၊ ပန်းဂေါ်ဖီစိမ်း၊ ကိုက်လန်၊ မုန်ညင်းစိမ်း၊ စိမ်းပြာရေညှိ၊ ဘာလီမြက် စသည့် စိမ်းရောင်ခြယ် ဟင်းသီးဟင်းရွက်အမျိုးမျိုးတွင် သဘာဝကလိုရိုဖီးဓာတ်များစွာပါရှိနေသဖြင့် ခန္ဓာကိုယ်အတွက် လိုအပ်နေသော အောက်ဆီဂျင်ကို ပေးစွမ်းနိုင်သည်။

အထက်ဖော်ပြပါ အစားအစာများဖြစ်သည့် ရှောက်သီး၊ ထောပတ်သီး၊ မုန်လာဥနီ၊ စပျစ်သီးခြောက်၊ ကြက်သွန်ဖြူ၊ စွန်ပလွံသီး၊ ပဲပင်ပေါက်၊ တရုတ်ဆီးသီး၊ အနီရောင်ပန်းသီး၊ စပျစ်သီး၊ သစ်တော်သီး၊ ပန်းသစ်တော်၊ ဂေါ်ရခါးသီး၊ နာနတ်သီး၊ ဟင်းသီးဟင်းရွက်ဖျော်ရည်များ၊ သစ်သီးဖျော်ရည်များ၊ ရေမှော်၊ စိမ်းပြာရေညှိ၊ ပန်းဂေါ်ဖီစိမ်း စသည်တို့ကလည်း အောက်ဆီဂျင်ကြွယ်ဝသော အကောင်းဆုံးအစားအစာများဖြစ်သည့်အပြင် ဗီတာမင်အေ၊ ဗီတာမင်အီး၊ ဗီတာမင်စီနှင့် Coenzyme Q10 တို့လည်းပါရှိနေကြ၍ ၎င်းဓာတ်ပေါင်းစုက ဓာတ်တိုးဆန့်ကျင်ပစ္စည်းအဖြစ် အစွမ်းအာနိသင်ဖြစ်စေသည်။

**Antioxidant ကလည်း အောက်ဆီဂျင်ကြွယ်ဝစေရန် ထောက်ပံ့နိုင်**

ဓာတ်တိုးဆန့်ကျင်ပစ္စည်း (Antioxidant) တစ်မျိုးကလည်း လူ့ခန္ဓာကိုယ်ရှိသွေးကြောများအတွင်း အောက်ဆီဂျင်ကြွယ်ဝစေရန် တစ်ဖက်တစ်လမ်းမှ အထောက်အကူပေးနိုင်သည်။ ထို့ကြောင့် ၎င်း Antioxidant ပြည့်ဝစွာပါရှိသော အစားအစာများဖြစ်ကြသည့် ကြက်သွန်ဖြူ၊ ချင်း၊ အုန်းဆီ၊ နနွင်းမှုန့်၊ လက်ဖက်စိမ်းရေနွေးကြမ်း၊ ဘယ်ရီသီးအမျိုးမျိုး၊ ပဲလွမ်းနီ၊ မုန်လာထုပ်၊ စတော်ဘယ်ရီ၊ ဆီးသီး၊ မက်မန်းသီးတို့ကို အခါအားလျော်စွာ စားပေးသင့်ပါသည်။

**ဗီဇပြောင်း ကိုဗစ်မျိုးကွဲအသစ်နှင့် အောက်ဆီဂျင်**

အရှေ့တောင်အာရှနှင့် အရှေ့အာရှနိုင်ငံများတွင် ၂၀၂၅ ခုနှစ် မေလအစောပိုင်းမှစ၍ ဗီဇပြောင်း အိုမီခရွန် ကိုဗစ်မျိုးကွဲအသစ်ဖြစ်သည့် JN.1 နှင့် XEC တို့ကူးစက်ပျံ့နှံ့မှု ပြန်လည်မြင့်တက်လာသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဇွန် ၁ ရက်မှ ဇွန် ၈ ရက် ရက်သတ္တပတ်အတွင်း ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၁ ဦးတွေ့ရှိထားသည်။ ထိုမျိုးကွဲအသစ်များသည် ရောဂါပြင်းထန်မှုကိုလျော့နည်းစေသော်လည်း ကူးစက်မှုကိုမူ မြန်ဆန်စေသည်။ အကယ်၍ ကိုယ်ခံအားနည်းသူများနှင့် နာတာရှည်ရောဂါရှိသူများတွင် ကိုဗစ်-၁၉ရောဂါဖြစ်လျှင် ရုတ်တရက်သွေးအတွင်း အောက်ဆီဂျင်ကျသည့် အခြေအနေများရှိလာတတ်သည့် သာဓကများစွာကိုလည်း မြန်မာပြည်တွင်း ကိုဗစ်-၁၉ရောဂါ ဒုတိယလှိုင်းနှင့်တတိယလှိုင်းတို့တွင် ကြုံခဲ့ဖူးပြီးဖြစ်သည်။ ထို့ကြောင့် ကိုဗစ်-၁၉ရောဂါပိုးများကို ခုခံနိုင်ရန်အတွက် ခန္ဓာကိုယ်ထဲမှာ အောက်ဆီဂျင်ပြည့်ဝနေဖို့လိုသည်။ ဦးနှောက်၏ အလေးချိန်သည် ခန္ဓာကိုယ်တစ်ခုလုံး၏ နှစ်ရာခိုင်နှုန်းအလေးချိန်ရှိပြီး အကယ်၍ ဦးနှောက်ထဲအောက်ဆီဂျင်ပြတ်လပ်ပါက အသက်အန္တရာယ်ကြုံတွေ့နိုင်သည်။

ယခုအခါ ကိုဗစ်-၁၉ရောဂါကို ကမ္ဘာ့ကပ်ရောဂါအဖြစ်သတ်မှတ်ထားခြင်းမရှိတော့ဘဲ ဒေသအတွင်း ပုံမှန်ကူးစက်ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားသည်။ ကိုဗစ်-၁၉ရောဂါကို ခုခံနိုင်ရန် လူသားတို့၏ နေ့စဉ်ဘဝတွင်လည်းကောင်း၊ လူ့ဘဝတစ်သက်တာလုံးကျန်းမာပျော်ရွှင်စွာ အသက်ရှည်ရှည်နေနိုင်ရေးအတွက်လည်းကောင်း အောက်ဆီဂျင်၏အခန်းကဏ္ဍက ရာနှုန်းပြည့်အရေးပါလှသည်။ အဖုအကျိတ်ကင်ဆာဆဲလ်များကလည်း အောက်ဆီဂျင်ကိုကြောက်သဖြင့် ကင်ဆာရောဂါအမျိုးမျိုးတို့မှ ကြိုတင်ကာကွယ်ထားရန်အတွက် မိမိခန္ဓာကိုယ်တွင်း အောက်ဆီဂျင်ပြည့်ဝနေဖို့လိုသည်။ ထို့ကြောင့် အထက်ဖော်ပြပါ ဘဝနေထိုင်မှု ပုံစံများအတိုင်း နေထိုင်၍ အောက်ဆီဂျင်ဓာတ်နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများကို သဘာဝနည်းအတိုင်း ဖြည့်တင်းပေးနိုင်သော အစားအစာများကို ရွေးချယ်စားသုံးကြစေလိုပါကြောင်းရေးသားလိုက်ရပါသည်။

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၄၂၉၆ ကေထိ စိုက်ပျိုးပြီးစီး


ယခင်နှစ်က ပဲစင်းငုံစိုက်ခင်းကို တွေ့ရစဉ်။

ကျောက်မြောင်း ဇွန် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၄၂၉၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ဧက ၅၈၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလ တတိယပတ်မှ စတင်စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ၄၂၉၆ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်း မြို့နယ်ခွဲမှာ ပဲစင်းငုံသီးနှံဧက ၅၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးသွားပါမယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ နည်းပညာပေး ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်" ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ယခုနှစ် ကျောက်မြောင်းမြို့နယ်ခွဲတွင် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်း ကောင်းမွန်ရေးအတွက် ကွင်းဆင်း အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို တစ်ဧကပန်းတိုင် အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေးဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# မြိတ်မြို့နယ် ကျွဲကူးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး


မြိတ် ဇွန် ၂၂

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျွဲကူးကျေးရွာ၌ တိုင်းဒေသကြီးရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဇွန် ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများမှ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြိတ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်တင်တင်စိုး မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့်ဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကျွဲကူးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တင်ဒါရကုမ္ပဏီက လက်ရှိ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ရှေ့ဆက်လုပ်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ကို ရှင်းလင်းတင်ပြပြီးနောက် ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မြိတ်မြို့နယ် ကျွဲကူးကျေးရွာ ၌ လမ်းအရှည် ၂၉၄၄ ပေ၊ အကျယ် ၁၈ ပေ၊ အမြင့် ခုနစ်လက်မရှိ ကျေးလက်ကုန်ထုတ်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၃၈၀ ဒသမ ၄၅ သန်းဖြင့် ထူးထူးထက်ကုမ္ပဏီမှတာဝန်ယူ၍ ဇွန်တတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်း ၂၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ကိုညို






ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)ပြည်ညောင်တို့မှ
ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား
စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။




ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၃၂၇
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀




ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
PURE ARABICA COFFEE






ပင်ရင်းအရောင်းဌာန -ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## ကန့်ကွက်လွှာခေါ်ယူခြင်းကြေညာစာ

မြင်းခြံမြို့၊ အမှတ်(၁)တိုးချဲ့ရပ်ကွက်၊ အကွက်အမှတ် F-၇၆ ရှိ မြေကွက်ပေါ်တွင် ဦးဇော်မိုးလွင် (၉/မခန(နိုင်)၁၀၇၈၂၁)ကိုင်ဆောင်သူမှ အလျား ၂၅'-၀"၊ အနံ ၃၀'-၀"၊ ဝါးထရံကာ (၁)ထပ်အဆောက်အဦးဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦးနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## ကန့်ကွက်လွှာခေါ်ယူခြင်းကြေညာစာ

မြင်းခြံမြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်-၁င၊ ဦးပိုင်အမှတ်-၁၇(င)ရှိ မြေကွက်ပေါ်တွင် ဦးမြင့်သူ(၉/မခန(နိုင်)၀၂၅၇၈၂)ကိုင်ဆောင်သူမှ အလျား ၆၀'-၀"၊ အနံ ၃၀'-၀"၊ IronFrame (၁)ထပ်အဆောက်အဦးဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦးနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## ပျောက်ဆုံးကြောင်း

မူဆယ်မြို့၊ (၄၇၂)၊ စွမ်းစော်(၂)လမ်းနေ မရန်ယုံရှမ်း (ဘ) ဦးရန်ကြည်ဝင်း(၁၃/တမည(နိုင်)၀၀၂၈၈၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၆၆၆၆၃၃၆၄၃

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ သဲပုံအုပ်စု၊ ရင်ဇင်းကျေးရွာ၊ သဲကုန်းအထက(ခွဲ) Grade(11)တွင် ပညာသင်ကြားနေသော မအေးမိုး၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအောင်မျိုးဖြစ်ပါကြောင်း။

ဦးအောင်မျိုး(၉/သစန(နိုင်)၁၀၀၀၅၂)

## အမည်ပြောင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ CAE ကိုယ်ပိုင်အထက်တန်းကျောင်း၊ G-12 တွင်ပညာသင်ကြားနေသော (ဘ) ဦးဆဲဗင်းမိုး၏သား မောင်စိုင်းဘုန်းဇော်အား မောင်စိုင်းသာထက်အောင်ဟုလည်းကောင်း၊ G-10 မှ မောင်စိုင်းအောင်အောင်သန့်အား မောင်စိုင်းအောင်ဘုန်းမြင့်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မောင်စိုင်းသာထက်အောင်
မောင်စိုင်းအောင်ဘုန်းမြင့်

## ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၅)နေ မခေါန်ပန်ကွေ့ (ဘ) ဦးဂျားဝါန်(၁၃/လရန(နိုင်)၀၅၃၈၈၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။


၀၉-၆၉၉၇၄၆၆၂၇

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ဂရိတ်ဖရုသီးသည် ကင်ဆာဖြစ်စေသောအင်ဇိုင်းကို ဟန့်တားပေးသည်။ ဆေးလိပ်ဖြတ်ပြီးနောက်ပိုင်း အဆုတ်သန့်ရှင်းရေးအတွက် အထူးကောင်းမွန်သည်။



COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



သန့်ရှင်းသောရေကို သောက်ပေးခြင်းဖြင့် အဆုတ်၏ရေဓာတ်ကို ထိန်းသိမ်းပေးပြီး ချွဲ၊ သလိပ်၊ နှပ်၊ နှာရည် စသည့်စွန့်ပစ်ပစ္စည်းများကို အလွယ်တကူထိမ်ထွက်ရှိလာပြီး အဆုတ်ကို သန့်စင်စေသည်။

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

❖ **အားကစားကို မြှင့်တင်ဆောင်ရွက်ခြင်းကို မွန်မြတ်သည့်လုပ်ငန်းစဉ်တစ်ရပ်၊ နိုင်ငံတော်အတွက် အရေးပါသည့် အမျိုးသားရေးတာဝန်တစ်ရပ်ကဲ့သို့ တန်ဖိုးထားပြီး ဆောင်ရွက်ကြမည်ဆိုပါက နိုင်ငံအတွက် စိတ်ဓာတ်စည်းကမ်းကောင်းမွန်ပြီး ကျန်းမာကြံ့ခိုင်သည့်၊ စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံကို အကျိုးပြုနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးနိုင်မည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ် ပဉ္စမ အကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# တာချီလိတ်မြို့နယ်တွင် ငွေကျပ် ၂၁၁၄ သိန်းတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ




တရားခံ အိုက်လွှ၊ စိုင်းဆိုင်၊ စိုင်းခေးခမ်းနှင့် စိုင်းယီ(ခ)ကျိုင်းယီတို့ကို သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဇွန် ၂၂**

တာချီလိတ်မြို့နယ်တွင် ငွေကျပ် ၂၁၁၄ သိန်းတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့နံနက်ပိုင်းက သတင်းအရ တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု မယ်ယန်းကျေးရွာရှိ ဒေါ်နန်းဝိုးခမ်း၏ အိမ်ငှားတိုက်ခန်းကို ဝင်ရောက်ရှာဖွေရာ အခန်းအမှတ်(၆)တွင် စိုင်းယီ(ခ)ကျိုင်းယီ၊ အိုက်လွှ၊ စိုင်းဆိုင်နှင့် စိုင်းခေးခမ်းတို့ လေးဦးနှင့်အတူ အက်တက်စီဆေးပြား ၅၀၆၀ (တစ်ပြားလျှင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၀၂၄ သိန်း)၊ ကက်တမင်း သုညဒသမ ၅၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၅၅ သိန်း)၊ ERIMIN 5 ဆေးပြား ၇၀၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၃၅ သိန်း)နှင့် စိတ်ပြောင်းဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသော အပြာရောင်မွှေစက်တစ်လုံးနှင့်

စာမျက်နှာ ၂၂ ကော်လံ ၁ ☆

**ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် ဒေသများ၌ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ**

စာမျက်နှာ- ၂၁

## ထူးခြားသည့် နေ့အပူချိန်များ

(၂၂-၆-၂၀၂၅)

| | | | | |
|---|---|---|---|---|
| မြင်းမူ | ၃၇ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၆ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်လေးပင် | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပခုက္ကူ | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ရွှေဘို | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ရေဦး | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မချမ်းဘော | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

# စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၀၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇွန် ၂၂**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ

စာမျက်နှာ ၂၂ ကော်လံ ၁ ❑

